ကြေးမုံ The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (15-10-2015) (၈၃၅၄)

### မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတွင် ဤ မေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

သတင်း စာမျက်နှာ - ၃



# ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်း၍

## မော်ချီးဒေသရှိ ဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ



မော်ချီးဒေသရှိ သဘာဝဘေးသင့်ပြည်သူများအား တပ်မတော်သားများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။ (မြဝတီ)

**နေပြည်တော် အောက်တိုဘာ ၁၄**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့က အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပွားကာ နေအိမ်အချို့ ပြိုကျပျက်စီးမှုကြောင့် သေဆုံးမှုနှင့် ပျောက်ဆုံးမှုများအပါအဝင် ဒဏ်ရာရရှိမှုကြုံခဲ့ရသည်။ ထိုသဘာဝဘေးသင့်မှုများ ကြုံတွေ့ခဲ့ရမှုအပေါ် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်း၍ မော်ချီးဒေသရှိ ဘေးသင့်ပြည်သူများအား အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်တွင် မော်ချီးတောင်ပေါ်ဒေသ ၁၅ ရပ်ကွက်မှ နေအိမ် ၂၉ လုံး၊ ဇီးပင်ကွေ့ ၁၆ ကုန်းမှ နေအိမ် ၂၉ လုံး စုစုပေါင်း နေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ရာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၇ ဦး သေဆုံးခဲ့ပြီး အမျိုးသား နှစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ခြောက်ဦး ပျောက်ဆုံးလျက်ရှိသဖြင့် အောက်တိုဘာ ၁၁ ရက် ညပိုင်းမှစပြီး အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဘေးသင့်အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၃၆၉ ဦးအား မော်ချီး အထကနှင့် လိုခါးလို တိုက်နယ်ဆေးရုံများတွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားပေးပြီး ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၂ ရက်က ဘောလခဲတပ်နယ်မှ စစ်ဗျူဟာမှူးနှင့် ဖားဆောင်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများသည် ဖားဆောင်း-မော်ချီး လမ်းကြောင်းတစ်လျှောက်တွင် မြေပြိုပြီး လမ်းပိတ်ဆို့မှုများကို ရှင်းလင်းခဲ့ကြောင်း၊ အောက်တိုဘာ ၁၃ ရက်ကလည်း ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)မှ နယ်မြေခံ တပ်မတော်သားများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မော်ချီးတောင်ပေါ်ကျေးရွာ၊ ယူကော်ခိုကျေးရွာနှင့် ဇီးပင်ကွေ့ကျေးရွာတို့မှ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ***



ကြေးမုံစာတည်းရှုထောင့် | ၁၅-၁၀-၂၀၁၅၊ ကြာသပတေးနေ့

# မှန်ကန်သောနေထိုင်စားသောက်မှု

မျက်မှောက်ကာလ၌ ပြည်သူအများစုတွင် အရွယ်သုံးပါးမရွေး ရောဂါထူပြောလာသည်ကို တွေ့ရသည်။ ရောဂါထူပြောလာသောကြောင့် သက်တမ်းစေ့မနေနိုင်ဘဲ အချိန်မတိုင်မီ ကြွေလွင့်ကြသည်ကို နာရေးစာမျက်နှာတွင် နေ့စဉ်မြင်တွေ့နိုင်ပါသည်။ ဆေးရုံ၊ ဆေးခန်းများတွင် နေ့စဉ်နှင့်အမျှ ဆေးကုသမှုခံယူကြသူများမှာ အရွယ်စုံပင်ဖြစ်သည်။

အဖြစ်များသောရောဂါများမှာ သွေးတိုး၊ သွေးကျ၊ နှလုံး၊ ဆီးချို၊ သွေးချို၊ အဆီဖုံး၊ အဝလွန် စသည့်ရောဂါများဖြစ်ပြီး အရွယ်သုံးပါးမရွေး အဖြစ်များလာသည်ကို တွေ့ရပါသည်။ အမှန်တွင် အသက်အရွယ်ရမှ ရောဂါဖြစ်ပွားတတ်သော်လည်း ယခုအခါ ငယ်ရွယ်စဉ်ပင် ရောဂါဝင်လာသည်ကို တွေ့ရသည်။ ဖြစ်ပွားရသည့် အကြောင်းအရင်းမှာ အစားအသောက်နှင့် နေထိုင်မှုပုံစံ မမှန်သောကြောင့်ဖြစ်ရသည်ကို သိရှိလာကြသည်။

ဆက်စပ်သည့် အကြောင်းတရားများမှာ တိုးတက်လာသော ခေတ်နှင့်အညီ လူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာမှ အခြားတစ်ဖက်တွင်လည်း ဆိုးကျိုးများကပ်ပါလာခြင်းဖြစ်သည်။ ခေတ်မီစက်ပစ္စည်းကိရိယာများပေါ်များလာသောအခါ လူတို့သည် မိမိကိုယ်ကို အားမကိုးဘဲ စက်များကို အားကိုးလာကြသည်။ စက်အားကိုးဖြင့် သက်သောင့်သက်သာနေထိုင်လာကြသည်။ ထိုအကျင့်ဆိုးသည် လူတို့ကိုယ်လက်လှုပ်ရှားမှုနည်းပါးပြီး ကိုယ်အပူချိန်လျော့ကျလာသည်။

ဆက်သွယ်ရေးကိရိယာများဖြစ်ထွန်းလာသောအခါ အချိန်နှင့်တစ်ပြေးညီ မြန်ဆန်စွာ အသိပေးနိုင်သကဲ့သို့ လူစီးယာဉ်များအသုံးပြုကာ ခြေထောက်အားကိုးသွားရောက်မှုမရှိသလောက်ဖြစ်လာသည်။ ရောက်သည့်အရပ်တွင် ဇိမ်ခံပစ္စည်းများရှိလာသဖြင့် လှုပ်ရှားမှုနည်းပါးလာသည်။ လေအေးပေးကားပေါ်မှ လေအေးပေးအခန်းတွင်းသို့ရောက်သည်။ ထိုင်ခုံတွင် ဇိမ်ကျကျထိုင်ကာ မလှုပ်မယှက် အလုပ်လုပ်သည်။ အနားယူသည်။ ထိုအခါ ကိုယ်လက်လှုပ်ရှားမှုနည်းပြီး ကိုယ်အပူချိန်ကျဆင်းလာသည်။

လူသည် သွေးနွေးသတ္တဝါဖြစ်သည်။ သွေးနွေးမှသာ အသက်ရှင်ရပ်တည်နေထိုင်နိုင်သည်။ ကိုယ်ခံအားစနစ် ကောင်းလာသည်။ ကိုယ်အပူချိန်ကျဆင်းသောအခါ မကျန်းမာသည့် လက္ခဏာများဖြစ်လာသည်။ အိပ်ရာထချိန်သည် ပေါ့ပါးလန်းဆန်းနေရမည်ဖြစ်သော်လည်း လေးလံထိုင်းမှိုင်း မလန်းမဆန်းဖြစ်လာသည်။ စိတ်မကြည်လင်၊ အသက်ရှူမဝ၊ နှလုံးခုန်မမှန်၊ အကြောအခြင်တက်၊ မောပန်းနေတတ်သည်။ ကျန်းမာရေးမကောင်းသူ နံနက်ပိုင်း ရောဂါဖောက်သကဲ့သို့ ဖြစ်လာသည်။

နံနက်ပိုင်းတွင် ထိုသို့ဖြစ်ရခြင်းသည် လှုပ်ရှားမှုမရှိ ငြိမ်သက်စွာအိပ်စက်ခြင်းဖြင့် သွေးနွေးလာကာ ကိုယ်အပူချိန်ကျဆင်းလာခြင်းဖြစ်သည်။ ဥပမာအားဖြင့် မြန်မာပြည်အလယ်ပိုင်းမှ ပြည်သူများသည် ပူအိုက်ခြင်းကို နှစ်သက်ကြပြီး အေးပြီးစွတ်စိုသည်ကို မနှစ်သက်ကြပေ။ အဘယ်ကြောင့်ဆိုသော် ပူလျှင်ကျန်းမာပြီး အေးလျှင် နေထိုင်မကောင်းဖြစ်ချင်ကြသည်။ မြို့နေအထက်တန်းကျ လူတန်းစားများမှာ ပူအိုက်ခြင်းကို မနှစ်သက်ကြပေ။ ပူအိုက်လျှင် လေအေးပေးစက်အကူအညီဖြင့် အေးစက်စွာနေထိုင်ကြသည်။ ထိုအခါ ကျန်းမာရေးတွင် ကွာခြားလာသည်။ ယင်းကိုတုံ့ပြန်နိုင်ရန် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု နာရီဝက်ခန့်ပြုလုပ်သင့်သည်။

ကိုယ်အပူချိန်ကျခြင်းနှင့် ကျန်းမာရေးနှင့်မညီညွတ်ခြင်းတွင် အထိုင်များခြင်း၊ အစားအသောက် မမှန်ခြင်း၊ မပြည့်စုံခြင်း၊ အိပ်စက်မှုပုံစံမမှန်ခြင်း၊ ဝတ်စားဆင်ယင်မှုမမှန်ခြင်း၊ ဆေးဝါးမှီဝဲမှုများခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ ဟော်မုန်းဓာတ်ချို့ယွင်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ လူသုံးစက်ပစ္စည်းများကို အသုံးပြုမှုများခြင်းစသည်တို့သည် ကိုယ်အပူချိန်ကျဆင်းစေပြီး ကျန်းမာရေးချို့ယွင်းမှုများဖြစ်လာစေသည်။

ခေတ်မီတိုးတက်ခြင်း မရှိသေးသောအခါက လူတို့သည် အရာရာတွင် ကိုယ့်အားကိုယ်ကိုးပြုကြရသည်။ ထိုအခါ လူအများစုသည် ကျန်းမာကြသည်။ ဆေးရုံ၊ ဆေးခန်း အားကိုးမှုနည်းသည်။ အသက်အရွယ်ကြီးရင့်မှသာ နာမကျန်းမှုများ ဖြစ်တတ်သည်။ သက်တမ်းစေ့နေနိုင်ကြသည်။ ယခုအခါ လူတို့သည် ရောဂါဘယများနှင့် အရွယ်သုံးပါးမရွေး ရင်ဆိုင်လာရသည်။

ထို့ကြောင့် မိမိကိုယ်သာအားကိုးကြပြီး ကျန်းမာစေသော နေထိုင်စားသောက်မှုပုံစံများကို ဂရုပြုနေထိုင်ခြင်းဖြင့် မိမိကိုယ်ကို ကျန်းမာအောင် စောင့်ရှောက်ထိန်းသိမ်းသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးမှုအကူအညီများ ဆက်လက်ပေးအပ်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ကုလသမဂ္ဂUNDP ရုံးမှ Country Director ဖြစ်သူ Mr.Toliy Kurbanov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီ တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် Mr.Kurbanov က ငါးနှစ်တာဝန်ထမ်းဆောင်မှု သက်တမ်းအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ရွက်မှုများမှာ ဥပဒေရေးရာတွင် အားရဖွယ်ရှိပါကြောင်း၊ ရှေ့ဆက်၍ ဥပဒေအရာရှိများ၊ ခေတ်မီတရားစွဲအမှုလိုက်ပညာ လေ့လာမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဥပဒေအရာရှိများ ထိတွေ့ဆောင်ရွက်မှုများကို သိရှိလိုပါကြောင်း မေးမြန်းဆွေးနွေးသည်။

အဆိုပါမေးမြန်းမှုအပေါ် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအရာရှိများကို ဥပဒေပညာတိုးပွားစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်မှုများစွာရှိကြောင်း၊ ဥပဒေအသိပညာနှင့် တရားစွဲအမှုလိုက်ပညာ နယ်ပယ်ပိုမိုကျယ်ပြန့်အောင် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ဥပဒေရေးရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအား ကျေနပ်ပါကြောင်း ရှင်းလင်းပြောကြားရာ Mr.Kurbanov က ငါးနှစ်တာကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ရွက်ချက်များအား မိမိတို့အဖွဲ့အစည်းသာမက ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးကပါ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးခဲ့မှုအပေါ် ဂုဏ်ယူမိပါကြောင်း၊ ရှေ့ဆက်လက်၍ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးမှုအကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားသည်။

အလားတူ ညနေ ၅ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Paul R.Seger ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံဆွေးနွေးရာ၌ သံအမတ်ကြီးက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ နိုင်ငံတကာတွင် ဂုဏ်သတင်းနှင့် ဥပဒေရေးရာများတွင် အဓိကအခန်းကဏ္ဍမှ ထိရောက်စွာ ဆောင်ရွက်မှုများအား ကြားသိရပါသဖြင့် ယခုကဲ့သို့ လာရောက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်တစ်ဦးဖြစ်သည်နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေပြုရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ Convention များ အတည်ပြုရေးတွင် ပါဝင်ဆောင်ရွက်မှုများကိုလည်း သိရှိလိုပါကြောင်း၊ ဆွစ်ဇာလန်နိုင်ငံအနေဖြင့်လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးအပ်လိုပါကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကဏ္ဍနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပါဝင်ပုံတို့ကို အသေးစိတ်ရှင်းပြပြီး နှစ်ဖက်ဥပဒေရေးရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၈၅၀၀ | - | ၇၉၉၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၈၅၀၀ | - | ၇၉၉၅၀၀ |


**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၃. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂. ၆၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၁၀၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၃၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၃၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၄. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၅၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၇. ၆၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၈. ၇၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




## အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အလုပ်ရှင်၊ အလုပ်သမားများအား အလုပ်သမားဥပဒေရေးရာ အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစောနိုင်က အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲနှင့်ပတ်သက်၍ လည်းကောင်း၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာလေးက မိမိဌာနနှင့်သက်ဆိုင်သည့် ဥပဒေများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကိုကိုက လူမှုဖူလုံရေးဥပဒေအား လည်းကောင်း၊ တိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြစန်းရီက မိမိဌာနနှင့်သက်ဆိုင်သည့်ဥပဒေများအား လည်းကောင်း၊ တိုင်းဒေသကြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်အေးအေးသန်းက အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအား လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **ကျော်ကျော်**(IPRD)

## မိုးရေတိုက်စားမှုကြောင့် ကားလမ်းပျက်စီး

**တံတားဦး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်၌ အောက်တိုဘာ ၁၀ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယမန်နေ့ နံနက် ၈ နာရီက ခရိုင်ချင်းဆက်မြို့တက်လမ်းဖြစ်သော တံတားဦးမြို့နယ် ချောင်းခွကျေးရွာ၏ မြောက်ဘက် ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ်(၃၉၃/၅)နှင့် (၃၉၃/၆)အကြား သစ်သားတံတား၏ တောင်နှင့်မြောက် ဆက်သွယ်ထားသောသစ်သားတံတား အောက်အခြေကပ်လျက်တွင် မိုးရေတိုက်စားခဲ့ရာ လမ်းဘေးတစ်ဖက်တစ်ချက် သုံးပေခန့်စီ ပျက်စီးသွားရာ ကားလမ်းမှာ အကျယ်လေးပေခန့်သာကျန်ရှိကြောင်း သိရသည်။

အဆိုပါ ကားလမ်းမိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသဖြင့် ကားများမောင်းနှင်၍မရတော့ဘဲ ဆိုင်ကယ်များသာ မောင်းနှင်သွားလာလျက်ရှိပြီး ပျက်စီးသွားသောကားလမ်းအား ပြုပြင်နိုင်ရေး ချောင်းခွကျေးရွာ အုပ်ချုပ်ရေးမှူးက တံတားဦးမြို့နယ် ဆောက်လုပ်ရေး(လမ်း/တံတား)ဌာနသို့ ဆက်လက်အကြောင်းကြားထားကြောင်း သိရသည်။

**ရဲတင့်**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဗိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကေ ဒဗလျူ အင်န်ဒီ ကရူနာရတ် နေသည် ယနေ့ နံနက်၁၀နာရီခွဲတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အိုလီဗီယာ ရစ်ချက်သည် ယနေ့နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒီမက်ထရီ အို့စ် အေ သီအိုဖီလက်တိုသည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်းတို့၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ် ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆိုက်ပရပ်စ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒီမက်ထရီ အို့စ် အေ သီအိုဖီလက်တိုတို့ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကေ ဒဗလျူ အင်န်ဒီ ကရူနာရတ် နေ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အိုလီဗီယာ ရစ်ချက်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## သံအမတ်ကြီး ဦးသာအောင်ညွန့်အား ဂါနာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဂါနာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ပိုလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ပိုလန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမျိုးအေးအား ဆားဗီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးအား ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဦးလွင်ဦးအား နီပေါနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးလွင်ဦးအား နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# လိုအပ်မည်ဆိုပါက တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ဂျပန်ကာကွယ်ရေးတပ်မတော် ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပြောကြား

**ဆိုးလ် အောက်တိုဘာ ၁၄**

တောင်ကိုရီးယားအစိုးရအနေဖြင့် ဂျပန်ကာကွယ်ရေးတပ်မတော်အား အမှန်တကယ် လိုအပ်မည်ဆိုပါက နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ဟွမ်းကျိုးအန်က ပါလီမန်တွင် အောက်တိုဘာ ၁၄ ရက်က ပြောကြားခဲ့သည်။

ယနေ့ ပါလီမန်တွင် ဂျပန်နိုင်ငံ၏ မကြာသေးမီက ပြဋ္ဌာန်းခဲ့သည့် လုံခြုံရေးဆိုင်ရာဥပဒေနှင့် စပ်လျဉ်းပြီး မေးမြန်းသည့်မေးခွန်းကို တောင်ကိုရီးယားဝန်ကြီးချုပ်က အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်တွင် အရေးပေါ်အခြေအနေ ရောက်ရှိနေစဉ်အတွင်း ဂျပန်နိုင်ငံသားများအား ကယ်တင်ရန် ဂျပန်ကာကွယ်ရေးတပ်မတော်ကို စေလွှတ်မည်ဆိုပါက မည်သို့တုံ့ပြန်မလဲဆိုသည်ကို တောင်ကိုရီးယားဝန်ကြီးချုပ်အား ပါလီမန်တွင် မေးမြန်းခဲ့သည်။

ထိုကဲ့သို့ အရေးပေါ်အခြေအနေရောက်ရှိခဲ့မည်ဆိုလျှင် အရေးကိစ္စနှင့်စပ်လျဉ်းပြီး ဂျပန်အစိုးရနှင့် ပထမဦးစွာ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ယင်းနောက် အမှန်တကယ်လိုအပ်ပါက ဂျပန်ကာကွယ်ရေးတပ်မတော်ကို နိုင်ငံ အတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြန်လည်ဖြေကြားခဲ့သည်။

ဂျပန်ကာကွယ်ရေးတပ်မတော် နိုင်ငံအတွင်းသို့ ဝင်ရောက်မှုမှာ ဂျပန်နိုင်ငံသားများအား ကယ်တင်ခြင်းသက်သက်မဟုတ်ဘဲ အခြားရည်ရွယ်ချက်များရှိနေပါက တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ယခင်က ဂျပန်နိုင်ငံ၏ ကျူးကျော်ဝင်ရောက်မှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် ဂျပန်ကာကွယ်ရေးတပ်မတော်ကို ယနေ့ထိတိုင်ဆန့်ကျင်လျက်ရှိသည်။

ဂျပန်ကာကွယ်ရေးတပ်မတော်သည် နိုင်ငံအတွင်း ဝင်ရောက်ရန် မည်သို့ပင် တောင်းခံမှုပြုသော်လည်း တောင်ကိုရီးယားအစိုးရ၏ သဘောတူညီခွင့်ရရှိမှသာလျှင် ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ယခင်ကပြောထားပြီးဖြစ်ကြောင်းသိရသည်။

ယနေ့ပါလီမန်တွင် ဝန်ကြီးချုပ်က တောင်ကိုရီးယားအစိုးရ၏ ရပ်တည်ချက်နှင့်အညီ ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# တရုတ်အရာရှိ ၇၀၀ နီးပါး အလွဲသုံးစားမှုဖြင့် နာမည်ပျက်စာရင်း သွင်းခံရ

**ပေကျင်း အောက်တိုဘာ ၁၄**

အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအေဂျင်စီက တရုတ်အရာရှိ ၆၈၆ ဦးကို နွေဦးရာသီလယ်ကာလနှင့် နိုင်ငံတော်အားလပ်ရက်များအတွင်း ခြိုးခြံချွေတာရေးစည်းမျဉ်းများကို ချိုးဖောက်မှုဖြင့် နာမည်ပျက်စာရင်းတွင် အောက်တိုဘာ ၁၄ ရက်၌ ထည့်သွင်းသတ်မှတ်ခဲ့သည်။

၎င်းတို့အနက် ၆၆ ဦး ရာထူးမှထုတ်ပယ်ခံရပြီး ၃၅ ဦးမှာ တရုတ်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခံခဲ့ရသည်ဟု တရုတ်ကွန်မြူနစ်ပါတီ၏ စည်းကမ်းထိန်းသိမ်းရေးဗဟိုကော်မရှင်က ထုတ်ပြန်ကြေညာသည်။ ၇၈ ဦးမှာ ၎င်းတို့၏ လက်အောက်ငယ်သားများကို စည်းကမ်းပိုင်းနှင့်ပတ်သက်၍ ကိုင်တွယ်ထိန်းသိမ်းနိုင်ခြင်းမရှိသည့် အရာရှိများဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စည်းကမ်းချိုးဖောက်မှုအများဆုံးဖြစ်ပွားသည့်ကာလမှာ အားလပ်ရက်များတွင် ဖြစ်သည်။ အခြားသော စည်းကမ်းချိုးဖောက်မှုများမှာ တံစိုးလက်ဆောင်များ လက်ခံရယူခြင်း၊ ပြည်သူပိုင်မော်တော်ယာဉ်များကို တရားမဝင်အသုံးပြုခြင်းနှင့် ပျော်ပွဲရွှင်ပွဲများတွင် အလွန်အကျွံသုံးဖြုန်းခြင်းများ ဖြစ်ကြသည်။

**ဆင်ဟွာ။**




# အွန်လိုင်းမှတစ်ဆင့် ဆေးဝါးရောင်းချမှု ဆေးဆိုင်များနှင့် ဆေးဝါးဖော်စပ်သူများကန့်ကွက်

**နယူးဒေလီ အောက်တိုဘာ ၁၄**

အိန္ဒိယနိုင်ငံ၌ အွန်လိုင်းမှတစ်ဆင့်ဆေးဝါးရောင်းချမှုကို အစိုးရက ခွင့်ပြုပေးနိုင်ရန် ဦးတည်ဆောင်ရွက်နေခြင်းနှင့်ပတ်သက်၍ ဆေးဆိုင်များနှင့် ဆေးဝါးဖော်စပ်သူများက အောက်တိုဘာ ၁၄ ရက်တွင် တစ်ရက်ကြာသပိတ်မှောက်သည့်အနေဖြင့် ၎င်းတို့၏ ဈေးဆိုင်များကို ပိတ်ထားကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အွန်လိုင်းမှတစ်ဆင့်ဆေးဝါးရောင်းချခြင်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုကို အစိုးရက ထိန်းချုပ်ကန့်သတ်ပေးရန် ရည်ရွယ်လျက် အိန္ဒိယပြည်လုံးဆိုင်ရာ ဆေးဝါးဖော်စပ်သူများနှင့် ဆေးဝါးလက်လီရောင်းချသူများအဖွဲ့ချုပ်က ကန့်ကွက်ဆန္ဒပြခြင်းဖြစ်သည်။

အွန်လိုင်းမှတစ်ဆင့် ပြည်သူတို့အား ဆေးဝါးရောင်းချခြင်းသည် ဆေးနှင့် ဆေးပစ္စည်းရောင်းချခြင်းဆိုင်ရာ တည်ဆဲဥပဒေစည်းမျဉ်းများကို လိုက်နာမှုလျော့ရိလျော့ရဲဖြစ်စေနိုင်သဖြင့် သုံးစွဲသူပြည်သူတို့ဘေးဥပဒ်ရောက်စေနိုင်ကြောင်း အဆိုပါအဖွဲ့ချုပ်၏ ဥက္ကဋ္ဌဂျေအက်စ်ရှင်ဒီးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်နှစ်မှစ၍ ကုမ္ပဏီများက အွန်လိုင်းမှတစ်ဆင့် ဆေးဝါးရောင်းချမှု စတင်ပြုလုပ်လာခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၏ ဆေးဝါးရောင်းဝယ်ရေးဈေးကွက်မှာ ကြီးမားလှပြီး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ငွေကြေးလည်ပတ်နေသော လုပ်ငန်းကြီးဖြစ်သည်။

အင်တာနက်မှတစ်ဆင့် လက်လီရောင်းချပေးသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တိတိကျကျရေးဆွဲထားသော ဥပဒေစည်းမျဉ်းများမရှိသေးသဖြင့် ဆေးဝါးအလွဲသုံးမှုပြဿနာများ ဖြစ်ပေါ်လာနိုင်ခြင်းကို ဆေးဆိုင်များနှင့် ဆေးဝါးဖော်စပ်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

အွန်လိုင်းမှတစ်ဆင့် ဆေးဝါးရောင်းချမှုနှင့်ပတ်သက်၍ ဥပဒေစည်းမျဉ်းများ ရေးဆွဲနိုင်ရေးအတွက် လမ်းညွှန်ချက်များကို အစိုးရအဖွဲ့ကရေးဆွဲနေဆဲဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

**ပီတီအိုင်။**

## စီးပွားရေးသူလျှိုလုပ်မှု မဟုတ်မှန်ကြောင်း တရုတ်ပါမောက္ခတစ်ဦး ပြောကြား

**ပေကျင်း အောက်တိုဘာ ၁၄**

အမေရိကန်ပြည်ထောင်စုရှိ တရုတ်ပညာရှင်များနှင့် အင်ဂျင်နီယာများသည် ခွဲခြားဆက်ဆံခံနေရပြီး နည်းပညာရပ်များကို ခိုးယူနေသူများဖြစ်ကြသည်ဟု အမေရိကန်အစိုးရအဖွဲ့၏ သင်္ကာမကင်းဖြစ်မှုကို တွေ့ကြုံခံစားနေကြရကြောင်း အမေရိကန်ပြည်ထောင်စု၌ စီးပွားရေးသူလျှိုပြုလုပ်မှုဖြင့် စွပ်စွဲခံရသူ တရုတ်ပါမောက္ခတစ်ဦးက ပြောကြားသည်။

အမေရိကန်အစိုးရအဖွဲ့သည် မိမိကို မတရားသဖြင့် စွပ်စွဲခြင်းသာဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၌ အလုပ်လုပ်နေကြသော တရုတ်အမျိုးသားများ၊ ပညာဆည်းပူးနေကြသော တရုတ်အမျိုးသားများသည်လည်း အဆင့်မြင့်နည်းပညာရပ်များကို ခိုးယူနေကြသည်ဟု စွပ်စွဲခံကြရကြောင်း တရုတ်နိုင်ငံ ထျင်ကျင်းတက္ကသိုလ်မှ ပါမောက္ခကျန်ဟောင်က ဂလိုဘယ်တိုင်းမ်စ်သတင်းစာသို့ ပြောကြားသည်။

လွန်ခဲ့သည့် မေလက အမေရိကန်ပြည်ထောင်စု၌ စီးပွားရေးသူလျှိုလုပ်မှုဖြင့် စွဲချက်တင်ခံရသူ ခြောက်ဦးအနက် တစ်ဦးမှာ ပါမောက္ခကျန် ဖြစ်သည်။ အဆိုပါ တရုတ်အမျိုးသားခြောက်ဦးသည် စစ်လက်နက်နည်းပညာ၌ အသုံးအများဆုံး နည်းပညာရပ်များအား သုတေသနပြုလုပ်နေသည့် အမေရိကန် ကုမ္ပဏီနှစ်ခုထံမှ လျှို့ဝှက်ချက်များကို ခိုးယူခဲ့ကြသည်ဟု အမေရိကန်အာဏာပိုင်များက ပြောကြားကြသည်။

**ရိုက်တာ။**

## သမ္မတဟောင်း၏ နိုင်ငံခြားဘဏ်စာရင်းနှင့် ပတ်သက်၍ သီရိလင်္ကာအစိုးရ စုံစမ်းစစ်ဆေးမည်

**ကိုလံဘို အောက်တိုဘာ ၁၄**

သီရိလင်္ကာသမ္မတဟောင်း၏သားဖြစ်သူ ပိုင်ဆိုင်သော အမေရိကန်ဒေါ်လာသန်းပေါင်းများစွာရှိသည့် ဒူဘိုင်းမြို့ရှိ နိုင်ငံခြားဘဏ်ငွေစာရင်းတစ်ခုအား စုံစမ်းစစ်ဆေးရာတွင် ဒေသန္တရအာဏာပိုင်များကို အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့က အကူအညီပေးလျက်ရှိကြောင်း သီရိလင်္ကာအစိုးရက အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။


ဘဏ်စာရင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ဘဏ်တာဝန်ရှိသူအချို့က အစိုးရထံပေးပို့ခဲ့ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူနှင့် ကျန်းမာရေးဝန်ကြီး ရာဂျီသာဆန်နာရတ်နီက ပြောကြားသည်။ ဘဏ်စာရင်းနှင့်ပတ်သက်၍ အဆိုပါဘဏ်၌ အလုပ်လုပ်ကိုင်နေသော သီရိလင်္ကာနိုင်ငံသားများက သတင်းပေးပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ဘဏ်စာရင်းအား စုံစမ်းစစ်ဆေးရန်အတွက် ဥပဒေပိုင်းဆိုင်ရာများဆောင်ရွက်နိုင်ရန် ရှေ့နေချုပ်ရုံးသို့ အကြောင်းကြားခဲ့ကြောင်း သူကဆိုသည်။

အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုခံနေရသည့် သမ္မတဟောင်း မာဟင်ဒါရာဂျာပတ်ဆာနှင့် ၎င်း၏မိသားစုက နိုင်ငံခြားဘဏ်စာရင်းများ ဖွင့်လှစ်ထားသည်ဆိုသော စွပ်စွဲချက်များကို ငြင်းဆန်ခဲ့သည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# နိုင်ငံသားများ၏အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၁၄

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံသားများ၏ အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကိစ္စရပ်များ၊ နိုဝင်ဘာ ၈ ရက် တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် ရွေးကောက်ပွဲအကြို၊ ရွေးကောက်ပွဲ ကာလနှင့် ရွေးကောက်ပွဲအပြီး ကာလများတွင် တည်ငြိမ်အေးချမ်း အောင်မြင်စေရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ များ ဖိတ်ခေါ်ထား

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ ဆောင်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် လွတ်လပ်မျှတသော ရွေးကောက်ပွဲများအဖြစ် ပွင့်လင်းမြင်သာစွာဖြင့် ကျင်းပနိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာ ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထား ရှိမှု အခြေအနေ၊ အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များကို ဖိတ်ကြားထားရှိမှု အခြေအနေ၊ လုံခြုံရေးအခြေအနေအရ မြို့နယ်ငါးမြို့နယ်နှင့် ကျန်မြို့နယ် မဲဆန္ဒနယ် အတွင်းရှိ ကျေးရွာအချို့တွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းထားရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

□□

# မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားအား ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အထူးအကြံပေးပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားရန်တို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ပုံပါကျင်း၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းဖွင့်

**ပုံပါကျင်း အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်းမြို့၌ ၂၀၁၅ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အသိပညာပေး ဆင့်ပွားသင်တန်း ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီက ပုံပါကျင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အဓိကတာဝန် ယူလုပ်ဆောင်ကြရမည့် သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သိရှိနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်နှင့် မဲရုံမှူးအနေဖြင့် မဲရုံတွင် ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လိုအပ်ကြောင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တိုင်းသည် ကိုယ်စီတာဝန်သိရှိပြီး လုပ်ငန်း၏ ရည်ရွယ်ချက်ကို သိမှသာ တာဝန်ကို တိတိကျကျ ဆောင်ရွက်နိုင်မည်ဖြစ်၍ သင်တန်းတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါ လမ်းညွှန်ချက်များအတိုင်း ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ရေး လေ့ကျင့်သင်ကြားသွားစေလိုကြောင်း ပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်တို့က သင်တန်းဆက်လက်ပို့ချသည်။

အဆိုပါသင်တန်းသို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၁၀၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# သက်မွေးပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သက်မွေးပညာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသစ်တည်ဆောက်လျက်ရှိသော တောင်ငူပညာရေး ကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဂျပန်နိုင်ငံ JICA အကူအညီဖြင့် တည်ဆောက်လျက်ရှိသော တောင်ငူပညာရေးကောလိပ် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာ သင်တန်း၌ သင်တန်းသား ၁၀၀၀ လက်ခံသင်ကြားနိုင်ရေးကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူပညာရေးကောလိပ်သို့ရောက်ရှိရာ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး အရည်အသွေးပြည့်ဆရာဆရာမများ မွေးထုတ်ရေးနှင့် ဆရာအတတ်ပညာဘွဲ့ကြိုသင်တန်း ဖွင့်လှစ်နိုင်ရန်အတွက် ကြိုတင်စီမံဆောင်ရွက်ထားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူတက္ကသိုလ်သို့ရောက်ရှိပြီး တောင်ငူတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက တောင်ငူတက္ကသိုလ်၏ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ တည်ဆောက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ အရည်အသွေးမြင့်ပညာရေးနှင့် အရည်အသွေးဆိုင်ရာ အာမခံမှုများကို ရှင်းလင်းဆွေးနွေးမှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)၌ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကိုတွေ့ဆုံကာ သက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(ပညာရေး)



# ရွေးကောက်ပွဲအတွက် အထူးရဲများခန့်ထားခြင်းနှင့် လုပ်ငန်းတာဝန်ပေးမှုများ ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီက ရွေးကောက်ပွဲအတွက် အထူးရဲများခန့်ထားခြင်း၊ လုပ်ငန်းတာဝန်ပေးမှုများဆိုင်ရာ အချက်အလက်များ ရှင်းလင်းခြင်းအခမ်းအနား ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကြည်က အထူးရဲများ ခန့်ထားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြပြီး သိလိုသည့်အချက်အလက်များအား မေးမြန်းဆွေးနွေးခဲ့ကြကြောင်းနှင့် ဗဟန်းမြို့နယ်အတွင်း အထူးရဲ ၆၅ ဦးအား သင်တန်းများ ပို့ချသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သန္တာမေ(IPRD)**

**ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို အောက်တိုဘာလ ၁၆ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသစ်ကြီးတွင် ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို "ကျေးလက်ဒေသ ဆင်းရဲမှုသံသရာကိုတိုက်ဖျက်နိုင်ရေး၊ လယ်ယာကဏ္ဍလူမှုစီးပွားဘဝမြှင့်တင်ပေး" ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာပြခန်းများ၊ မွေးမြူရေးကဏ္ဍဆိုင်ရာပြခန်းများ၊ သစ်တောကဏ္ဍဆိုင်ရာပြခန်းများ၊ မြန်မာနိုင်ငံရှိ ကမ္ဘာ့စားနပ်ရိက္ခာ ဌာနေကိုယ်စားလှယ်ရုံး ပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

# ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်ကျင်းပမည်

သန်းဦး(လေးမျက်နှာ)

မှတ်မိသေးပါသည်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို လှည်းကူးမြို့ ဟင်းသီးဟင်းရွက် သစ်သီးဝလံဖွံ့ဖြိုးမှုဗဟိုဌာနတွင် ကျင်းပရာ ဟင်းသီးဟင်းရွက် သစ်သီးဝလံပြခန်းများ၊ ပန်းမန်ပြခန်းများ၊ စိုက်ပျိုးရေးထွက်ပစ္စည်းမျိုးစုံပြခန်းများ၊ ရေလုပ်ငန်းပြခန်းများ၊ သားငါးကဏ္ဍပြခန်းများ၊ သစ်တောထွက် ပြခန်းများ၊ မွေးမြူရေးပြခန်း၊ (FAO)ဌာနေကိုယ်စားလှယ်ရုံးပြခန်းများနှင့် အခြားပစ္စည်းမျိုးစုံပြခန်းကို ခုနစ်ရက်တိုင်တိုင် ခင်းကျင်းပြသခဲ့သည်။

အဆိုပါ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အရောင်းပြခန်းများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုဝယ်ယူအားပေးခဲ့သည်ကိုလည်း မြင်တွေ့ရသည်။ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ လတ်လတ်ဆတ်ဆတ်ဝယ်ယူနိုင်သကဲ့သို့ အသားငါး၊ ကြက်ဥ၊ ငုံးဥ၊ ဘဲဥ၊ ပျားရည်၊ နွားနို့ကအစ ဝယ်ယူရရှိနိုင်သည်။ တစ်နှစ်လျှင် တစ်ကြိမ် အောက်တိုဘာလ ၁၆ ရက်နေ့ ရောက်တိုင်း ထိုနေ့ကို မျှော်လင့်နေမိသည်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မြန်မာနိုင်ငံအတွင်းရှိ စားနပ်ရိက္ခာထုတ်လုပ်လျက်ရှိသော တောင်သူလယ်သမားကြီးများ၏ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်သူများ၊ ရေထွက်ပစ္စည်းထုတ်လုပ်ထူးချွန်သူများ၊ သစ်တောစိုက်ခင်းထူးချွန်သူများကိုလည်း ကဏ္ဍအလိုက်ဆုများ ပေးအပ်ကြသည်။ တစ်နည်းအားဖြင့် ပြောရလျှင် နိုင်ငံအတွက် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော တောင်သူများ၊ ပုဂ္ဂိုလ်များကို နိုင်ငံတော်က အသိအမှတ်ပြု ဂုဏ်ပြုသောအခမ်းအနားပင်ဖြစ်သည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာထုတ်လုပ်သူနှင့် စားသုံးသူအချိုးညီမျှနေလျှင် ငတ်မွတ်ခေါင်းပါးမှုကို တားဆီးနိုင်မည်ဖြစ်သည်။ တိုးတက်လာသော လူဦးရေနှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုကိုလည်း သမားရိုးကျမဟုတ်ဘဲ သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်လျက်ရှိသလို စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေကြီးရေလျှံမှုကို ကာကွယ်ရန် ရေကာတာများ တည်ဆောက်ပေးခဲ့သည်။ ထို့အပြင် သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် အဆင့်မြင့်လယ်ယာထူထောင်ပေးခြင်းနှင့် ထွက်ကုန်များဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ကမ္ဘာကြီးပူနွေးလာမှုမှ ကာကွယ်ရန်နှင့် ရာသီဥတုမျှတစေရန်အတွက် သစ်တောစိုက်ခင်းများ၊ ဒီရေတောများ၊ သစ်တောကာကွယ်တောများကို စနစ်တကျ တည်ထောင်ပြုစုလျက်ရှိသည်။

သားငါးကဏ္ဍတွင် ပြည်တွင်းစားသုံးမှုလုံလောက်စေရန်အတွက်လည်းကောင်း၊ ပိုလျှံသော သားငါးများကို ပြည်ပတင်ပို့နိုင်ရန်လည်းကောင်း၊ ငါးကန်၊ ပုစွန်ကန်များ တိုးချဲ့မွေးမြူခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း ကမ္ဘာပေါ်တွင် ယနေ့အချိန်ထိ စားနပ်ရိက္ခာမလုံလောက်၍ အာဟာရချို့တဲ့မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး (FAO)၏ နောက်ဆုံးစာရင်းအင်းများအရ လက်ရှိကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံ



**မြန်မာနိုင်ငံအနေဖြင့် ပြည်သူအများစုဖြစ်သည့် ကျေးလက်နေ တောင်သူလယ်သမားမိသားစုများ၏ ဆင်းရဲမှုသံသရာတို့မှ လွတ်မြောက်ရေး၊ လူမှုစီးပွားဘဝမြင့်မားလာရေး၊ ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရေးတို့အတွက် အလေးအနက်ထားပြီး ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်။**

အနက်မှ လူဦးရေ ၇၉၅ သန်းခန့်သည် အာဟာရချို့တဲ့မှုပြဿနာကို နေ့စဉ်နှင့်အမျှ ခံစားနေကြရကြောင်း သိရသည်။ ယင်းပမာဏသည် ပြီးခဲ့သည့်ဆယ်စုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၁၆ သန်းခန့် လျော့ကျသွားခဲ့ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အာဟာရမပြည့်ဝသူ ရာခိုင်နှုန်းသည် ၁၉၉၀-၁၉၉၂တွင် ၂၃ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ယခု ၁၂ ဒသမ ၉ ရာခိုင်နှုန်းထိ လျော့ကျသွားကြောင်း ထုတ်ပြန်ထားချက်အရ သိရှိရသည်။

သို့သော်လည်း ယနေ့ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ တစ်ဘီလီယံခန့်မှာ ပြင်းထန်သည့် ဆင်းရဲနွမ်းပါးမှုကို ခံစားနေကြရကြောင်း၊ ယင်းတို့အနက် ၇၈ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင်နေထိုင်ကြသည့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းသူ တောင်သူလယ်သမားများဖြစ်ကြကြောင်း ဖော်ပြထားသည်။

၎င်းတို့၏ ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးအတွက် လူမှုဘဝအကာအကွယ်ပေးရေးအစီအစဉ်များ(Social Protection Programmes) ကို ထိရောက်စွာ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ လူမှုအကာအကွယ်ပေးရေးအစီအစဉ်များသည် ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးနှင့် ဆင်းရဲမှုသံသရာတွင်းသို့ မကျဆင်းစေရေးအတွက် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးမှ သိရှိလက်ခံဆောင်ရွက်နေကြပြီဖြစ်သည်။ အဓိက ပစ်မှတ်ထားဆောင်ရွက်ပေးရမည့်သူများမှာ အခက်အခဲပေါင်းစုံ၊ အခြေအနေပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းနေကြရသည့် လယ်ယာကဏ္ဍရှိ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ မိသားစုဝင် အလုပ်သမားများ၊ မြေယာမဲ့လယ်ယာ လုပ်သားများပင် ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals-MDGs)(၁)(ဂ)အရ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး ငတ်မွတ်သူဦးရေကို ထက်ဝက်လျှော့ချရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းထောင်စုနှစ်ရည်မှန်းချက်များရရှိအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ကာ ဆင်းရဲမှုညွှန်းကိန်းကို လက်ရှိ ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကျေးလက်ဒေသရှိ ၇၀ ရာခိုင်နှုန်းသော စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန်နှင့် အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရန်အတွက် တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေတစ်ရပ်ကိုလည်း ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

ထို့အပြင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ကမကထပြုမှုဖြင့် ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးစိန်ခေါ်မှုအစီအစဉ်ကိုလည်း ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့မှ စတင်ဆောင်ရွက်လျက်ရှိသည်။

မြို့ပြနှင့် ကျေးလက်ကွာဟမှု ကျဉ်းမြောင်းရေး၊ ကျေးလက်ဒေသများတွင် လူမှုအခြေခံအဆောက်အအုံများ ပြည့်စုံရေး၊ ကျေးလက်ပြည်သူအများစု၏ မှီခိုအသက်မွေးဝမ်းကျောင်းပြုရာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ထုတ်လုပ်မှုတိုးတက်ပြီး ၎င်းတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအခြေပြု စီမံကိန်းများချမှတ်ကာ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူတစ်ရပ်လုံး ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဆန်စပါးအပါအဝင် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း သီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုရေး၊ တစ်နှစ်ပတ်လုံး သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ရေသောက်စနစ်လယ်မြေများတိုးတက်လာရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ စနစ်ကျ စက်မှုလယ်ယာမြေများ တိုးတက်ပေါ်ထွန်းလာရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာအပါအဝင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားအသုံးချရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးတို့ကို နှစ်စဉ် နှစ်တို၊ နှစ်ရှည် စီမံကိန်းများချမှတ်လျက် ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲမှုအရ တိုးတက်ရင်ဆိုင်လာနေရသည့် သဘာဝဘေးအန္တရာယ်များကြောင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေးကို မထိခိုက်စေရေး၊ လိုက်လျောညီထွေသည့် စိုက်ပျိုးရေးအဖြစ်သို့ ပြောင်းလဲရေး အစီအမံများကို ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများစားသုံးနိုင်ရန် မွေးမြူရေးကဏ္ဍတွင် မွေးဇုန် ၂၈ ဇုန် အကောင်အထည်ဖော်ခြင်း၊ သားငါးထုတ်လုပ်မှုကဏ္ဍတွင်လည်း ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ငါး၊ ပုစွန် သားပေါက်များထုတ်လုပ်/မျိုးစိုက်ထည့်ခြင်း၊ ရေချို ရေငန်ငါး၊ ပုစွန်မွေးမြူရေးသုတေသနလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာပေါင်း ၄၀၀၀ ကျော်တွင် လူထုအခြေပြုစီမံကိန်းသုံးခုကို မွေးမြူရေး၊ သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သစ်တောကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးချရေး၊ ရေရရှိရေးလုပ်ငန်းများ၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေး လုပ်ငန်းများသည် မြေယာအပေါ် အဓိက မှီခိုအားထားရသည့်အတွက် ၎င်းတို့၏ မြေယာလုပ်ကိုင်ခွင့် ခိုင်မာစေရေးအတွက် သစ်တောကြိုးဝိုင်းမြေဧက ငါးသိန်းကျော်အား ဥပဒေနှင့်အညီ ကျေးရွာမြေ၊ အများပိုင်မြေနှင့် လယ်မြေများအဖြစ် ပြောင်းလဲသတ်မှတ်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးအတွက် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧက ၁ ဒသမ ၃ သိန်း၊ ပုဂ္ဂလိက စက်မှုကုန်ကြမ်း စိုက်ခင်း ဧက ၄ ဒသမ ၅ သိန်း စိုက်ပျိုးခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးပြီးဖြစ်သည်။

ယင်းသို့ ကြိုးပမ်းမှုများ၏ ရလဒ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၃၉)ကြိမ်မြောက် ညီလာခံတွင် ထောင်စုနှစ် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်သည့် နိုင်ငံပေါင်း ၇၂ နိုင်ငံအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ထောင်စုနှစ် ရည်မှန်းချက် (၁)(ဂ) ဖြစ်သည့် ငတ်မွတ်ခေါင်းပါးမှု ထက်ဝက် လျှော့ချရေးရည်မှန်းချက်နှင့် ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးညီလာခံရည်မှန်းချက်တို့ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုသည့် ဂုဏ်ပြုလွှာ ချီးမြှင့်ခြင်းခံခဲ့ရသည်။


လူမှုဘဝ ကာကွယ်ပေးရေးအစီအစဉ်များမှတစ်ဆင့် ငွေကြေး သို့မဟုတ် ပစ္စည်းလိုအပ်ချက်များ ထောက်ပံ့ကူညီပေးခြင်းအားဖြင့် ကျေးလက်ဒေသနေ ဆင်းရဲနွမ်းပါးသူပြည်သူများ လက်ရှိရင်ဆိုင်နေကြရသည့် ငွေပေါ်လွယ်မှု အခက်အခဲ၊ ငွေချေးငှားရန် အခက်အခဲ၊ မမျှော်မှန်းနိုင်သည့် အန္တရာယ်များအပေါ် စီမံနိုင်မှု အခက်အခဲများကို ကျော်လွှားစေနိုင်မည်ဖြစ်ပြီး ၎င်းတို့၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကိုလည်း ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်သူအများစုဖြစ်သည့် ကျေးလက်နေ တောင်သူလယ်သမားမိသားစုများ၏ ဆင်းရဲမှုသံသရာတို့မှ လွတ်မြောက်ရေး၊ လူမှုစီးပွားဘဝမြင့်မားလာရေး၊ ဘဝတွင်ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရေးတို့အတွက် အလေးအနက်ထားပြီး ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တစ်ဖွဲ့ရလျှင် တစ်ဖွဲ့လုပ်ခြင်းဖြင့် ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်နိုင်မည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၄**

လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးကမ်းလှမ်းမှုများ ဆောင်ရွက်ခဲ့ပြီး တပ်မတော်မှလည်း လိုက်လိုက်လှဲလှဲ ပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ အကြိမ်ပေါင်းများစွာ ဆွေးနွေးမှုများပြုလုပ်၍ ယခုလက်မှတ်ရေးထိုးမည့်အဖွဲ့ ၈ ဖွဲ့နှင့် သဘောတူညီမှုရရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အတတ်နိုင်ဆုံး လိုက်လျောညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နှစ်ဖက်တာဝန်ရှိသူအားလုံး လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger Pose မှ လာရောက်ဂါရဝပြုတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။



တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော်သံအမတ်ကြီးက NCA လက်မှတ်ရေးထိုးမှုသည် နိုင်ငံတော်၏အနာဂတ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့်ခြေလှမ်းတစ်ရပ်၊ မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ လျှောက်လှမ်းနေသည့် ဒီမိုကရေစီပန်းတိုင်အတွက်လည်း ခိုင်မာသည့်အုတ်မြစ်တစ်ခုအဖြစ် ယူဆပါကြောင်းနှင့် ယင်းအပေါ် သဘောထားအမြင် မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ငြိမ်းချမ်းမှုရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တစ်ဖွဲ့ရလျှင် တစ်ဖွဲ့လုပ်ခြင်းဖြင့် ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုဒေသ၏ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်သိရှိခြင်းဖြင့် ယုံကြည်မှုတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ် လိုအပ်သည့်အချက်ဖြစ်၍ တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုများအပေါ် အခြေခံ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဆိုသည့်ခံယူချက်ဖြင့် ငြိမ်းချမ်းရေးကိစ္စရပ်များ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး ဧည့်သည်တော်သံအမတ်ကြီးက ဖြစ်ပေါ်လာနိုင်မည့်အခြေအနေ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီအတွေ့အကြုံနည်းပါးကြောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ တပ်မတော်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတမှုရှိစေရမည်ဖြစ်သကဲ့သို့ တပ်ပြင်ပဆိုင်ရာများကိုလည်း ယင်းအတိုင်းဖြစ်စေလိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်မှုများ အောင်မြင်အောင် ကူညီလုပ်ဆောင်ပေးနေကြောင်း၊ အရှေ့ဥရောပနှင့် အာရပ်နိုင်ငံအချို့၏ သာဓကမျိုး မိမိနိုင်ငံတွင်မဖြစ်နိုင်ဟု ယုံကြည်ကြောင်း၊ ပိုမို၍ခိုင်ခိုင်မာမာဖြစ်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး တပ်မတော်အနေဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ တပ်မတော်ပိုင်းဆိုင်ရာဆက်ဆံရေး၊ စစ်ရေးနှင့် မပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(မြဝတီ)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်၌ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး



ရခိုင်လွတ်မြောက်ရေးပါတီ (ALP)မှ ဦးခိုင်စိုးနိုင်အောင်အား တွေ့ရစဉ်။ (သတင်းစဉ်)

သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်လက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)မှ ရဲဘော်သံခဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁ နာရီခွဲတွင် ဟောလ်တန်ဟိုတယ်သို့ လည်းကောင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)မှ ဦးခွန်ဥက္ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၅ နာရီခွဲတွင် ရွှိုင်ရယ်ပရက်ဆီးဒင့်ဟိုတယ်သို့လည်းကောင်း၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP)မှ ဦးခိုင်စိုးနိုင်အောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် အေစီအီးဟိုတယ်သို့ လည်းကောင်း၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC)မှ ဦးထိန်မောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဟော်ရိုဇုန်လိတ်ခ်ဗျူးဟိုတယ်သို့ လည်းကောင်း အသီးသီးရောက်ရှိကြသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲသို့ လေ့လာသူများအဖြစ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ နိုင်ငံတကာအသိသက်သေအဖြစ် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC)မှ ဦးထိန်မောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)



ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)မှ ဦးခွန်ဥက္ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)မှ ရဲဘော်သံခဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

# ကယားပြည်နယ် မော်ချီးဒေသမှ ရေဘေးသင့်ပြည်သူများအနက် နေရပ်ပြန်လိုသူများအတွက် ပြည်နယ်အစိုးရမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



**လွိုင်ကော် အောက်တိုဘာ ၁၄**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ ခဲတွင်းများတွင် လုပ်ကိုင်လျက်ရှိသော လုပ်သားများနှင့် မိသားစုဝင် ၃၀၀ ခန့်အနက်မှ နေရပ်ပြန်လိုသူများ ပြန်လည်ထွက်ခွာနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၄ ရက် နေ့လယ်ပိုင်းက လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး နှစ်ထပ်ဆွမ်းစားဆောင်၌ ဖွင့်လှစ်ထားသောယာယီကယ်ဆယ်ရေးစခန်းမှ ဒုတိယအသုတ် နေရပ်ပြန်မည့် ကျောက်ပန်းတောင်းမြို့နယ်မှ လုပ်သားများနှင့် မိသားစုဝင်များ နေ့လယ်စာစားသုံးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကျောက်ပန်းတောင်းမြို့နယ်သို့ ပြန်လည်ထွက်ခွာမည့် ၄၅ ဦးအား မော်တော်ယာဉ်များပေါ်မတက်မီ လမ်းခရီး၌ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် အဝတ်အထည်များကိုထောက်ပံ့ပေးခဲ့သည်။

"ကျွန်တော်တို့ လက်ရှိဆောင်ရွက်ပေးနေတာကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ တာဝန်ပေးချက်အရ ပြီးခဲ့တဲ့ရက်ပိုင်းက ကယားပြည်နယ် မော်ချီးဒေသမှာ မိုးရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပြီး သဘာဝဘေးဒဏ်တွေ့ကြုံခဲ့ကြရတဲ့ ဒေသအသီးသီးက အဖွဲ့တွေကို ဒီမှာ လက်ခံပြီးတော့မှ ကျန်းမာရေးစောင့်ရှောက်မှုပေးတယ်။ စားဝတ်နေရေး ဖြေရှင်းပေးတယ်။ ဒါ့အပြင် သူတို့ရဲ့ဇာတိတွေကို ဒီမှာရှိတဲ့ကားလိုင်းတွေနဲ့ ချိတ်ဆက်ပြီး နေရပ်ရောက်ရှိအောင် ပို့ဆောင်ပေးပါတယ်။ လမ်းခရီးမှာ သွားတဲ့အခါ စားဝတ်နေရေးအတွက်ပါ လူတစ်ဦးကို ငွေကျပ် ၅၀၀၀ နှုန်းနဲ့ ထောက်ပံ့ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု လွိုင်ကော်မြို့နယ် သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေက ပြောသည်။

"ဆက်လက်ပြီးတော့လည်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားတဲ့ မော်ချီးဒေသက ပြည်သူတွေကို ကူညီဆောင်ရွက်ပေးလျက်ရှိသလို ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ပြည်နယ်အစိုးရအစီအစဉ်နဲ့ မော်ချီးဒေသမှာ ကူညီဆောင်ရွက်ပေးနေပါတယ်။ အဲဒီမှာ ပြည်နယ်အစိုးရအဖွဲ့အပြင် အခြားဒေသက အလှူရှင်တွေလည်း လာရောက်ပြီးတော့ ကူညီဆောင်ရွက်ပေးနေပါတယ်။ အလှူရှင်တွေ လာရောက်တဲ့အခါမှာ သွားလာရေး၊ ဆက်သွယ်ရေးအတွက်လည်း ကျွန်တော်တို့အနေနဲ့ လွိုင်ကော်ကတစ်ဆင့် ဖားဆောင်း၊ မော်ချီးသို့ သွားရောက်နိုင်အောင် ကူညီပေးလျက်ရှိပါတယ်။ သာသနာ့ဗိမာန်မှာ မော်ချီးဒေသ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားတာမှာ မနေ့ကထိ ၃၁၂ ဦးရောက်ရှိလာပြီး ဒီမနက်ပိုင်းမှာ ၂၇၀ အား ၎င်းတို့နေရပ်တွေကို ပို့ဆောင်ပေးမှာဖြစ်ပြီး ကျန်ရှိသူတွေကို ညနေပိုင်းမှာ ၎င်းတို့နေရပ်ပြန်နိုင်ဖို့ ထပ်မံပို့ဆောင်ကူညီပေးမှာဖြစ်ပါတယ်။ ဒီမနက်မှာလည်း ပြည်နယ်အစိုးရအစီအစဉ်နဲ့ ယာယီကယ်ဆယ်ရေးစခန်းကို ၃၀၀ ကျော် ထပ်မံရောက်ရှိမယ်လို့ ကြားသိရတဲ့အတွက် နေရေးထိုင်ရေး၊ စားဝတ်နေရေးပါ ကယားပြည်နယ် အစိုးရအဖွဲ့ အစီအစဉ်နဲ့ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်"ဟု ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါ လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး နှစ်ထပ်ဆွမ်းစားဆောင်တွင်ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသော သဘာဝဘေးသင့်ပြည်သူများအနက်ယမန်နေ့က ၄၈ ဦးကိုလည်းကောင်း၊ ယနေ့နေ့လယ်ပိုင်းထိ ၁၀၃ ဦးကိုလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



မော်ချီးဒေသမှ သဘာဝဘေးသင့်ပြည်သူများအား တပ်မတော်မော်တော်ယာဉ်များဖြင့် ရွှေ့ပြောင်းပေးလျက်ရှိစဉ်။
(မြဝတီ)

# မော်ချီးဒေသမှ သဘာဝဘေးသင့်ပြည်သူများအား တပ်မတော်၊ ဌာနဆိုင်ရာနှင့် နယ်ဘက်မော်တော်ယာဉ်များဖြင့် ရွှေ့ပြောင်းပေးလျက်ရှိ

**မော်ချီး အောက်တိုဘာ ၁၄**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးသို့အသွား အမှတ်(၂) ဘေလီတံတားတွင် ရေကြီး၍ သက်ဆိုင်ရာများကတံတားမကျိုးပဲ့စေရန် စက်ယန္တရားများဖြင့် အမှိုက်များ၊ ကျောက်တုံး ကျောက်ခဲများအား ဖယ်ရှား၍ ရေလမ်းကြောင်း ရှင်းလင်းလျက်ရှိသည်။

ထိုကဲ့သို့ဖြစ်ပွားမှုကြောင့် မြေပြိုလျက်ရှိသော မော်ချီးအောက်ရွာ လိုခါးလို ၁၃ ကုန်းနှင့် တောင်ပေါ်ရွာတို့ အဆက်အသွယ်ပြတ်တောက်လျက်ရှိရာ ၎င်းနေရာများမှသဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး စခန်းများသို့လည်းကောင်း၊ နီးစပ်ရာ ရပ်ရွာများသို့လည်းကောင်း၊ လွိုင်ကော်နှင့် နီးစပ်ရာမြို့များသို့လည်းကောင်း တပ်မတော်နှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များအပြင် နယ်ဘက် မော်တော်ယာဉ်များဖြင့် ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး အောက်တိုဘာ ၁၄**

"ဘေးအန္တရာယ် အသိကြွယ် ဘဝများစွာကာကွယ်မယ်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို UN "Ochar" ရုံးမှ ညှိနှိုင်းရေးမှူး ဦးယောယိန်းက ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်ကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်ကလည်းကောင်း၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်တရားသူကြီးချုပ်ဦးဝင်းမြင့်ကျော်နှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ပညာပေးဗီဒီယိုမှတ်တမ်းကို ပြသခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော ဆုရကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီလက်ရာများနှင့် ပညာပေးမှတ်တမ်းဓာတ်ပုံ၊ စာစောင်များကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးကျော်ကျော်သည် နံနက် ၁၀ နာရီခွဲတွင် ဟားခါးမြို့ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည့် ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် Myanmar Rescue တို့ ပူးပေါင်းဖွင့်လှစ်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် အသက်ကယ်သင်တန်းသို့ တက်ရောက်ပြီး သရုပ်ပြလေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက် )**

❖

# ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

အဖိုးတန်ကျွန်းနှင့် သစ်မာများအား ဝိသမလောဘသားများမှ တရားမဝင်ခိုးထုတ်သယ်ဆောင်နေသောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ စဉ်ဆက်မပြတ် ဖမ်းဆီးအရေးယူလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၈ ရက်တွင် ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်း အကွက်အမှတ်(၁၈)အတွင်းမှ တရားမဝင်ကျွန်းခွဲသား သုံးချောင်း သုည ဒသမ ၃၁၀၈တန်နှင့် ပျဉ်းကတိုးခွဲသား ငါးချောင်း ၁ ဒသမ ၅၄၃၆ တန် စုစုပေါင်း သုည ဒသမ ၈၅၄၄ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၁၀ ရက်တွင် မုံရွာမြို့နယ် ချမ်းမြဝတီရပ်ကွက် ရေကူးကန်လမ်းတွင် တရားမဝင် တမလန်းသစ်ခွဲသား ၅၁ ချောင်း (၄ ဒသမ ၉၂၇၀)တန်၊ Nissan UD ၁၂ ဘီးကား တစ်စီး၊ ယာဉ်အမှတ် ၄ B/. . . . . အား ယာဉ်မောင်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား မုံရွာမြို့ အမှတ်(၂) ရဲစခန်းတွင် ပ-၃၂၆/၂၀၁၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါနေ့၌ပင် စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် ရွှေတောင်တိုးဂိတ်အနီးတွင် တရားမဝင် တမလန်းဓားရွေ ၃၁ တုံး (၂ ဒသမ ၆၅၇၄ တန်) ယာဉ်အမှတ်- ၈ဆ/--- နီဆန်ကောင်တာခြောက်ဘီးယာဉ်တစ်စီးအား ယာဉ်မောင်းတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား စစ်ကိုင်းမြို့မရဲစခန်းတွင် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးအားလျော့နည်းနိုင်သည်။



မော်ချီးဒေသ မြေပြိုမှုသဘာဝဘေးကြုံတွေ့ခဲ့ရသော ပြည်သူများအတွက် တပ်မတော်သားများက ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ (မြဝတီ)

**✻ ရှေ့ဖုံးမှ**

နေထိုင်ရန် အန္တရာယ်ရှိသဖြင့် ထပ်မံရွှေ့ပြောင်းလာသော သဘာဝဘေးသင့်ပြည်သူ ၁၁၈၆ ဦးကို လိုခါးလိုကျေးရွာ၌ ကယ်ဆယ်ရေးစခန်း နှစ်ခု၊ မော်ချီးအောက်ရွာ၌ ကယ်ဆယ်ရေးစခန်း နှစ်ခု ထပ်မံဖွင့်လှစ်၍ ကူညီရွှေ့ပြောင်းပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် နေထိုင်စားသောက်ရေးကိစ္စများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေပြိုကျမှုကြောင့် ပျက်စီးခဲ့သည့် မော်ချီးရွာအဝင် အမှတ်(၂)ဂိတ်အနီး ပေ ၄၀ အရှည်ရှိ မိုးလိုချောင်းကူး ဘေလီတံတား ရေတိုက်စားမှု အခြေအနေများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အေးလွင်နှင့် ကယားပြည်နယ် နယ်ခြားစောင့်တပ်မှ ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီးထွန်းကျော်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၃ ရက် ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ တံတားရေတိုက်စားမှု မရှိစေရေးအတွက် စက်ယန္တရားများဖြင့် ရေလမ်းကြောင်းတူးဖော်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းများရှိ ဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကားပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့ပြင် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် မိုးလိုချောင်းကူးတံတား၌ နယ်မြေခံတပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ တံတားရေတိုက်စားမှု မရှိစေရေးအတွက် စက်ယန္တရားများဖြင့် ရေလမ်းကြောင်းတူးဖော်မှုတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ညနေပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူးနှင့် ကယားပြည်နယ် နယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများသည် မော်ချီးကျေးရွာ အထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး အနွေးစောင်များနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့သည်။

ယင်းနောက် မော်ချီးဒေသရှိ ခဲတွင်းများတွင် လုပ်ကိုင်လျက်ရှိသည့် နေရပ်သို့ပြန်လိုသော လုပ်သား ၂၀၁၄ ဦးကိုလည်း တပ်မတော်၊ ဌာနဆိုင်ရာနှင့် နယ်ဘက်မော်တော်ယာဉ်များအပါအဝင် မော်တော်ယာဉ် စုစုပေါင်း ၃၁ စီးဖြင့် မော်ချီးမှ လွိုင်ကော်မြို့သို့ ပို့ဆောင်ပေးခဲ့သည်။ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ နေထိုင်စားသောက်ရေးလည်း စီစဉ်ဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် ဆန္ဒအလျောက် နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလိုမှုအလိုက် ပို့ဆောင်ပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်တွင် ရှမ်းပြည်နယ် အောင်ပန်းနှင့် ဟဲဟိုးမြို့သို့ နှစ်ဦးစီဖြင့် လေးဦး၊ မိတ္ထီလာမြို့သို့ ၆၉ ဦး၊ ကျောက်ပန်းတောင်းမြို့သို့ ၁၅၂ ဦး၊ မကွေးမြို့သို့ ခုနစ်ဦး၊ မန္တလေးမြို့သို့ တစ်ဦး၊ တောင်ငူမြို့သို့ ၄၇ ဦးနှင့် ရန်ကုန်မြို့သို့ ၂၀ စုစုပေါင်း ၃၀၀ ကို ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများကလည်း ပြန်လည်ထွက်ခွာသူများ လမ်းခရီး၌ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် လိုအပ်သော ထောက်ပံ့မှုများ ပြုလုပ်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်အစိုးရအနေဖြင့် အောက်တိုဘာ ၁၃ ရက်တွင် ပြည်နယ်လူမှုရေး ဝန်ကြီးနှင့် သစ်တောနှင့် သတ္တုတွင်းဝန်ကြီးတို့ ဦးဆောင်သော အဖွဲ့များနှင့်အတူ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ မော်ချီးဒေသသို့ ပို့ဆောင်ပေးသည်။ အောက်တိုဘာ ၁၄ ရက်တွင်လည်း အလှူငွေနှင့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ဆက်လက်ပို့ဆောင်ခဲ့ရာ ပေးပို့မှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၃၅၉၅၉၀၀ ဖြစ်ကြောင်း သိရသည်။

မော်ချီးဒေသတွင် တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မြေပြိုကျပြီး လမ်းပိတ်ဆို့မှုများကို ရှင်းလင်းခြင်း၊ ပျက်စီးသွားသောတံတားများ ပြင်ဆင်ခြင်းနှင့် တံတားများ ရေတိုက်စားမှု မရှိစေရန်ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း၊ ဆန္ဒအလျောက် နေရပ်ပြန်လည်ထွက်ခွာလိုသော လုပ်သားများ ပြန်လည်ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းတို့အပြင် ယာယီကယ်ဆယ်ရေးစခန်းများရှိ ဘေးသင့်ပြည်သူများအတွက် တပ်မတော်ဆေးကုသရေးအဖွဲ့၊ ကယားပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ကြက်ခြေနီအဖွဲ့များ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

| မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၄-၁၀-၂၀၁၅) | | |
|---|---|---|
| | စဉ့်ကိုင် | ၂ ဒသမ ၉၆ လက်မ |
| | ပြင်ဦးလွင် | ၂ ဒသမ ၄၅ လက်မ |
| | မအူပင် | ၂ ဒသမ ၀၁ လက်မ |
| | ဟိုင်းကြီးကျွန်း | ၁ ဒသမ ၇၇ လက်မ |
| | အမရပူရ | ၁ ဒသမ ၇၂ လက်မ |





မော်ချီးဒေသ မြေပြိုမှုသဘာဝဘေးကြုံတွေ့ခဲ့ရသော ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ နေထိုင်စားသောက်ရေး၊ ကယ်ဆယ်ရွှေ့ပြောင်းရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။(အပေါ်ပုံများနှင့် အောက်ပုံများ)

ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)







# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံ

**ညောင်ရွှေ အောက်တိုဘာ ၁၄**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံရန်အတွက် အောက်တိုဘာ ၁၄ ရက်တွင် ထာဝရသီတင်းသုံးရာ နမ့်ဟူးရွာရှိ ရတနာစံကျောင်းတော်မှ ကျေးပေါခုံကျေးရွာသို့ စတင်ကြွချီအပူဇော်ခံခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ရှေးဦးစွာ ဒေသစာရီကြွချီအပူဇော်ခံရန်အတွက် ရတနာစံကျောင်းပလ္လင်မှ ရွှေဝေါယာဉ်တော်ဖြင့် ခေတ္တယာယီသီတင်းသုံးတော်မူမည့် ရတနာစံကျောင်းတော်သို့ အစဉ်အလာနှင့်အညီ တာဝန်ရှိသူများက ပင့်ဆောင်ခဲ့သည်။ ထို့နောက် မင်္ဂလာအချိန် နံနက် ၇ နာရီတွင် ရွှေကရဝိက်ဖောင်တော်ယာဉ်ဖြင့် ကျေးပေါခုံစံကျောင်းသို့ စတင်ကြွချီပူဇော်ခံရာ ဒေသခံတိုင်းရင်းသားများက ရိုးရာဆွဲလှေကြီးများဖြင့် လှော်ခတ်ပင့်ဆောင် ပူဇော်ခဲ့ကြသည်။ ဒေသစာရီကြွချီအပူဇော်ခံပွဲသို့ တာဝန်ရှိသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

## ❐ မူလဘူတရေလုပ်ငန်းမှ

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၈၄ ပေခန့်တွင်တည်ရှိကာ ဒေသခံများသည် ရေလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပြီး နိုင်ငံခြား ခရီးသွားဧည့်သည်များကို ဆွဲဆောင်ရာမြို့လေးတစ်မြို့ဖြစ်သည်။

မြိတ်မြို့သည် ၁၆ ရာစုမှစတင်၍ ပြည်တွင်းပြည်ပရေကြောင်းကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်လာခဲ့ပြီး နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ရေကြောင်းကုန်သွယ်မှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများတိုးချဲ့ကာ ပြည်တွင်းပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်လျက်ရှိသည်။

"ဒီဒေသကထွက်တဲ့ ရေသယံဇာတဆိုရင် ပြည်ပဈေးကွက်ကို တော်တော်ထိုးဖောက်နိုင်ပါတယ်။ ပြည်တွင်း ပြည်ပဝင်ငွေရရှိပြီး မျှော်လင့်ချက်ကောင်းတဲ့မြို့တစ်မြို့ပါ"ဟု မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဆိုသည်။

မြိတ်မြို့တစ်ဖက်ကမ်း ကျွန်းစုပေါ်ရှိ ပြည်ပတင်ပို့သည့် ငါး၊ ပုစွန်၊ ကဏန်း အအေးခန်းစက်ရုံနှင့် သင်္ဘောလွှန်းတင်လုပ်ငန်းသည် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရာ နေရာတစ်ခုဖြစ်နေသည်။

"သင်္ဘောကျင်းက တစ်နှစ်ကိုအစင်း ၅၀၀ လောက်ပြင်ဆင်ပေးနိုင်ပြီး ၁၀ စင်းလောက် အသစ်တည်ဆောက်နိုင်တယ်။ ဝန်ထမ်းအင်အားက ၅၀၀ လောက်ရှိတယ်။ မိန်းကလေးတွေက အင်တွဲလိုက်တယ်၊ ဆေးသုတ်တယ်။ ယောကျ်ားလေးတွေကတော့ ပြင်ဆင်တဲ့အပိုင်းလုပ်တာပါ"ဟု ပြည့်ဖြိုးထွန်းသင်္ဘောကျင်းမှ မန်နေဂျာ ဦးသာစစ်က ပြောသည်။

မြိတ်မြို့တွင် ကဏန်းပျော့ကို စီးပွားဖြစ်မွေးမြူလာကြပြီး နိုင်ငံခြားဝင်ငွေရှာဖွေပေးသောလုပ်ငန်းတစ်ခုဖြစ်လာသည်။

"ကုန်းကြမ်းကဏန်းကို ပင်လယ်ပြင်ကလာတဲ့ ငါးဖမ်းစက်လှေတွေက ဝယ်တယ်။ မွေးကဏန်းကို ပလတ်စတစ်တစ်ခြင်းကို တစ်ကောင်ထည့်ပြီး မွေးတယ်။ အရေခွံလဲတာက ၄၅ ရက်ကြာတယ်။ ရေသွင်းရေထုတ်စနစ်နဲ့မွေးတာပါ။ ကဏန်းပျော့တွေကို မြို့ထဲကဒိုင်တွေကိုသွင်းတယ်။ အဲဒီကနေ ပြည်ပပို့တယ်"ဟု ကေသရာဇာ ကဏန်းမွေးမြူရေးလုပ်ငန်းမှ တာဝန်ခံ ကိုဇော်ဖြိုးနိုင်က ပြောသည်။

မြန်မာ့ပင်လယ်ပြင် ကမ်းနီးကမ်းဝေးဖမ်းယူရရှိသည့် ငါး၊ ပုစွန်၊ ကဏန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များကဝယ်ယူပြီး မြိတ်မြို့နှင့် တစ်ဖက်ကမ်းရှိကျွန်းစုများပေါ်တွင် အအေးခန်းစက်ရုံကြီးများ တည်ဆောက်ကာ ပြည်ပဝင်ငွေရှာဖွေပေးလျက်ရှိသည်။

မြိတ်မြို့တစ်ဖက်ကမ်း ကျွန်းစုပေါ်တွင် တည်ဆောက်ထားသည့် ငါး၊ ပုစွန်၊ ကဏန်းတန် ၁၀၀၀ အအေးခန်းစက်ရုံမှ အထွေထွေမန်နေဂျာ ဒေါ်နီနီလွင်က"၂၀၀၀ ပြည့်နှစ်မှာ ဝန်ထမ်းအင်အား ၅၀၀ နဲ့စလည်ပတ်တယ်။ ကုန်းကြမ်းကတော့ ပင်လယ်ပြင်ကလာတဲ့ ငါးဖမ်းစက်လှေတွေကဝယ်တယ်။ တင်ပို့တာက ပုစွန်ဆိုရင် ဂျပန်၊ ဩစတြေးလျနှင့် ကဏန်းပျော့ဆိုရင် ဂျပန်၊ အမေရိကန်၊ ဩစတြေးလျ၊ ထိုင်း၊ မလေးရှားနိုင်ငံတို့နဲ့ ဟောင်ကောင်ကိုပို့ပါတယ်"ဟု ပြောသည်။

မြိတ်မြို့တွင် ထူးခြားမှုအနေဖြင့် ငှက်သိုက်မွေးမြူခြင်းလုပ်ငန်းကို စီးပွားဖြစ် မွေးမြူလာကြသည်။ မြိတ်မြို့အနီးကျွန်းစုများပေါ်ရှိ တောင်ကုန်းတောင်တန်းများ၊ လူတို့နည်းပညာဖြင့် ဖန်တီးထားသည့်အိမ်များတွင် မွေးမြူကြသည်။

သဘာဝအတိုင်း ဇီဝစိုးငှက်များလာရောက်သည့် မြိတ်မြို့ ကမ်းနားလမ်းရှိ နေအိမ်မှ ဒေါ်မြင့်ဝင်းက"အဆောက်အအုံက ၆၅ နှစ်လောက်ရှိပြီ။ သဘာဝငှက်သိုက်ဖြစ်နေတာပါ။ ညနေ ၆ နာရီဆို ငှက်တွေဝင်လာတယ်။ မနက်ဆို ထပြန်သွားတယ်။ မြိတ်မြို့မှာ သဘာဝငှက်သိုက်အိမ်ဆိုပြီး ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်တွေ လာရောက်လေ့လာကြတယ်။ တချို့အိမ်တွေကတော့ အသံနဲ့ဖန်တီးထားပြီး ငှက်တွေလာအောင်လုပ်ထားကြတယ်"ဟုပြောသည်။

မြိတ်မြို့တွင် သမိုင်းဝင်ဘုရားပုထိုးစေတီများ၊ ငှက်သိုက်အိမ်များ၊ မြိတ်မြို့အနီးရှိ ကျွန်းစုများက ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းကို ဆွဲဆောင်လျက်ရှိပြီး ဟိုတယ်လုပ်ငန်းများလည်း တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးရန်အားယူလျက်ရှိသည်။

"မြိတ်မြို့အနောက်ဘက်မှာက ကျွန်းတွေအများကြီးရှိတယ်။ နိုင်ငံခြားခရီးသွားဧည့်သည်တွေအတွက် ဆွဲဆောင်မှုကောင်းတဲ့နေရာပါ။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရင် မြိတ်မြို့လည်းတိုးတက်လာမှာပါ၊ လက်ရှိမှာလည်း ဟိုတယ်တွေ၊ မိုတယ်တွေအများကြီးဖြစ်လာပြီ"ဟု HotelGrand Jade ပိုင်ရှင်ဦးကျောက်စိမ်းကပြောသည်။

မြိတ်မြို့သည် ရှေးအခါက ကုန်ဖလှယ်ရာဆိပ်ကမ်းမြို့အဖြစ် ထင်ရှားခဲ့ပြီး မြိတ်သင်္ဘောဆိပ်အား နိုင်ငံခြားသင်္ဘောများဆိုက်ကပ်ရာ သင်္ဘောဆိပ်အဖြစ်လည်းကောင်း၊ သင်္ဘောများပြင်ဆင်ရာ သင်္ဘောဆိပ်အဖြစ်လည်းကောင်း၊ လှိုင်းလေခိုလှုံရာ သင်္ဘောဆိပ်အဖြစ်လည်းကောင်း အသုံးပြုခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

မြိတ်မြို့သည် ခယ်တောင်ဟုခေါ်တွင်သည့် ယခု သိမ်တော်ကြီးကုန်းကို မြင်းများချည်ထားရာ တောင်ဟုအဓိပ္ပာယ်ရသည့် မာရိတ်တောင်ဟု အမည်တွင်ခဲ့ပြီး မာရိတ်တောင်ကိုအစွဲပြုပြီး မာရိတ်မြို့ဟု အမည်တွင်ခဲ့သည်။ အလောင်းဘုရားလက်ထက်တွင် မာရိတ်ကိုဖျောက်ပြီး မြိတ်မြို့အဖြစ် အမိန့်တော်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အမှိုက်ကင်းရှင်းရေးစီမံချက်များ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်


**ပုဂံ အောက်တိုဘာ ၁၄**

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် အမှိုက်ကင်းရှင်းရေးစီမံချက်များကို ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ပုဂံဒေသ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ့ပြေးစီမံချက်များ၊ စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် ဂျပန်နိုင်ငံအစိုးရ၏ ကူညီမှုများဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက မြန်မာနိုင်ငံဒေသဆိုင်ရာ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များရေးဆွဲကာ ပူးပေါင်းပါဝင်ပေးလျက်ရှိသည်။ အဆိုပါ ရှေ့ပြေးပုံစံတည်ဆောက်ရေးစီမံချက်တွင် ပြည်သူလူထုအသိပညာပေး စည်းရုံးလှုပ်ရှားမှုများ၊ ဒေသထွက်အစားအစာများ၊ ဒေသထွက်အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် သန့်ရှင်းရေးအသိပညာများကိုလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

"ပုဂံဆိုတာ တကယ်ကို သမိုင်းဝင်ရှေးဟောင်းနယ်မြေကြီးပါ။ ပြည်တွင်းပြည်ပဧည့်သည်တွေ အများကြီးလာတယ်။ ဒီအတွက်လည်း ဧည့်သည်တွေအနေနဲ့ အမွေအနှစ်တွေကို တန်ဖိုးထား ထိန်းသိမ်းဖို့လိုသလို ဒေသခံတွေအနေနဲ့ကလည်း ဝန်ဆောင်မှုတွေကို ကောင်းကောင်းပေးနိုင်ဖို့၊ အမှိုက်တွေ စနစ်တကျစွန့်ပစ်ဖို့၊ သန့်ရှင်းဖို့ ဒါတွေဟာလည်း အရေးပါလာပါတယ်။ ဘုရားနားမှာ အမှိုက်ပုံရှိနေတာကိုမြင်ရတာ ဘယ်လိုမှ အမြင်မတင့်တယ်ပါဘူး။ ဒီနေ့ အာနန္ဒာဘုရားနားမှာ အမှိုက်ပုံရှိနေခဲ့တာကို ဂျပန်အဖွဲ့၊ ဟိုတယ်/ခရီးနဲ့ ဒေသဆိုင်ရာအဖွဲ့တွေရယ် ဟိုတယ်ဇုန်က တာဝန်ရှိသူတွေ၊ စားသောက်ဆိုင် လုပ်ငန်းရှင်တွေနဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး ပုဂံဒေသ အမှိုက်ကင်းစင်ရေးလှုပ်ရှားမှု ဆောင်ရွက်ရင်း ဝိုင်းဝန်းရှင်းလင်းခဲ့ကြတယ်။ ဒီလိုပုံစံမျိုး အသိပညာပေးမှုတွေ လုပ်နေတော့ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုမှာ ဒီကဏ္ဍတွေ၊ ဒီအခန်းကဏ္ဍမှာ ပါဝင်နေသူတွေရဲ့ စွမ်းဆောင်မှု မြှင့်တင်ပေးနေတာတွေဟာ တကယ်ကို ကောင်းမွန်လိုအပ်ပါတယ်"ဟု ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ အမှိုက်ကင်းစင်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူတစ်ဦးကပြောသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ လိုအပ်သည့် နည်းပညာနှင့် ပူးပေါင်း ဆောင်ရွက်ပေးနေသော ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့မှ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပြီး ပုဂံဒေသကို ကုလသမဂ္ဂ လက်အောက်ခံ UNESCO အဖွဲ့ကြီး၏ ကမ္ဘာ့အမွေအနှစ်ယဉ်ကျေးမှု စာရင်းဝင်အဖြစ် သတ်မှတ်ခံရရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်မှုနှစ်စဉ်တိုးတက် များပြားလာလျက်ရှိပြီး ပုဂံဒေသသည် ပြည်ပခရီးသွားများအပြင် ပြည်တွင်းခရီးသွားများလည်း လာရောက်မှု များပြားလျက်ရှိသည်။ ယင်းကြောင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် နှစ်တိုနှစ်ရှည် စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လက်ရှိကာလတွင် ကောင်းမွန်သော ခရီးသွားဧည့်ကြိုသည့်စနစ်၊ ခရီးသွားကဏ္ဍအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုစသည့် ကဏ္ဍသုံးခုတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရန် မြန်မာအစိုးရ၏ တောင်းဆိုမှုများနှင့်အတူ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ကျွမ်းကျင်ပညာရှင်များပါဝင်ကာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်၍ သုံးနှစ်စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းသို့ အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစဉ်များစွာအနက် အများပြည်သူ အသိပညာပေးခြင်းများကိုလည်း ပူးတွဲလုပ်ဆောင်လျက်ရှိသည်။

**(ဆုနှင်းလှဲ့)**

# အသက်မွေးဝမ်းကျောင်း ပညာသင်တန်းဖွင့်

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်သော လက်သမားပညာသင်တန်းကို ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့် အောက်တိုဘာ ၉ ရက်မှ ၂၄ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖွင့်ပွဲသို့ ဌာနဆိုင်ရာများ၊ မြို့နယ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ကျေးလက်)**

## ❍ ရီးယဲလ်တိုက်စစ်မှူးမှ

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ဥရောပရွှေဖိနပ်ဆုကို ၂၀၀၇-၂၀၀၈၊ ၂၀၁၀-၂၀၁၁၊ ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ တို့တွင် ရရှိခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးမက်ဆီမှာ ၂၀၀၉-၂၀၁၀၊ ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃ တို့တွင် ရရှိခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး ဂတ်မူလာမှာမူ ၁၉၆၇-၁၉၇၀၊ ၁၉၇၁-၁၉၇၂ တို့တွင် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး ဂျော့စကူးမှာ ၁၉၇၄-၁၉၇၅၊ ၁၉၇၆-၁၉၇၇ တို့တွင် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး ဖာနန်ဒိုဂိုမက်မှာ ၁၉၈၂-၁၉၈၃၊ ၁၉၈၄-၁၉၈၅ တို့တွင် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

**(နိုင်လင်းကြည်)**

# ရန်ကုန် မိုးလေဝသတိုင်းတာရေးရေဒါစခန်း လာမည့် ၂၀၁၆ နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်ဖြစ်ပြီး မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရေဒါစခန်းဆက်လက်ဆောက်လုပ်သွားမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန် မိုးလေဝသတိုင်းတာရေး ရေဒါစခန်း တည်ဆောက် အကောင်အထည်ဖော်နေမှုမှာ လာမည့် ၂၀၁၆ နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်ဖြစ်ပြီး ဆက်လက်၍ မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန် ချစ်ကြည်ရေးအထိမ်းအမှတ်အနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဆောင်ရွက်ပေးခဲ့သော ကျောက်ဖြူ မိုးလေဝသတိုင်းတာရေး ရေဒါစခန်းမှာ ပြီးစီးသွားပြီဖြစ်၍ မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပခဲ့သည်။ မိုးလေဝသတိုင်းတာရေး ရေဒါစခန်းများကို ကျောက်ဖြူမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ဆောက်သွားမည်ဖြစ်ရာ ကျောက်ဖြူမြို့တွင် တည်ဆောက်ပြီးစီးသွားပြီဖြစ်ပြီး လုပ်ငန်းလည်ပတ်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပြီဖြစ်သည်။

ဆက်လက်၍ ရန်ကုန်မြို့တွင် တည်ဆောက်အကောင်အထည်ဖော်နေမှုမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလခန့်တွင် ပြီးစီးရန်မျှော်မှန်းထားပြီး စက်တင်ဘာလတွင် လုပ်ငန်းများ လည်ပတ်နိုင်မည်ဟု သိရသည်။

ရန်ကုန် မိုးလေဝသတိုင်းတာရေး ရေဒါစခန်း ပြီးစီးသွားပါက မန္တလေး မိုးလေဝသတိုင်းတာရေး ရေဒါစခန်းကို ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ပြီး လက်ရှိတွင် မြေအရည်အသွေး တိုင်းတာစစ်ဆေးရေးများကို ဆောင်ရွက်နေသည်ဟု သိရသည်။ မန္တလေး မိုးလေဝသတိုင်းတာရေး ရေဒါစခန်းကို ၂၀၁၇ မတ်လတွင် ပြီးစီးရန် လျာထားကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ သိရသည်။

"အစိုးရသစ်လက်ထက်မှာ ဂျပန်လွှတ်တော်အမတ်လာရောက်စဉ်က ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးနဲ့ပတ်သက်ပြီး ဒါကို ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ နာဂစ်မုန်တိုင်းလိုမျိုး သဘာဝဘေးအန္တရာယ်မျိုး ထပ်မံမကြုံတွေ့စေဖို့နဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် မိုးလေဝသရေဒါတွေ တပ်ဆင်ပေးဖို့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ညှိနှိုင်းဆွေးနွေးချက်အရ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA အစီအစဉ်နဲ့ ဂျပန်နိုင်ငံရဲ့ ထောက်ပံ့ငွေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ကျောက်ဖြူ ရန်ကုန်၊ မန္တလေး ရေဒါစခန်း သုံးခုနဲ့ အလိုအလျောက် မိုးလေဝသတိုင်းတာရေး ကိရိယာ အလုံး ၃၀ တပ်ဆင်ဆောင်ရွက်ဖို့အတွက် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၇၃ သန်း ကုန်ကျမယ့် စီမံကိန်းများဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်က မိုးလေဝသအခြေအနေတွေကို တိုင်းတာနိုင်ဖို့အတွက် ကျောက်ဖြူမှာ ရေဒါစခန်းဆောင်ရွက်တာဖြစ်ပြီး ရန်ကုန်မှာ လေကြောင်းပို့ဆောင်ရေးအထောက်အပံ့ လေကြောင်းမိုးလေဝသဟာလည်း အရေးပါတဲ့အတွက် တည်ဆောက်တာဖြစ်ပါတယ်။ မန္တလေးမှာကတော့ အလယ်ပိုင်းမိုးနည်းဒေသရဲ့ မိုးလေဝသဖြစ်စဉ်တွေကို တိုင်းတာခန့်မှန်းပေးနိုင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီရေဒါစခန်းတွေ မသက်ရောက်နိုင်တဲ့ဒေသတွေကိုတော့ အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ အလုံး ၃၀ ကို တပ်ဆင်သွားမှာဖြစ်ပါတယ်။ စီမံကိန်းကြီး ပြီးစီးဖို့အတွက် လျာထားချက်က ၂၀၁၇ ဖြစ်ပါတယ်" ဟု ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အောက်မြန်မာပြည်ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုချိုရှိန်က ပြောသည်။

တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သည့် ကျောက်ဖြူ မိုးလေဝသတိုင်းတာရေး ရေဒါစခန်းသည် မီတာ ၄၀ အမြင့်ရှိကြောင်းသိရပြီး ရန်ကုန်မြို့တွင် တည်ဆောက်နေသည့် ရေဒါစခန်းသည် မီတာ ၇၀ အမြင့်ရှိ အဆောက်အအုံတစ်ခုဖြစ်ကြောင်း သိရသည်။ မန္တလေးမြို့တွင် တည်ဆောက်သွားမည့် ရေဒါစခန်းမှာ မီတာ ၅၀ အမြင့်ရှိမည်ဖြစ်ပြီး တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တည်ဆောက်သွားမည်ဟု သိရသည်။ ရေဒါစခန်း၏ မိုးလေဝသအခြေအနေ အချက်အလက်များကို ဖမ်းယူနိုင်စွမ်းမှာ အချင်း ၉၀၀ ကီလိုမီတာ(မိုင် ၅၀၀)ခန့်ရှိပြီး ကျန်အခြားသော ဒေသများတွင်လည်း အလိုအလျောက် မိုးလေဝသတိုင်းတာရေး ကိရိယာ အလုံး ၃၀ ကိုလည်း တပ်ဆင်သွားမည်ဖြစ်ရာ စီမံကိန်းပြီးစီးသွားပါက မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချိန်နှင့် တစ်ပြေးညီဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေ၊ မိုးရွာသွန်းနိုင်မှုအခြေအနေ၊ မိုးရေချိန်ရရှိမှုအခြေအနေ၊ လေပြင်းတိုက်ခတ်နိုင်မှုအခြေအနေ စသည့် မိုးလေဝသအခြေအနေများကို ကြိုတင်သတိပေးချက်များ ထိရောက်စွာထုတ်ပြန်နိုင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**



ရန်ကုန် မိုးလေဝသတိုင်းတာရေး ရေဒါစခန်း တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

## ညောင်တုန်းမြို့နယ်တွင် မိုးသည်းထန်မှုများကြောင့် စပါးခင်းများ လေလွင့်မှုများရှိ

**ညောင်တုန်း အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် အောက်တိုဘာ ၈ ရက်မှ ၁၃ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရိတ်သိမ်းရန် အချိန်တန်နေပြီဖြစ်သော စပါးခင်းများ လဲပြိုမှုကြောင့် ပျက်စီးလေလွင့်မှုများရှိကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ မြစ်ရေနစ်မြုပ်ခဲ့မှုကြောင့် စိုက်ပျိုးပြီး ဧက ၁၀၀၀၀ ခန့် ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။ ရေနစ်မြုပ်ပျက်စီးသွားသော စပါးခင်းများတွင် ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြသော်လည်း နှစ်ကြိမ်တိုင် ပြန်လည်စိုက်ပျိုးခဲ့ရမှုကြောင့် တောင်သူလယ်သမားများမှာ ဆုံးရှုံးနစ်နာမှုများရှိကြောင်း သိရသည်။

မိုးပြတ်သွားလျှင် ညောင်တုန်းမြို့မှ တောင်သူလယ်သမားများသည် ဝင်းမှည့်နေသော စပါးခင်းများကို ရိတ်သိမ်းပြီး ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် စပါးဈေးကောင်းမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

## အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုများ၊ အပူလွန်ကဲမှုများကို ခံစားရနိုင်

သတင်း
ဖြိုးစန္ဒာမြင့်
နေဇာဇာထွန်း

**နေပြည်တော် အောက်တိုဘာ ၁၄**

ယခုလက်ရှိအချိန်သည် မုတ်သုံဆုတ်ခွာရန် အချိန်ကျပြီဖြစ်သော်လည်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် လေဖိအားနည်းရပ်ဝန်းကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ပုံမှန်မဟုတ်သည့် မိုးများရွာသွန်းလျက်ရှိရာ အချို့ဒေသများတွင် မိုးများသဖြင့် မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရသည်။

လက်ရှိ မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေနှင့်ပတ်သက်ပြီး "လက်ရှိ မြန်မာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွေမှာ မုတ်သုံဆုတ်သွားပြီ။ မုတ်သုံဆုတ်ဖို့ နောက်ကျခဲ့တဲ့ဒေသတွေကတော့ မြန်မာနိုင်ငံတောင်ပိုင်းဒေသဖြစ်ပါတယ်။ ဒီဒေသတွေမှာ အောက်တိုဘာလဆန်းပိုင်းလောက်မှာ ဆုတ်မယ်လို့ ခန့်မှန်းထားပေမယ့် ယခုလ ၁၀ ရက် ကျော်အထိ နှောင့်နှေးနေရတာကတော့ အောက်တိုဘာ ၈ ရက် နဲ့ ၉ ရက်မှာ ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်ခဲ့တဲ့ လေဖိအားနည်းရပ်ဝန်းကြောင့် မုတ်သုံဆုတ်ဖို့ နှောင့်နှေးနေတာဖြစ်ပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောသည်။

အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖြစ်ပေါ်ခဲ့သည့် လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားဒေ့ရှ်နှင့် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကိုဖြတ်ပြီး လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်သည့်အချိန်မှ အားပျော့သွားသည့်အချိန်ထိ မိုးများ ရွာသွန်းခဲ့ကာ လေဖိအားနည်းရပ်ဝန်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း၊ အရှေ့ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။

လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံအလယ်ပိုင်းဘက်သို့ ရွေ့လျားပြီး အားပျော့သွားပြီဖြစ်ကြောင်း၊ ၎င်း၏အရှိန်ကြောင့် တရုတ်နိုင်ငံမှ လေဖိအားကြီးရပ်ဝန်းနှင့် အိန္ဒိယနိုင်ငံအနောက်မြောက်ဘက်က လေဖိအားကြီးရပ်ဝန်းမှလာသည့် လေများသည် မြန်မာနိုင်ငံအလယ်ပိုင်းလောက်တွင် သွားဆုံပြီး ယင်းအကျိုးဆက်ကြောင့် မိုးရွာသွန်းမှုများကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း၊ အောက်တိုဘာ ၁၅ ရက်၊ ၁၆ ရက်ခန့်တွင် မိုးလျော့နည်းသွားမည်ဟု ခန့်မှန်းထားကြောင်း ဦးလှထွန်းက ဆိုသည်။

မိုးရွာသွန်းမှုအခြေအနေနှင့်ပတ်သက်ပြီး မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဖော်ပြချက်အရ "မြန်မာတစ်နိုင်ငံလုံးမှာ မိုးအားလျော့နည်းသွားနိုင်ပါတယ်။ ကချင်ပြည်နယ်မှာ နေရာကွက်ကျား မိုးရွာနိုင်ပါတယ်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ နေရာစိပ်စိပ် မိုးရွာသွန်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပါတယ်။ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး အရှေ့တောင်ပိုင်း၊ မွန်ပြည်နယ်မြောက်ပိုင်းဒေသအချို့တွေမှာ မိုးရွာသွန်းမှုများကြောင့် ရေဖုံးလွှမ်းခံရနိုင်ပါတယ်" ဟု ခန့်မှန်းထားသည်။

> **မြန်မာနိုင်ငံအနေနှင့် အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများအဖြစ် မုတ်သုံဆုတ်ခွာချိန်ပိုစောပြီး မိုးရွာသွန်းမှု ပုံမှန်မဟုတ်ခြင်း၊ အပူချိန်ပုံမှန်ထက်မြင့်တက်မှုများ ဖြစ်ပေါ်ခြင်းအပြင် အဓိကအကျိုးသက်ရောက်မှုအဖြစ် နွေရာသီတွင် နေ့အပူချိန်မြင့်တက်ပြီး ဆောင်းကာလတွင်လည်း အပူချိန်များ မြင့်တက်လာနိုင်ကြောင်း၊ မုတ်သုံစောထွက်သည့်အတွက် နောက်ပိုင်းတွင် မိုးရွာသွန်းမှုနည်းပြီး ရေအခက်အခဲဖြစ်ပေါ်နိုင်။**

ယခုလက်ရှိတွင် ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာတွင် မြေပြို၍ လူသေဆုံးမှုများ ဖြစ်ပွားခဲ့ပြီး ဆင်ပေါင်ဝဲမြို့နယ်နှင့် သရက်မြို့နယ်များတွင် မိုးရွာသွန်းမှုကြောင့် ချောင်းရေများလျှံတက်ပြီး တံတားကျိုးမှုများ၊ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

ယခုနှစ်တွင် အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုများ၊ အပူလွန်ကဲမှုများကို ခံစားရနိုင်ကြောင်း ပညာရှင်များကဆိုထားသည်။ ယင်းအပြင် မြန်မာနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ်၏ အယ်လ်နီညိုရာသီဥတုသည် စက်တင်ဘာလမှစပြီး အားကောင်းသည့် အယ်လ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုကို ခံစားရမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

ကမ္ဘာ့ကြီးပူနွေးလာမှုသည် ယခုနှစ်ရာစုနှစ်အကုန်တွင် အနည်းဆုံး ၃ ဒသမ ၆ ဒီဂရီအထိရှိလာနိုင်ပြီး ယင်းကဲ့သို့ ကမ္ဘာမြေပူနွေးလာမှုသည် ရေရှည်တွင် ပင်လယ်ရေမျက်နှာပြင်အမြင့် ၁၀မီတာအထိ မြင့်တက်စေနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။ ယင်းကဲ့သို့ ဖြစ်ပေါ်လာမှုနှင့်အတူ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် လေပြင်းမုန်တိုင်းများ၊ အပူလှိုင်းများနှင့် ဆိုင်ကလုန်းမုန်တိုင်းများ၊ မိုးခေါင်မှုများ၊ ရေကြီးမှုဖြစ်စဉ်များကို ကြုံတွေ့ရနိုင်သည်။

အယ်လ်နီညိုဖြစ်စဉ်သည် ယခုနှစ်မှ ၂၀၁၆ နွေဦးအထိ ဆက်လက်တည်ရှိနေနိုင်ကြောင်းနှင့် ယခုနှစ်တွင် ဖြစ်ပေါ်သော အယ်လ်နီညိုဖြစ်စဉ်၌ လေစီးကြောင်းနှင့်အတူ ပျံ့နှံ့လာသည့် ရေနွေးငွေ့များသည် ၁၉၉၇ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ရေနွေးငွေ့များထက် မလျော့နိုင်ဟု အပြည်ပြည်ဆိုင်ရာ သမုဒ္ဒရာနှင့် လေထုတိုင်းတာစောင့်ကြည့်ရေးအဖွဲ့ (NOAA) က သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများအဖြစ် မုတ်သုံဆုတ်ခွာချိန်ပိုစောပြီး မိုးရွာသွန်းမှု ပုံမှန်မဟုတ်ခြင်း၊ အပူချိန်ပုံမှန်ထက်မြင့်တက်မှုများ ဖြစ်ပေါ်ခြင်းအပြင် အဓိကအကျိုးသက်ရောက်မှုအဖြစ် နွေရာသီတွင် နေ့အပူချိန်မြင့်တက်ပြီး ဆောင်းကာလတွင်လည်း အပူချိန်များ မြင့်တက်လာနိုင်ကြောင်း၊ မုတ်သုံစောထွက်သည့်အတွက် နောက်ပိုင်းတွင် မိုးရွာသွန်းမှုနည်းပြီး ရေအခက်အခဲဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



# ငှက်ကလေးတွေဘာကြောင့် စိတ်တိုနေရတာလဲဆိုတာ အဖြေရှာပေးမယ့် Angry Birds Movie

တစ်ကမ္ဘာလုံးလူကြိုက်များခဲ့တဲ့ ငှက်စိတ်တိုဂိမ်းထဲက ငှက်ကလေးတွေ ဘာကြောင့်စိတ်တိုနေတာလဲဆိုတာအဖြေပေးနိုင်မယ့် Angry Birds Movie ကို လာမည့်၂၀၁၆ မေလ၌ ရုံတင်ပြသမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါဇာတ်ကားအား နောက်ဆုံးပေါ် 3Dနည်းပညာဖြင့် တင်ဆက်သွားမည်ဖြစ်ပြီး ဒါရိုက်တာအဖြစ်ကလေးကေးတစ်နှင့် ဖာဂယ်ရိွုင်လီတို့က တာဝန်ယူရိုက်ကူးထားသည်။

ဇာတ်လမ်း၏အကျဉ်းမှာ ကျွန်းတစ်ကျွန်းတွင် ငှက်ပေါင်းမြောက်မြားစွာအခြေချနေထိုင်ကြပြီး ထူးဆန်းသည်မှာ ယင်းငှက်အများစုက မပျံသန်းနိုင်ကြခြင်း ဖြစ်သည်။သို့သော် ယင်းကျွန်းသို့ ထူးဆန်းသော အစိမ်းရောင်ဝက်ကလေးများ ဝင်ရောက်လာချိန်မှာတော့ မထင်မှတ်တာတွေဖြစ်လာခဲ့ပြီးနောက် ငှက်ကလေးတွေဘာကြောင့် စိတ်တိုရသလဲဆိုသည့်အဖြေကို ဇာတ်ကား၏အဆုံးသတ်၌ သိကြရမည်ဖြစ်သည်။


ငှက်စိတ်တိုဂိမ်းသည် ၂၀၀၉ခုနှစ် အင်တာနက်မှ အခမဲ့ကူးယူခွင့်ပြုခဲ့ရာ ဒေါင်းလုဒ်ဆွဲပြီး ရယူခဲ့သူပေါင်း သုံးသန်းကျော်ရှိခဲ့သော နာမည်ကျော်ဂိမ်းတစ်ခုလည်းဖြစ်သည်။အသံသရုပ်ဆောင်များအဖြစ်ဂျက်ဆန်ဆူဒီကီ၊ဂျို့စ်ဂတ်ဂ်နှင့် ဒန်နီမက်ဘရိုက်တို့က အဓိကပါဝင်ထားကြပြီး တစ်ကမ္ဘာလုံးရှိ ကာတွန်းကားနှစ်သက်သည့်ပရိသတ်များအတွက် မူလဂိမ်းဖန်တီးထားသည့် ရိုဗီရိုကပင် ဇာတ်လမ်းကျောရိုးနှင့်အခြားဖန်တီးမှုအပိုင်းအတော်များများကို တာဝန်ယူခဲ့ကြောင်းလည်း အောက်တိုဘာ ၁၂ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဆိုနီဖျော်ဖြေရေးက ပြောကြားခဲ့သည်။ **မေလွဲ့သင်း**

# အလီရှာကာဂျာယ်နဲ့ ခရစ္စတင်းစတီးဝပ်တို့ ဘာကြောင့် ပြတ်စဲခဲ့တာလဲ

Twilight ဇာတ်ကားမင်းသမီးချော ခရစ္စတင်းစတီးဝပ်က သူ့ရဲ့လိင်တူချစ်သူ အလီရှာကာဂျာယ်လ်နဲ့ပြတ်စဲဖို့ နှစ်ဦးစလုံးက ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ အတည်ပြုပြောကြားခဲ့ပြီးနောက်မှာ သူ့ရဲ့ပရိသတ်တွေဆီက ဘာကြောင့်လဲဆိုတဲ့မေးခွန်းတွေဆက်တိုက်ထွက်ပေါ်လာခဲ့ပါတယ်။အလီရှာက ခရစ္စတင်းအတွက် လိုအပ်တဲ့ကွက်လပ်ကို အမြဲဖြည့်ပေးခဲ့သူဖြစ်ပြီး ခရစ္စတင်းရဲ့ မိခင်ဖြစ်သူကိုတောင် အဆင်ပြေအောင်ပေါင်းသင်းနိုင်တဲ့သူဖြစ်ပါတယ်။သူတို့နှစ်ဦးကို ဟောလိဝုဒ်အသိုင်းအဝိုင်းက အလိုက်ဖက်ဆုံး လိင်တူချစ်သူစုံတွဲအဖြစ် သတ်မှတ်ပေးထားပြီး အခုလိုဘာကြောင့် ပြတ်စဲခဲ့တာလဲဆိုတာကို ပဟေဠိဖြစ်နေကြဆဲပါ။

ဒါပေမယ့် အလီရှာက ခရစ္စတင်းရဲ့ အမြဲတမ်းရှုပ်ထွေးနေတဲ့အချိန်ဇယားတွေကြောင့် တွေ့ဆုံရချိန်နည်းပါးတဲ့အတွက် ယခုလိုနောက်ဆက်တွဲကိစ္စရပ်တွေဖြစ်လာရတာလို့ အင်တာဗျူးတစ်ခုမှာဖြေခဲ့ပါတယ်။အမှန်ကတော့ ခရစ္စတင်းအနေနဲ့ အရင်ချစ်သူဟောင်းရော်ဘတ်ပတ်တီဆန်ကို မမေ့နိုင်သေးတာကြောင့် အလီရှာက ဒီဖြစ်ရပ်ကို လက်ခံနိုင်ဖို့ ခက်ခဲနေခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် အလီရှာက ခရစ္စတင်းရဲ့လက်ထောက်အနေနဲ့ အလုပ်လုပ်ကိုင်ဖူးတာကြောင့် ပတ်တီဆန်နဲ့ ခရစ္စတင်းရဲ့ ဆက်ဆံရေးအပေါ်အတွင်းကျကျ သိနေခဲ့သူဖြစ်ပါတယ်။ခရစ္စတင်းကတော့ အလီရှာရဲ့ ဆုံးဖြတ်ချက်အပေါ် ဘာတစ်ခုမျှ ငြင်းပယ်မှာမဟုတ်ဘဲ သူတို့နှစ်ဦးကြားရင်းနှီးတဲ့ ဆက်ဆံရေးကလည်း ဆက်ရှိနေဦးဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။



ခရစ္စတင်းက မကြာသေးခင်က ပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာ ပတ်တီဆန်နဲ့ ပြတ်စဲခဲ့ရတာက သူ့အတွက် မယုံနိုင်စရာကောင်းလောက်အောင် နာကျင်ခဲ့ရတယ်လို့ထုတ်ဖော်ဝန်ခံခဲ့တာကြောင့် ဒီအပေါ်မှာ အလီရှာကဒေါသထွက်ခဲ့တယ်လို့လည်း သတင်းရင်းမြစ်တစ်ခုမှာ ဖော်ပြထားပါတယ်။

**မေလွဲ့သင်း**

# IU၏ မီနီတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မည့်ရက်ထုတ်ပြန်ကြေညာ




တောင်ကိုရီးယားပေါ့ပ်အဆိုတော် IUသည်အောက်တိုဘာ ၁၂ရက်က သူ၏မီနီတေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မည့်ရက်ကိုလူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါတေးအယ်လ်ဘမ်အတွက် ရည်ရွယ်ရိုက်ကူးထားသောသူ၏ဓာတ်ပုံကိုလည်းထုတ်ဖော်ပြသခဲ့သည်။

အဆိုပါတေးအယ်လ်ဘမ်သည် “CHAT-SHIRE” ဟုအမည်ရပြီး အောက်တိုဘာ ၂၃ ရက်တွင် စတင်ထုတ်လွှင့်ဖြန့်ချိသွားမည်ဖြစ်သည်။

အဆိုပါ တေးအယ်လ်ဘမ်သည် ပြီးခဲ့သည့် တစ်နှစ်ခွဲတာကာလအတွင်းသူ၏ပထမဦးဆုံး ပြန်လည်ထုတ်လုပ်ခဲ့သောတေးအယ်လ်ဘမ်လည်းဖြစ်သည်။ IUသည် သူ၏ နောက်ဆုံး တေးအယ်လ်ဘမ် “A Flower Bookmark” ကို ၂၀၁၄ ခုနှစ် မေလကထုတ်လုပ်ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

**အေးပြည့်**

# ရုပ်မြင်သံကြားအစီအစဉ်များ

၁၅ - ၁၀ -၂၀၁၅ (ကြာသပတေးနေ့)

## မြန်မာ့ရုပ်မြင်သံကြား Enterainment Channel

- ၆:၀၀ အဖွင့် -ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ(အေဝမ်းတင်တင်လှ)
- ၆:၃၀ “မဟော်သဓာ” (အပိုင်း-၂၂)
- ၇:၀၀ “ပေါင်ချိန်ရဲ့ တံဆိပ်တုံး”
- ၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မြစိမ်းရောင်သံစဉ်”(အပိုင်း-၂)
- ၈:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၁၄)
- ၈:၅၅ မြန်မာဗီဒီယိုဇာတ်လမ်း “စွဲချက်” (ပထမပိုင်း) ဟိန်းဝေယံ၊ ထွန်းအိန္ဒြာဗို၊ မေသက်ခိုင် ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်
- ၉:၅၀ China In Myanmar Cultural Show
- ၁၀:၀၀ မြန်မာဗီဒီယိုဇာတ်လမ်း “သန်းခေါင်ကျော်မခေါ်ရ” မောင်၊ မိုးဟေကို၊ ဝိုင်းစုခိုင်သိန်း ဒါရိုက်တာ- မောင်မျိုးမင်း(ရင်တွင်းဖြစ်
- ၁၂:၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ် ပြသပါမည်။**

## MRTV - 4

- ၅:၀၀ ပဌာန်းပါဠိတော်+ဓေဂ္ဂသုတ်
- ၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Sweety Home Living Mall Thaketa Grand Opening)
- ၉:၄၀ အနုပညာမိုးကောင်းကင်
- ၁၀:၀၅ ခေတ်သစ်ပျိုမေ
- ၁၁:၀၀ Food & De'cor
- ၁၁:၃၀ MRTV-4 Stage
- ၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၇၂)
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (ဇာတ်သိမ်းပိုင်း)
- ၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ”(အပိုင်း-၈၃)
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ”(အပိုင်း-၈၄)
- ၇:၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ " Flowers & Butterflies "
- ၈:၂၀ ရသစုံညွှန်းတမ်းများ
- ၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားကမေတ္တာများ” (အပိုင်း-၅)
- ၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၇၃)
- ၄:၁၀ World of Knowledge (America Lost Treasures: Rare Silver Goblet)

## မြဝတီ

- ၆:၀၃ တရားတော်
- ၆:၂၀ မေတ္တာပို့
- ၆:၂၅ ဓမ္မပူဇာတေး
- ၆:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈:၀၄ အမျိုးသားရေးတေးကဗျာ
- ၈:၁၀ ရှေးဟောင်းသုတ
- ၈:၂၅ DVD Hits
- ၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၈:၅၅ လျှပ်တစ်ပြက်
- ၄:၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၄၀ ဇာတ်လမ်းတို
- ၄:၄၅ ဗွီစီဒီကျော်ကြားတေး
- ၄:၅၀ မွေးမြူသုတ
- ၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
- ၅:၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၂၀ မှော်ဆရာနဲ့အပျော်ဆရာ
- ၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၈၂)
- ၆:၁၅ ရင်ခုန်လှုပ်ရှားအားကစား
- ၆:၃၅ Hello Miss Universe
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂျောင်းဒိုဂွန်း (အပိုင်း-၃၈) - ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၃၅)

## mitv

- 07:25 Myanmar Social & Charitable Association (EP-3) (Part-1)
- 07:49 Myanmar Social & Charitable Association (EP-3) (Part-2)
- 08:26 Bogalay Tint Aung: A Man of Versatility (Episode- IV)
- 08:53 Kayah
- 09:03 News
- 09:26 Marketable Goods (Straw painting)
- 09:44 Five-Star Ocean Liners in Myanmar Waters
- 10:03 News
- 10:26 Myanmar Martial Art (EP-1) (Bando)
- 10:44 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
- 07:03 News
- 07:26 Mrauk U, Treasure Trove of Rakhine Culture
- 07:46 Products Of Myanmar - Velvet Slipper
- 08:26 Innovative Handiworks Based On The Art Of Line Drawing
- 08:45 Entrepreneur "Nan Ei Ei Zar"
- 09:26 Let's Cook (EP-5) Creamy Mushroom Soup & Honey Lemon Drink
- 09:53 A Nun's Creation in Fruit Carving

## ဘောလုံးလောကသတင်းတိုများ

*❏ လီဗာပူးအသင်းသည် နည်းပြဘရန်ဒန်ရော့ဂျာ နေရာတွင် အစားထိုးရန် နည်းပြဂျာဂန်ကလော့ကို အစားထိုးခေါ်ယူခဲ့သော်လည်း လီဗာပူးအသင်း၏ ပထမဆုံးရွေးချယ်ရန်ပစ်မှတ်ထားခဲ့သည့် နည်းပြမှာချယ်လ်ဆီးနှင့် ရီးယဲလ်မက်ဒရစ်နည်းပြဟောင်း အန်ဆယ်လော့တီသာဖြစ်ကြောင်း စပါးအသင်းနည်းပြဟောင်း ဟယ်ရီရက်နက်က ပြောကြားခဲ့သည်။*

*❏ မန်ယူအသင်းသည် နည်းပြဗန်ဟားလ်ရောက်ရှိလာခဲ့ပြီးနောက် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလမှ စတင်ကာ ကစားသမားသစ်များခေါ်ယူမှုမှာ ပေါင်သန်း ၂၅၀ကျော်အထိ သုံးစွဲခဲ့ပြီးဖြစ်သော်လည်း အသင်းအင်အားတောင့်တင်းရေးအတွက် နောက်ထပ် အကုန်အကျခံသုံးစွဲသွားဦးမည်ဖြစ်ကြောင်း မန်ယူအသင်း ဒုတိယအမှုဆောင်ဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝက်ဒ်က ပြောကြားခဲ့သည်။*

*❏ ဝက်စ်ဟမ်းအသင်းနောက်ခံလူ တွန်ကင်သည် ၎င်း၏ နည်းပြဟောင်းဖြစ်သူ ဆမ်အလာဒိုက်စ်ရှိရာ ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့ကစားလိမ့်မည်မဟုတ်ဘဲ လက်ရှိကလပ် ဝက်စ်ဟမ်းအသင်း၌သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းပိုင်ရှင် ဒေးဗစ်ဆူလီဗန်က ပြောကြားခဲ့သည်။*

*❏ မန်ယူအသင်းနှင့် စပါးအသင်းတို့သည် ၎င်းတို့၏ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းဖြစ်သည့် ဆန်းဒါးလန်းအသင်းမှ အသက်(၂၁)နှစ်အရွယ်ရှိ ဂိုးသမား ပစ်ဖော့ဒ်အား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း ဒေးလီးမေးလ် အားကစားသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။*

*❏ အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမား ဗစ်တာဗဲလ်ဒက်သည် နည်းပြဗန်ဟားလ်၏ မန်ယူအသင်းတွင် ပထမဦးစားပေးဂိုးသမားအဖြစ် ပွဲထွက်ခွင့်မရရှိခဲ့ခြင်းကြောင့် ဒဂျာရာရဂိုးသမား တင်ခရူးလ်နေရာတွင် အစားထိုးရန် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားလိမ့်မည်ဖြစ်ကြောင်း သိရသည်။*

*❏ ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်းနှင့် အဲဗာတန်အသင်းတို့သည် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းမှ အသက်(၂၉)နှစ်အရွယ်ရှိ ဂျပန်ကွင်းလယ်ကစားသမား ဟွန်ဒါအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေခြင်းကြောင့် ဟွန်ဒါအနေဖြင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ပရီမီယာလိဂ်သို့ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်း သိရသည်။* **(ငွေကြယ်)**



# အာဆင်နယ်ကိုအနိုင်ရတာလောက် ကောင်းမွန်သော ခံစားချက်မရှိလို့ဆိုတဲ့ ဆမ်အလာဒိုက်စ်

ဆန်းဒါးလန်းနည်းပြသစ် ဆမ်အလာဒိုက်စ်က အာစင်ဝင်းဂါး၏အာဆင်နယ်ကဲ့သို့ ဘောလုံးရသအပြည့်အဝပေးစွမ်းနိုင်သည့်အသင်းအား အနိုင်ရရှိအောင်ကစားနိုင်သော ခံစားချက်လောက် ကောင်းမွန်သော ခံစားချက်မရှိဟု သူ၏နောက်ဆုံးထွက်ရှိခဲ့သော ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်တွင် ထည့်သွင်းရေးသားထားသည်။။ဆမ်အလာဒိုက်စ်သည် ဘော်လ်တန်နည်းပြအဖြစ်တာဝန်ယူစဉ်ကာလအတွင်း အာဆင်နယ်အား အကြိမ်ကြိမ်ကျရှုံးအောင် စီမံခန့်ခွဲနိုင်သည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

အလာဒိုက်စ်က ဝင်းဂါးမှာမြောက်လန်ဒန်ဒါဘီပွဲများအပြီး အတူတကွသောက်ရန် တစ်ခါတစ်ရံဖိတ်ခေါ်တတ်သည့်အချိန်မှလွဲ၍ကျန်သည့်ကိစ္စရပ်များတွင် အဆက်အဆံလုပ်လေ့မရှိခြင်းကြောင့် ဝင်းဂါးအား မောက်မာသူအဖြစ် သူ၏ထင်မြင်ချက်ကို အဆိုပါစာအုပ်၌ ထည့်သွင်းရေးသားထားသည်။ ထို့ပြင် အာဆင်နယ်နှင့်ဘော်လ်တန်အသင်းတို့ သရေရလဒ်သာကစားနိုင်လျှင် ဝင်းဂါးက လက်ဆွဲနှုတ်ဆက်သော်လည်း ကြမ်းပြင်ပေါ်သို့ သူ၏လည်စည်းကြိုးကို လွှင့်ပစ်သည့် အပြုအမူမျိုးလုပ်တတ်သည့်အတွက် အဆိုပါကိစ္စရပ်ကို ၎င်းအနေဖြင့် နှစ်သက်မှုမရှိကြောင်း ဆက်လက်ဖော်ပြထားသည်။

"ကျွန်တော်ရဲ့ ဘော်လ်တန်နည်းပြဘဝမှာ ဝင်းဂါးရဲ့ အာဆင်နယ်ကိုနိုင်တာလောက် ကျေနပ်စရာကောင်းတဲ့ခံစားချက်မျိုးမရှိပါဘူး။ ဒီ့အတွက် ဝင်းဂါးက ဘော်လ်တန်ကိုမုန်းကောင်းမုန်းမှာပါ။ တစ်ခါက ဟိုက်ဘူရီကွင်းမှာ ဘော်လ်တန်နဲ့ အာဆင်နယ်တို့ သရေကျတော့ သူကလက်ဆွဲနှုတ်ဆက်တာလက်ခံပေမယ့် ရေဘူးကို ပစ်လွှတ်တာမျိုးတွေ၊ အရာဝတ္ထုတစ်ခုခုကို ပစ်လွှတ်တာမျိုးတွေလုပ်တတ်တာတွေ့ဖူးပါတယ်။ ဒါက ပရော်ဖက်ရှင်နယ်မပီသရာရောက်ပါတယ်။ အာဆင်နယ်က ကစားပုံကောင်းပေမယ့် သူတို့ရဲ့အားနည်းချက်ကိုရှာပြီး အနိုင်ယူဖို့ လွယ်တဲ့အသင်းပါ။ ကျွန်တော်ဒါမျိုးလုပ်ပြချင်ပါတယ်" ဟု ဆမ်အလာဒိုက်စ်ကပြောကြားခဲ့သည်။ **(မေလှဲ့သင်း)**

# မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (တောင်ကြီး) ဆုချီးမြှင့်ပွဲ ကျင်းပ

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာ့ရွှေဆောင်ဘဏ်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် ဆဋ္ဌမပွဲစဉ် (တောင်ကြီး)၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က မြန်မာ့ရွှေဆောင်ဘဏ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာအားပေးအပ်ချီးမြှင့်ရာ မြန်မာ့ရွှေဆောင်ဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်စိုးမင်းက လက်ခံရယူပြီး အမှတ်တရလက်ဆောင်ကို အေးသာယာဂေါက်ကွင်း ကွင်းတာဝန်ခံ ဦးစိုးမြင့်က လက်ခံရယူသည်။

ထို့နောက် အပျော်တမ်း အမျိုးသမီးနေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာ့ရွှေဆောင်ဘဏ်မှ စီနီယာမန်နေဂျာ ဒေါ်ခင်သီတာကလည်းကောင်း၊ အပျော်တမ်းအဆင့်အမျိုးသားနှင့် ပညာရှင်အဆင့် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်မှုဆောင် ဦးမျိုးဒန်က လည်းကောင်း ပေးအပ်ချီးမြှင့်သည်။


ဆက်လက်ပြီး မြန်မာ့ရွှေဆောင်ဘဏ် အထွေထွေမန်နေဂျာ ဦးနိုင်အောင်က အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲ၌စုစုပေါင်း ရိုက်ချက် ၂၄၀ ဖြင့် တတိယရရှိသော မေဦးခိုင်၊ စုစုပေါင်းရိုက်ချက် ၂၃၆ ချက်ဖြင့် ဒုတိယရရှိသော ယဉ်မေမျိုး၊ စုစုပေါင်းရိုက်ချက် ၂၃၂ ချက်ဖြင့် ပထမရရှိသောခင်မာနွယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ရွှေဆောင်ဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်စိုးမင်းက အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်း ရိုက်ချက် ၃၀၂ ချက်ဖြင့် တတိယရရှိသော လှိုင်မင်းထက်၊ စုစုပေါင်းရိုက်ချက် ၃၀၀ ဖြင့် ဒုတိယရရှိသော လှိုင်မြင့်ဇော်၊ စုစုပေါင်းရိုက်ချက် ၂၉၇ချက်ဖြင့် ပထမရရှိသော ကျော်သက်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်လှဟန်က ပရော်ဖက်ရှင်နယ်အဆင့် ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၅ ချက် (၃ ချက်လျှော့) ဖြင့် တတိယရရှိသော သိန်းဇော်မြင့် (Mizuno)၊ စုစုပေါင်းရိုက်ချက် ၂၈၄ ချက် (၄ ချက်လျှော့) ဖြင့်ဒုတိယရရှိသော သိန်းနိုင်စိုး (HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၈၃ ချက် (၅ ချက်လျှော့)ဖြင့် ပထမရရှိသွားသော ဘိုဘို (HAN Golf Academy) တို့အား ဆုများ ပေးအပ်ချီးမြှင့်၍ မြန်မာ့ရွှေဆောင်ဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာဦးကျော်စိုးမင်းက ပထမရရှိသွားသော ဘိုဘို (HAN Golf Academy) အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။ **ဖိုးသော်ဇင်**

# စပိန်လာလီဂါရင်ခုန်သံ – ၈

**စပိန်လာလီဂါပွဲစဉ် (၈)ကို အောက်တိုဘာ ၁၇၊ ၁၈၊ ၁၉၊ ၂၀ရက်တွေမှာ ပြန်ပြီးကျင်းပသွားဖို့ရှိပါတယ်။ ပရီမီယာလိဂ်နဲ့ အီတလီစီးရီးအေတို့မှာ လက်ရှိချန်ပီယံချယ်လ်ဆီးနဲ့ ဂျူဗင်တပ်တို့ရုန်းကန်နေရသလို လာလီဂါနောက်ဆုံးပွဲစဉ်မှာလည်း ချန်ပီယံဘာစီလိုနာကို ရှုံးပွဲကြုံထားပါတယ်။ ဒါကြောင့်ဒီပွဲစဉ် (၈)မှာ ဘာစီလိုနာနိုင်ပွဲပြန်ရမလားဆိုတာ စောင့်ကြည့်သွားရမှာပါ။**




**ရီးယဲလ်မက်ဒရစ် - လီဗန်တေး ည-၈း၃၀ (၁၇-၁၀-၁၅)**

ရီးယဲမက်ဒရစ်ဟာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့်လည်း လာလီဂါမှာ နှစ်ပွဲဆက်သရေကျခဲ့ရလို့ နိုင်ပွဲပြန်ရရေး အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ လီဗန်တေးရဲ့ ခြေစွမ်းပိုင်းကလည်း အားနည်းလွန်းနေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်ကသာ ဖိအားပေးအနိုင်ရယူသွားမှာပါ။

**အီဘား - ဆီဗီလာ ည-၁၀း၄၅ (၁၇-၁၀-၁၅)**

ဆီဗီလာဟာ ဘာစီလိုနာနဲ့ပွဲအပါအဝင် နောက်ဆုံးနှစ်ပွဲဆက်တိုက်အနိုင်ရခဲ့သလို ကစားပုံလည်း ပြန်လည်ကောင်းမွန်လာပါတယ်။ ဒါပေမယ့် ဆီဗီလာဟာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲစဉ်တွေ ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်ဖို့ခက်နိုင်သလို အီဘားရဲ့ ခြေစွမ်းကလည်း မဆိုးတာကြောင့် ဆီဗီလာအခက်တွေ့နိုင်ပြီး နိုင်ရင်တောင် မပြတ်သားဘူး။

**ဘာစီလိုနာ - ဗယ်လီကာနို နံနက်-၁း၀၀ (၁၈-၁၀-၁၅)**

ဘာစီလိုနာဟာ မက်ဆီဒဏ်ရာရရှိသွားမှုနဲ့အတူ တိုက်စစ်ပိုင်းက ထိုးဖောက်ကစားပုံ ကျဆင်းလာကာ ဆီဗီးလ်ကိုတောင်ရှုံးနိမ့်ခဲ့ရပါတယ်။ ဒ့ါအပြင် ဒီပွဲအပြီးမှာလည်း ဘာစီလိုနာကို ချန်ပီယံလိဂ်ပွဲရှိတာကြောင့် ခြေကုန်ထုတ်ဖို့ ခက်မှာပါ။ ဒါပေမယ့် ဗယ်လီကာနိုရဲ့ ခြေကလည်း အားနည်းနေတာကြောင့် ဒီပွဲမှာတော့ ဘာစီလိုနာနိုင်ပွဲရမှာပါ။

**ဗလန်စီယာ - မာလာဂါ နံနက် - ၂း၃၀ (၁၈-၁၀-၁၅)**

ဗလန်စီယာရဲ့ခြေက ဒီရာသီမှာ မတည်ငြိမ်ပါဘူး။ အထူးသဖြင့် ခုနစ်ပွဲကစားပြီး လေးဂိုးသာသွင်းနိုင်ခဲ့တဲ့ တိုက်စစ်က အားနည်းလွန်းပါတယ်။ ဒ့ါအပြင် ဒီပွဲအပြီးမှာလည်း ဗလန်စီယာဟာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်ဖို့ ခက်မှာပါ။ မာလာဂါရဲ့ အခုနောက်ပိုင်းခြေကလည်း မဆိုးတာကြောင့် ဗလန်စီယာ သရေလောက်ပဲရမယ်။

**ဘက်တစ် - အက်စ်ပန်ညို နံနက်-၂း၃၅ (၁၈-၁၀-၁၅)**

ဘက်တစ်ရဲ့ခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အရှုံးတစ်ပွဲသာရရှိခဲ့ပါတယ်။ တိုက်စစ်ပိုင်းကအဆုံးသတ်သိပ်မသေချာပေမယ့် အိမ်ကွင်းဖြစ်လို့ အားစိုက်ကစားဦးမှာပါ။ အက်စ်ပန်ညိုကတော့ အခုနောက်ပိုင်းခြေစွမ်းကျဆင်းလာပါတယ်။

**ဗီလာရီးယဲလ် - ဆယ်တာဗီဂို ညနေ ၄း၃၀ (၁၈-၁၀-၁၅)**

ဗီလာရီးယဲလ်ဟာ အမှတ်ပေးဇယားထိပ်ဆုံးမှာရှိနေပေမယ့် နောက်ဆုံးပွဲစဉ်မှာ လီဗန်တေးကို ရှုံးခဲ့ရတာကိုကြည့်ရင် ခြေမငြိမ်သေးဘူး။ ဒ့ါအပြင် ဒီပွဲစဉ်အပြီးမှာလည်း ယူရိုပါလိဂ်ကစားရဖို့ရှိနေတာကြောင့် တံ့ပြန်ကစားပုံကောင်းတဲ့ ဆယ်တာဗီဂိုကိုအနိုင်ရဖို့ ရုန်းကန်ရနိုင်ပြီး ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

**ဆိုစီဒက် -အက်သလက် ည-၈း၃၀ (၁၈-၁၀-၁၅)**

အက်သလက်တီကိုဟာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့် လာလီဂါမှာ နှစ်ပွဲဆက်အနိုင်ပျောက်ပြီး အဆင့် ၅ နေရာကို ရောက်ရှိနေတာကြောင့် နိုင်ပွဲပြန်ရရေး အားစိုက်လာမှာသေချာပါတယ်။ ဒ့ါအပြင်ဆိုစီဒက်ရဲ့ ခြေစွမ်းကလည်း မတည်ငြိမ်တာကြောင့် ဒီပွဲမှာတော့ အက်သလက်တီကိုကသာ နိုင်ပွဲရယူသွားမှာပါ။

**ဂီတာဖေး - လက်ပဲလ်မတ်စ် ည-၁၀း၄၅ (၁၈-၁၀-၁၅)**

တန်းတက်လက်ပဲလ်မက်စ်ဟာ ခြေစွမ်းပိုင်းအားနည်းမှုတွေ များလွန်းတဲ့အသင်းပါ။ အထူးသဖြင့် တစ်ပွဲတစ်ဂိုးနှုန်း သွင်းနိုင်ဖို့ကိုတောင် ရုန်းကန်နေရတဲ့တိုက်စစ်ပိုင်းက အားနည်းလွန်းပါတယ်။ ဂီတာဖေးကလည်း တိုက်စစ်ကစားပုံရော အသင်းလိုက်စွမ်းဆောင်နိုင်မှုမှာပါ သာမန်သာရှိပေမယ့် အိမ်ကွင်းဖြစ်တယ်။ ဂီတာဖေးကပ်နိုင်မှာပါ။

**ဒီပို့တီဗို - ဘီဘာအို နံနက်-၁း၀၀ (၁၉-၁၀-၁၅)**

ဒီပို့တီဗိုခြေစွမ်းက မဆိုးဘူးလို့ပြောနိုင်ပါတယ်။ ခုနစ်ပွဲကစားပြီးချိန်မှာ ရှုံးပွဲတစ်ပွဲသာရှိပါသေးတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာကစားပုံ ပိုကောင်းတတ်တာကြောင့် ဘီဘာအိုကိုထိန်းချုပ်နိုင်မှာပါ။ ဘီဘာအိုက ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိသလို လက်ရှိခြေစွမ်းလည်းမတည်ငြိမ်ပါဘူး။

**ဂီဂျွန် - ဂရန်နာဒါ နံနက်-၁း၀၀ (၂၀-၁၀-၁၅)**

ဂရန်နာဒါက နောက်ဆုံးသုံးပွဲဆက်တိုက်အနိုင်ပျောက်ဆုံးခဲ့ရပြီး အမှတ်ပေးဇယားအောက်ဆုံးထိရောက်ရှိနေပါတယ်။ အထူးသဖြင့် ငါးဂိုးသာသွင်းယူထားနိုင်တဲ့ တိုက်စစ်ကဂိုးသွင်းအားအနည်းဆုံး ဖြစ်နေပါတယ်။ ဒါကြောင့် ဂီဂျွန်ရဲ့ခြေသာမန်သာရှိပေမယ့် ဂရန်နာဒါကို အသာရဖို့ ရုန်းကန်မှာပါ။

## မြန်မာအော်တစ်ဇင်အသင်းဖြစ်ပေါ်လာပုံနှင့် ရှေ့လုပ်ငန်းစဉ်များမိတ်ဆက်

**မန္တလေး အောက်တိုဘာ ၁၄**

မြန်မာအော်တစ်ဇင်အသင်း ဖြစ်ပေါ်လာပုံနှင့် ရှေ့လုပ်ငန်းစဉ်များ မိတ်ဆက်ပွဲနှင့် ဉာဏ်ရည်မသန်စွမ်းခြင်းနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်(၇၈)လမ်းရှိ Wilson Hotel ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း၊ နားမကြားသော ကလေးများကျောင်းမှ ဆရာမများ၊ အော်တစ်ဇင်မိဘများ၊ ဉာဏ်ရည်မသန်စွမ်းကလေးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာအော်တစ်ဇင်အသင်း ဖြစ်ပေါ်လာပုံနှင့် ရှေ့လုပ်ငန်းစဉ်များကို ဦးနေမျိုးနိုင်က မိတ်ဆက်ပြောကြားခဲ့ပြီး မြန်မာအော်တစ်ဇင်အသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်လွင်က ဉာဏ်ရည်မသန်စွမ်းခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အတိုင်ပင်ခံပါမောက္ခ ဒေါက်တာဉာဏ်ဝင်းကျော်က အာရုံကြော ဖွံ့ဖြိုးမှုဆိုင်ရာ ဝေဒနာကိုလည်းကောင်း၊ အတိုင်ပင်ခံ ဒေါက်တာသိန်းအုပ်စိန်က အော်တစ်ဇင်နှင့်တွဲ၍ တွေ့ရသော အခြား အခြေအနေများကိုလည်းကောင်း၊ ဒေါ်ဥမ္မာစိုးက အပျိုဖော်ဝင်ချိန် အော်တစ်ဇင် လူငယ်များနှင့် မိဘများ ဘဝကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌက အော်တစ်ဇင်မိဘ၏အတွေ့အကြုံကို ဟောပြောဆွေးနွေးသည်။

မွေးရာပါ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ဖွံ့ဖြိုးမှု ပုံမမှန်ခြင်းကြောင့် ဘဝတစ်လျှောက်လုံး စွမ်းဆောင်ရည် ချို့ယွင်းနေမှုကို အော်တစ်ဇင်ဟုခေါ်ပြီး နေရာဒေသမရွေး ကျား၊ မ မရွေးဖြစ်နိုင်သည်။

ကမ္ဘာပေါ်တွင် ကလေး ၁၀၀ မွေးတိုင်းအော်တစ်ဇင်တစ်ဦးနှုန်းဖြစ်နေပြီး ယောကျာ်းလေးများသည် မိန်းကလေးများထက် ဖြစ်နိုင်ခြေ လေးဆများပြီး ကမ္ဘာပေါ်တွင် အော်တစ်ဇင် ၆၇ သန်းရှိကာ နှစ်စဉ် ဧပြီ ၂ ရက်ကို ကမ္ဘာ့အော်တစ်ဇင်နေ့အဖြစ် သတ်မှတ်ထားသည်။ **သီဟကိုကို(မန္တလေး)**

# မင်းလှမြို့နယ်တွင်ချောင်းရေကျဆင်းမှုကြောင့် ချောင်းအတွင်း တဲငါးလုံးမျောပါ

**မင်းလှ အောက်တိုဘာ ၁၄**

သရက်ခရိုင် မင်းလှမြို့နယ်အတွင်း အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီက မိုးသည်းထန်စွာရွာသွန်း၍ ပန်းတော်ပြင်ချောင်းရေကျဆင်းမှုကြောင့် တဲငါးလုံး ရေထဲမျောပါသွားကြောင်းသိရသည်။

ယင်းနေ့က မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု၊ ပန်းတော်ပြင်ကျေးရွာ၊ ပန်းတော်ပြင်ချောင်းဘေးတွင် ချောင်းသဲနှင့် ကျောက်စရစ်ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် သက်ငယ်မိုး၊ ထရံကာမြေစိုက်တဲတစ်လုံး၊ သုံးပင်ပတ်လည် သက်ငယ်မိုး၊ ထရံကာ မြေစိုက်တဲလေးလုံး စုစုပေါင်း တဲငါးလုံးရေစီးနှင့်အတူ မျောပါသွားခဲ့သည်။

ယင်းသို့ဖြစ်ပွားခဲ့မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားပြီး အခင်းဖြစ်ပွားရာနေရာသို့ မင်းလှမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ဇော်နှင့်အဖွဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၀ ခန့်ဖြင့် သွားရောက်၍ ဦးမျိုးဇော်ပါ ငါးဦးတို့အား ပန်းတော်ပြင်ကျေးရွာရှိ သမဝါယမအဆောက်အအုံတွင် ယာယီနေထိုင်ရန် ဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ကြောင်း သရက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ကျော်ဇေယျ**

## မကွေးတိုင်းဒေသကြီး၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် အကောင်အထည်ဖော်

**မကွေး အောက်တိုဘာ ၁၄**

ကမ္ဘာတစ်လွှားတွင် ကျန်းမာရေးရှုထောင့်အရ စားသောက်မှုပုံစံသည် Organic သီးနှံများဘက်သို့ အလေးသာလာလျက်ရှိပြီး GAP နည်းစနစ်ဖြင့် ထုတ်လုပ်ထားခြင်းမရှိသော စားသောက်ကုန်များသည် ကမ္ဘာ့ဈေးကွက်အလယ်တွင် မျက်နှာငယ်ကာ ဈေးကွက်ဆိုင်ရာငြင်းဆိုမှုများ ကြုံတွေ့လာနိုင်သောကြောင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ကို တွင်တွင်ကျယ်ကျယ် ကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ တောင်သူတွေ နည်းစနစ်မှန်မှန်နဲ့ စိုက်ပျိုးနိုင်အောင် ပညာပေးလုပ်ငန်းတွေ စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်။

ဒါပေမယ့် တောင်သူဘက်က GAP နည်းစနစ်တွေထဲက လိုက်နာကျင့်သုံးနိုင်တဲ့ နည်းစနစ်ရှိသလို အရင်းအနှီးမတတ်နိုင်လို့ မလိုက်နာနိုင်တာတွေလည်းရှိပါတယ်။ ဒီစနစ်ကို ကျင့်သုံးတဲ့နေရာမှာ ဥပမာ ပေါင်ပျိုးတယ်၊ ပျိုးကို ပါးပါးကြဲတယ်။

ပျိုးကြဲတော့ မျိုးစေ့ကုန်သက်သာတယ်။ ပျိုးပင်လည်းသန်တယ်။ ပျိုးပင်သန်တဲ့အတွက် ပျိုးပေါင်ထဲမှာ ပင်ပွားထွက်တယ်။ စိုက်ခင်းထဲလည်း ရောက်ရော ပင်ပွားက အများကြီးထွက်တော့ သူ့အတွက် အထွက်နှုန်းကောင်းဖို့ ပိုပြီးသေချာတာပေါ့။ မကွေးတိုင်းထဲမှာ မိုးစပါးဧက ကိုးသိန်းစိုက်မယ်ဆိုရင် ဧက ငါးသိန်းလောက် GAP ဖြစ်အောင် ဌာနဘက်က Drive လုပ်နေမှာပဲ။ ခုလက်ရှိကတော့ တောင်သူကိုလည်း ပညာပေးတယ်။

Demonstration Field တွေလုပ်တယ်။ တဖြည်းဖြည်းချင်းတော့ တောင်သူတွေ စိတ်ဝင်စားရမှန်းလည်း သိလာကြပါပြီ။ လုပ်ငန်းလုပ်တဲ့နေရာမှာ ကောက်စိုက်သမ အခက်အခဲရှိနိုင်သလို တောင်သူ တစ်ယောက်က ယာ ၁၀ ဧက၊ လယ် ၁၀ ဧက ရှိတယ်ဆိုရင် ယာဘက်လှည့်တော့ ဘယ်ဘက်လွတ်သွားတာမျိုးတွေလည်းရှိတတ်ပါတယ်။

ဒါမျိုး အခက်အခဲတွေကြားကပဲ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်ထဲက ၁၀ ချက်လောက် လိုက်နာနိုင်တဲ့ တောင်သူတွေ အများကြီးရှိနေပါပြီ " ဟု စပါးစိုက်ပျိုးမှုနှင့် စပ်လျဉ်းသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းမှုအခြေအနေအား မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

တိုးတက်ပွားများလာသော ကမ္ဘာ့လူဦးရေနှင့်အတူ လူသားတို့၏ နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာကာ ကုန်သွယ်မှုများလည်း ဖွံ့ဖြိုးတိုးတက်လာသောကြောင့် အစားအစာများ ရောင်းဝယ်ဖောက်ကားရာတွင် Food Quality (အစားအစာ အရည်အသွေး) နှင့် Food Safety (အစားအစာ အန္တရာယ်ကင်းရှင်းရေး) တို့သည် အရေးအကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်လာသည်။

ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အရည်အသွေးအဆင့်မီ၍ အန္တရာယ်ကင်းသော အစားအသောက်များ စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ရာ စိုက်ပျိုးရေးနိုင်ငံများအနေဖြင့် Good Agriculture Practics (GAP) စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးကြရမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး အတွင်း GAP စံပြစိုက်ခင်းများကို ပြည်သူ့အကျိုးစီးပွားရှေးရှု၍ နည်းပေးလမ်းပြ ဖော်ဆောင်လျက်ရှိပြီး အချက်နံပါတ် ၁၄ တွင် ဖော်ပြပါရှိသော အလေအလွင့်မရှိအောင် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းအား ဆောင်ရွက်ရာတွင် ဒေသအနှံ့လွှမ်းခြုံနိုင်သော စက်စွမ်းအားများ ထပ်မံဖြည့်ဆည်းရန် လိုအပ်လျက်ရှိနေသေးကြောင်းသိရသည်။

အာဆီယံ စံနှုန်းများနှင့်အညီ မြန်မာနိုင်ငံတွင်လည်း မြန်မာ GAP ကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ရာ အစားအစာ အန္တရာယ်ကင်းရှင်းရေးကဏ္ဍ (Food Safety Module)၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ (Environmental Management Module)၊ သီးနှံများ၏အရည်အသွေးကဏ္ဍ(Produce Quality Module)၊ လုပ်သားများ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍ (Workers , Health , Safety and Welfare Module) ဆိုသည့် ကဏ္ဍကြီးလေးရပ်အား လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အစိုးရနှင့် ပြည်သူ ပူးပေါင်း၍ လက်တွေ့လုပ်ကိုင်ခြင်း၊ စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်နိုင်ရေးသည် နိုင်ငံတကာ စားသောက်ကုန်ဈေးကွက် ထိုးဖောက်ရေးအတွက် အရေးကြီးလိုအပ်ချက်တစ်ရပ်ဖြစ်နေကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်သည် GAP စည်းကမ်းသတ်မှတ်ချက်များ အနက်မှ သေးငယ်သောကဏ္ဍတစ်ရပ်ဖြစ်သော်လည်း အရေးပါသော လုပ်ငန်းစဉ်များဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ဇေယျာတု(မကွေး)**



## ကျောက်ထုကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာဆောက်လုပ်

**ကျောက်ထု အောက်တိုဘာ ၁၄**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကို အောက်တိုဘာ ၁၁ ရက်က ပြုလုပ်ရာ ကျောက်ထုမြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်၊ တိုက်နယ်ပြည်သူ့ဆေးရုံဆရာဝန် ဒေါက်တာတင်နွယ်အောင်၊ စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဦးသန်းနိုင်ဦးတို့က ပန္နက်တင်ပေးကြသည်။

အဆိုပါ အဆောက်အအုံကို ဌာနခွင့်ပြုငွေကျပ်သိန်း ၂၂၀၀ ဖြင့် အလျား ၁၀၄ ပေ၊ အနံပေ ၄၀ရှိ လေးခန်းတွဲ၊ သုံးထပ်အဆောက်အအုံကို R.C.C စနစ်ဖြင့် ဆောက်လုပ်သွားမည်ဟု သိရသည်။ **(၄၆၅)**

## အင်ပူမြို့နယ်အကျကွင်းကျေးရွာတွင်သဲဖြူချောင်းရေလျှံ၍လူနေအိမ်ငါးလုံးမျောပါပျက်စီး

**အင်ပူ အောက်တိုဘာ ၁၄**

အင်ပူမြို့နယ် ကျောင်းကွင်းကျေးရွာအုပ်စု အကျကွင်းကျေးရွာ (အေးသာယာသစ်ဆိပ်)တွင် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက သဲဖြူချောင်း ရေလျှံ၍ ချောင်းအနီးပတ်ဝန်းကျင်ရှိ လူနေအိမ် ၇၂ လုံး ရေဝင်နစ်မြုပ်ခဲ့ပြီး မျောတိုင်၊ သွပ်မိုး၊ ထရံကာ လူနေအိမ်နှစ်လုံး၊ မျောတိုင်၊ ဓနိမိုး၊ ထရံကာလူနေအိမ် သုံးလုံး စုစုပေါင်းငါးလုံး မျောပါပျက်စီးခဲ့ကြောင်း သိရသည်။



အဆိုပါ သဲဖြူချောင်းရေလျှံမှု ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်ဦးဆောင်သော အဖွဲ့များက သွားရောက်၍ ရေဝင်နစ်မြုပ် အိမ်ထောင်စုဝင်များအား ရေလွတ်ရာ ပုသိမ်-မုံရွာကားမဘေး ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ ယင်းအိမ်ထောင်စုဝင်များအား ဆန်၊ ကုလားပဲ၊ သောက်ရေသန့်၊ ငါးသေတ္တာစသော ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ပြီး စေတနာရှင်များကလည်း ထမင်းထုပ်များ၊ မိုးကာဖျင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ချောင်းရေလျှံမှုကြောင့် လူနှင့် တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။

**မန်းကျော် (ပြန်/ဆက်)**

## အထောက်အထားခိုင်မာစွာ နေထိုင်နိုင်ရေး မြဝတီမြို့တွင် မြေငှားဂရန်များ ချပေး

**မြဝတီ အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များအား ပိုင်ဆိုင်မှု အထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထား (Legal Document)၊ မြေငှားဂရန်(Lease) ရရှိခြင်းအားဖြင့် ကျေးရွာနေ ပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိလာစေရန် ရည်ရွယ်ပြီး ကျေးလက်နေပြည်သူများ နေထိုင်ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်များကို ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မဲကနယ်ကျေးရွာအုပ်စု မဲကနယ်လမ်းကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ ရွာဦးဘုန်းကြီးကျောင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီခရိုင် မြေငှားဂရန်ချထားပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မြေငှားဂရန်ထုတ်ပေးမှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်လမ်းဦးစီးဌာန၊ ဦးစီးအရာရှိ (မြို့ပြ) ဦးခွန်ထွန်းသက်အောင်က ကျေးရွာမြေငှားဂရန် ထုတ်ပေးရာတွင် လမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသည့် အခြေအနေများအား ရှင်းလင်းပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက အိမ်ခြံမြေပိုင်ရှင် ၁၅၀ တို့အား မြေငှားဂရန်များ ပေး အပ်ခဲ့ကြောင်း သိရသည်။

"အခုလို ကျေးရွာအရောက် လာရောက်ဆောင်ရွက်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ကျွန်မတို့ဘာသာ လုပ်မယ်ဆို ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘူးလေ။ ကျေးဇူးအရမ်းတင်ပါတယ်" ဟု မဲကနယ်လမ်းကျေးရွာမှ ဒေါ်ထွေးရင်က ပြောသည်။

"အရင်တုန်းကလည်း မြေဂရန်လုပ်ဖို့ ကြိုးစားခဲ့ပေမယ့် မသိတာနဲ့ ကုန်ကျစရိတ်တွေရှိတာနဲ့ မလုပ်ဖြစ်ခဲ့ပါဘူး။ အခုလို ရွာအရောက် လာလုပ်ပေးတော့ နောင်ရေးစိတ်အေးရတာပေါ့" ဟု မဲကနယ်လမ်းကျေးရွာမှ ဦးဇော်ဇော်လင်းက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# တမူးခရိုင်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် လူနေအိမ်များ အသစ်ပြန်လည်တည်ဆောက်

**တမူး အောက်တိုဘာ ၁၄**

ပြန်လည်ထူထောင်ရေးကာလတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့ရသည့် တမူးမြို့နယ် ထင်းဇင်ကျေးရွာအုပ်စု ကမ္ဘူကြီးကျေးရွာမှ လူနေအိမ်များ အသစ်ပြန်လည်တည်ဆောက်ပေးနေမှုအား တမူးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက နေရာကွက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တမူးခရိုင်အတွင်းရှိ ကျေးရွာများတွင် ရေဘေးသင့်ခဲ့ပြီး လူနေအိမ် ၃၈၅ လုံး ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

တမူးဒေသတွင် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ရေဘေးသင့်ခဲ့ပြီး လူနေအိမ် ၃၈၅ လုံး ရေကြီးနစ်မြုပ်ပျက်စီးခဲ့ကာ ယခုအခါ လူနေအိမ်များ အသစ်ပြန်လည်တည်ဆောက်ပေးနေပြီ ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**



ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် အတွင်းရှိ အမှတ်(၂၂) အ.မ.ကကျောင်း(လ/ခွဲ)၏ မျက်နှာစာရှေ့ ဗိုလ်အောင်ကျော်လမ်းမကြီး၌ စည်ပင်ပိုင်မြေသားနှင့် ကွန်ကရစ်လမ်းမကြီးပေါ်တွင် ပျံကျဈေးသည်များ တည်ခင်းရောင်းချနေမှုများကြောင့် ကျောင်းဆင်း၊ ကျောင်းတက်ချိန်တွင် လမ်းပိတ်ဆို့မှု၊ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းကြပ်မတ်ဆောင်ရွက်ပေးရန်လိုလားလျက်ရှိကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - မင်းထက်ပိုင်(လှိုင်သာယာ)

# ကုန်စည်အခြေအနေပေါ်မူတည်ကာ သဘော်လိုင်းများ ရာသီအလိုက် ပြောင်းလဲပြေးဆွဲ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးမြို့သို့ ကုန်စည်များသယ်ယူပို့ဆောင်မှုတွင် လက်ရှိကာလ၌ ရေကြောင်းသယ်ယူပို့ဆောင်မှုမှာ ရေတိုးခြင်း၊ ရေကျခြင်း၊ ကုန်စည်များခြင်း၊ ကုန်စည်ရှားခြင်းအခြေအနေကိုကြည့်ကာ သဘော်လိုင်းကို ပြောင်းလဲပြေးဆွဲကြကြောင်း သိရသည်။ အထူးသဖြင့် သဘော်များမှာ ဒီဇင်ဘာလပိုင်းမှ ဇွန်လပိုင်းအချိန်အထိ ဗန်းမော်လိုင်းကိုအားထားပြေးဆွဲကြကာ အစုန်ကုန်၊ အဆန်ကုန်များကိုစောင့်တင်ကြရသည်။ ရေတိုးချိန်များတွင် ဗန်းမော်လိုင်းကုန်စည်ပါးသည့်အတွက် ကလေးဘက်နှင့် ချင်းတွင်းလိုင်းကို ပြေးဆွဲကြပြီး ထိုကာလတွင် အစုန်အဆန်ကုန်များ တင်ရာတွင် ကုန်စုံနှင့် ကျောက်မီးသွေးကို တစ်ခြမ်းစီတင်ဆောင်ကြသည်။ သဘော်တစ်စီးလျှင် အတင်အချ တစ်လခန့်နီးပါးကြာ၍ တစ်ခေါက်လျှင် ကာလတန်ဖိုးငွေကျပ်သိန်း ၅၀ မှ ၇၀ အထိ တင်ဆောင်ကြကာ အတင်အချစရိတ်နှင့် ဆီဖိုးပေါင်းကုန်ငွေ သိန်း ၃၀ ခန့်ရှိကြောင်းသိရသည်။

မန္တလေးမြို့သို့ ကုန်စည်များသယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်း၊ ရေလမ်းတို့ကို အဓိကထားကာ သယ်ယူပို့ဆောင်လေ့ရှိပြီး ရေလမ်းဖြင့် မြန်မာနိုင်ငံနေရာအနှံ့အပြားသို့ ကုန်စည်များကို တင်ပို့လေ့ရှိသည်။ ယင်းသို့တင်ပို့မှုများတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြံဆိပ်နှင့် အခြားကုန်တင်ဆိပ်ကမ်းများအပါအဝင် ဒေသအလိုက် ကုန်ပစ္စည်းများကို တင်ပို့လေ့ရှိကြသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထားသယ်ဆောင်သော ဆိပ်ကမ်းဖြစ်၍ အများစုသော ကုန်စည်များကို ထိုဆိပ်ကမ်းမှ သယ်ကြပြီး မန္တလေးမြို့အတွက် ဧရာဝတီမြစ်ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည့် ဆိပ်ကမ်းတစ်ခုပင်ဖြစ်သည်။ **တိမ်တမန်**

# နယ်လှည့်ဆေးကုသရေးအဖွဲ့ အခမဲ့ဆေးဝါးကုသ

**ဘောဂလိ အောက်တိုဘာ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက ဖူးထေးလေခန်းမတွင် အခမဲ့ဆေးဝါးကုသပေးခဲ့ကြကြောင်း သိရသည်။ ယင်းသို့ ဆေးဝါးကုသမှုပေးရာသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံတိုင်းရင်းသား ရောဂါဝေဒနာရှင် ၇၅ ဦး ဆေးဝါးကုသမှုခံယူကြကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရေတာရှည် အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ကျေးရွာ ၁၀ ရွာတွင် မြစိမ်းရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများအား အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တောင်ငူခရိုင် ကျေးလက်ဦးစီးမှူး ဦးအောင်သန်းလွင်၊ ရေတာရှည်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မြို့လုကျေးရွာအုပ်စု၊ သာဝတ္ထိကျေးရွာရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ ကျေးရွာဘဏ္ဍာရေးဆပ်ကော်မတီမှ ငွေကြေးထုတ်ချေးသည့်အခြေအနေများအား ဆွေးနွေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ နတ်ရေတွင်းကျေးရွာရှိ ဘဏ္ဍာရေးဆပ်ကော်မတီများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်အရင်းမပျောက်မတည်ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# တောင်တွင်းကြီးမြို့နယ်၌ သိပ္ပံနည်းကျစိုက်ပျိုးထားသော ပုလဲသွယ်နှင့် ဗီယက်နမ်မျိုးစပါးများ အောင်မြင်

**တောင်တွင်းကြီး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ အစိုးရဆည်ရေသောက်ဧရိယာ၊ မြေအောက်ရေသောက်ဧရိယာများတွင် သိပ္ပံနည်းကျစိုက်ပျိုးထားသော ပုလဲသွယ်မျိုးစပါးများနှင့် ဗီယက်နမ်မျိုးစပါးများ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်ကို တစ်မြို့နယ်လုံး လွှမ်းခြုံနိုင်ဖို့ နည်းပညာပေး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရည်ရွယ်ချက်ကတော့ တောင်သူတွေ ဝင်ငွေနှစ်ဆတိုးပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်ပါတယ်။ သိပ္ပံနည်းကျစိုက်ပျိုးရေး GAP စနစ်က နေရာတိုင်းမှာ လုပ်လို့မရဘူး။ စိုက်ပျိုးရေသေချာပြီး ရေသွင်းရေထုတ် အလွယ်တကူလုပ်လို့ရတဲ့ ဆည်ရေသောက်ဧရိယာနဲ့ မြေအောက်ရေဧရိယာတွေမှာ အဓိကထားစိုက်ပျိုးရတယ်။ အဲဒီဒေသတွေမှာ ပုလဲသွယ်မျိုးစပါးနှင့် ဗီယက်နမ်မျိုးစပါးတွေကို ပျိုးထောင်တာကစလို့ သိပ္ပံနည်းကျစိုက်ပျိုးရေး GAP စနစ် ၁၄ ချက်နဲ့အညီ ကွင်းတာဝန်ခံဝန်ထမ်းတွေက တောင်သူတွေကို လက်တွေ့ပြပြီး နည်းပညာပေး ဆောင်ရွက်နေပါတယ်။

အောက်တိုဘာ ၁၃ ရက်ဆိုရင် ကွမ်းခြံစုကျေးရွာ တောင်သူဦးအောင်ကြည်ရဲ့ ကန်တော်ကြီးဆည်ရေသောက်လယ်မှာ ပုလဲသွယ်မျိုးနဲ့ ဗီယက်နမ်စပါးမျိုးတွေကို သိပ္ပံနည်းကျစိုက်ပျိုးခဲ့တာ ရက်ပေါင်း ၉၀ ရှိပြီဖြစ်လို့ စပါးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်က ပြောသည်။

တောင်တွင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများမှာ စိုက်ခင်း၏မြေအနေအထားနှင့် စိုက်ပျိုးရေရရှိမှုပေါ်မူတည်၍ ပုလဲသွယ်မျိုးစပါး ဗီယက်နမ် မနောသုခ၊ ဆင်းသုခ၊ ပွင့်ဖြူသုခ၊ ရတနာတိုး စသည့်ထွက်နှုန်းကောင်းသည့်စပါးမျိုးများကို သင့်လျော်သလို စိုက်ပျိုးကြကြောင်းနှင့် ယခင်နှစ်ကထက် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(၅၈၀)**



# ကမ္ဘာ့စဖီးယားကြီးများ (Earth's Spheres)

à ဘူမိလုလင်(မြိတ်)

စဖီးယား၊ စဖီးယား၊ စဖီးယားဟု ပြောဆိုရလောက်အောင် စကြဝဠာကြီးသည် ဖီးယားများဖြင့် ပြည့်နှက်နေပေသည်။ နေမင်းကြီးသည် အလွန့်အလွန်ကြီးမားသော ပူပြင်းတောက်လောင်နေသည့် မဟာစဖီးယားကြီးတစ်လုံးပင်ဖြစ်၍ ဂြိုဟ်ကြီးများ၊ ဂြိုဟ်အသေးများ၊ အရံဂြိုဟ်လများတို့သည်လည်း စဖီးယားများပင်ဖြစ်ချေသည်။ ကျွန်တော်တို့၏ ကမ္ဘာဂြိုဟ်သည်လည်း စဖီးယားတစ်လုံးပင် ဖြစ်၍ ထိုတွင် သိသာစွာ ကွဲပြားကြသော်လည်း တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေကြသည့် လေထု၊ ရေထု၊ မြေထု (ကျောက်ထု)၊ ဇီဝထုဟု ခေါ်ဆိုသည့် အလွှာထုဝန်းကြီး လေးခု ပါဝင်လျက်ရှိလေသည်။

သင်သည် နေ့စဉ်နှင့်အမျှ ထိုအလွှာထုဝန်းကြီးလေးခုနှင့် တစ်နည်းမဟုတ် တစ်နည်း ဆက်ဆံထိတွေ့ ပတ်သက်နေရပေသည်။ မယုံလျှင် အောက်ပါ အချက်တို့ကို ဖတ်ရှု၍ သင့်ဘာသာဖြေကြည့်ပါက မှန်၏ မမှန်၏ အဖြေပေါ်လာပါလိမ့်မည်။

(က) အမေ့ဝမ်းမှကျွတ်သည်နှင့် အချိန်နှင့်အမျှ သင်သည် လေကိုရှူရှိုက်နေရသည်ဖြစ်ရာ သင်သည် လေထုနှင့် တစ်ချိန်လုံး ရှူရှိုက်ပတ်သက်နေရပေသည်။

(ခ) ရေဆာ၍ ရေသောက်ရသောအခါ၊ ပူအိုက်၍ ရေချိုးရေကူးရသောအခါ သင်သည် ရေထုနှင့် ထိတွေ့ အသုံးချပတ်သက်နေရပေသည်။

(ဂ) နေ့စဉ် ရုံးတက်ရုံးဆင်း၊ ကျောင်းတက်ကျောင်းဆင်း၊ ဈေးသွားဈေး ပြန် လမ်းလျှောက်သွားရမည်ဖြစ်ရာ သင်သည် မြေထုနှင့် ထိတွေ့ ပတ်သက်နေရပေသည်။

(ဃ) ပတ်ဝန်းကျင်ရှိ လူများနှင့် စကားပြောဆိုဆက်ဆံရသောအခါ၊ အိမ်ရှိ အိမ်မွေးတိရစ္ဆာန်များနှင့် ထိတွေ့ဆော့ကစားသောအခါ ခြံထဲဆင်း၍ အပင်များစိုက်ပျိုးသောအခါ သင်သည် ဇီဝထုနှင့် ထိတွေ့ ဆက်ဆံပတ်သက်မိပြီဖြစ်သည်။

သို့ဖြစ်ရာ သင်သည် နေ့စဉ်နှင့်အမျှ ကမ္ဘာ့စဖီးယားကြီးများနှင့် ထိတွေ့ဆက်ဆံမှီတင်းသမှုပြုနေရသည်မှာ ထင်ရှားနေပေသည်။ ထိုစဖီးယားကြီးများအကြောင်း သင်အဘယ်မျှ သိရှိထားပါသနည်း။ မိမိနေ့စဉ် ထိတွေ့ဆက်ဆံနေရသော ကမ္ဘာ့အလွှာထုဝန်းကြီးများအကြောင်း သိထားသင့်သည်မဟုတ်ပါလော။ လေ့လာကြည့်ကြပါစို့. . .

**ကမ္ဘာ့အလွှာထု ဝန်းကြီးများ** (Spheres of the Earth)

ကမ္ဘာကို ရစ်ပတ်ဝန်းရံထားသည့် လုံးဝန်းသော အလွှာထုဝန်းကြီး (Spheres) လေးခုရှိသည်။ ၎င်းတို့မှာ လေထု (Atmosphere)၊ ရေထု (Hydrosphere)၊ ကျောက်ထု/မြေထု (Lithosphere) နှင့် ဇီဝထု (Biosphere) တို့ပင်ဖြစ်သည်။

၎င်းအမည်တို့သည် ဂရိဘာသာစကားမှ သက်ဆင်းလာပြီး အက်တမို (Atmo) လေ၊ ဟိုင်ဒြို(Hydro) ရေ၊ လီသို (Litho) ကျောက်၊ ဘိုင်အို (Bio) ဇီဝဟု အဓိပ္ပာယ်ရပေသည်။


(က) လေထုဆိုသည်မှာ ကမ္ဘာမြေပြင်မှ အပေါ်ဘက် အမြင့်မိုင်ပေါင်းများစွာတိုင် လွှမ်းခြုံထားသည့် ကမ္ဘာ့မြေမျက်နှာပြင်နှင့် အာကာသ(Space) ကြားရှိ ဓာတ်ငွေ့ထုပင်ဖြစ်သည်။ ထိုတွင် အဓိက နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်တို့ပါဝင်သည်။


(ခ) ရေထုဆိုသည်မှာ ကမ္ဘာ့မြေမျက်နှာပြင်ပေါ်တွင်ရှိသော ရေများပင်ဖြစ်သည်။ ၎င်းတွင် ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်းအင်းအိုင်၊ ရေကန်စသည်တို့တွင်ရှိ ရေများသာမက ကျောက်များတွင်ခိုအောင်းနေသော မြေအောက်ရေ (Ground Water) များအပြင် လေထုထဲရှိ ရေခိုးရေငွေ့တို့အထိ ပါဝင်သည်။

(ဂ) ကျောက်ထု/မြေထုဆိုသည်မှာ ကမ္ဘာမြေကြီး၏ အခွံလွှာဖြစ်၍ ၎င်းတွင် ကမ္ဘာ့အပေါ်ခွံလွှာ (Earth's Crust) နှင့် ကမ္ဘာ့အထက်ပိုင်းကြားလွှာ၏ အထက်ဆုံးအပိုင်း (The uppermost Part of Upper Mantle) ကျောက် (Rock) များဖြင့် ဖွဲ့စည်းထားသည်။

(ဃ) ဇီဝထုဆိုသည်မှာ ကမ္ဘာ့မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်ရှိ လူ၊ တိရစ္ဆာန်၊ သစ်ပင်၊ ပန်းမန်စသည့် သက်ရှိအဖွဲ့အစည်းပင်ဖြစ်သည်။

အထက်ဖော်ပြပါ အလွှာထုဝန်းကြီး တစ်ထုဝန်းနှင့် တစ်ထုဝန်းတို့သည် မတူကွဲပြားသိသာစွာ ခြားနားကြသော်လည်း သီးခြားစီ ရပ်တည်မနေကြဘဲ ဆက်နွှယ်ရောယှက်လျက်ရှိနေကြပေသည်။ ဥပမာ- ပင်လယ်သမုဒ္ဒရာ၊ အင်းအိုင်တို့ရှိ ရေတို့ (ရေထု) သည် နေအပူရှိန်ကြောင့် အငွေ့ပျံကြရပြီး လေထဲ(လေထု) သို့ရောက်ရှိကြရပေသည်။ ထိုမှ တရွေ့ရွေ့ အထက်သို့ရောက်လေ အေးလာလေဖြစ်၍ တိမ်တိုက်များဖြစ်လာကြပြီး မိုးအဖြစ်ရွာချရာမှ မိုးရေအဖြစ် မြေပြင် (မြေထု/ကျောက်ထု) သို့ ကျရောက်လာ၍ မြစ်ချောင်းအင်းအိုင်ပင်လယ်တို့အတွင်းနှင့် မြေအောက်ကျောက်လွှာတို့အတွင်း ရောက်ရှိသွားကြပေသည်။ ထိုမြေပေါ် စီးဆင်းရေများနှင့် မြေအောက်ခိုအောင်းရေ(ရေထု)တို့ကို လူ၊ တိရစ္ဆာန်၊ သစ်ပင်ပန်းမန်(ဇီဝထု)တို့က အသုံးချကြရပြန်ပေသည်။ ဤဖြစ်စဉ် ဥပမာကို ကြည့်က ကမ္ဘာ့စဖီးယားကြီးလေးခုသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်ရောယှက် လျက်နေကြသည်မှာ သိသာထင်ရှားလှပေသည်။




**ကမ္ဘာ့အလွှာထုဝန်းကြီးများ ဖြစ်လာပုံအကျဉ်း**




ကမ္ဘာကြီး စတင်ဖြစ်ပေါ်လာစဉ် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၅၀၀ ခန့်က ကမ္ဘာ့လေထုသည် ယခုကဲ့သို့မဟုတ်မူဘဲ အတော်ပင်ပါးလွှာ၍ ဟိုင်ဒြိုဂျင်နှင့် ဟီလီယံတို့အဓိကပါဝင်ခဲ့ပြီး ယနေ့ကာလဗုဒ္ဓဟူးဂြိုဟ်(Mercury) ၏ လေထုနှင့် ဆင်တူသည်ဟု ဆိုသည်။ ထိုစဉ်က ကမ္ဘာဂြိုဟ်သည် အတော်ပင်ပူပြင်းနေ၍ ရေသည် အရည်ဘဝတွင် မရပ်တည်နေနိုင်ဘဲ အငွေ့ဘဝတွင်သာ ဖြစ်တည်နေသည်။ သို့ကြောင့် ထိုစဉ်ကာလက ကမ္ဘာမြေတွင် သမုဒ္ဒရာတို့ မရှိသေးပေ။

ထိုမှတစ်စတစ်စ ကမ္ဘာကြီး တဖြည်းဖြည်း အေးလာပြီး ဟိုင်ဒြိုဂျင်နှင့် ဟီလီယံဓာတ်ငွေ့တို့ ကမ္ဘာ့လေထုထဲမှ ထုတ်လွှင့်ခံကြရပြီး မျက်မှောက်ကာလ လေထုပုံစံသို့ တစ်စတစ်စ ပြောင်းလဲလာခဲ့လေသည်။ ထိုဖြစ်စဉ်တွင် မီးတောင်များ ပေါက်ကွဲရာမှ ထွက်လာသော ဓာတ်ငွေ့အမျိုးမျိုးနှင့် ရေခိုးရေငွေ့တို့ကလည်း ထိုစဉ်က လေထုကို များစွာပြောင်းလဲစေခဲ့ပါသည်။ ကမ္ဘာကြီးအေးလာသည်နှင့်အမျှ လေထုထဲရှိ ရေငွေ့တို့သည်လည်း သိပ်သည်းလာကြပြီး မိုးသားတိမ်တိုက်တို့ဖြစ်လာကြ၍ အခိုးအငွေ့မှ အရည်အဖြစ်သို့ ပြောင်းလဲသွားပြီး မိုးအဖြစ်ရွာချလာလေသည်။ မိုးရေထဲသို့ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်တို့ ပျော်ဝင်သွားကြပြီး လေထု၏ အပူချိန်သည်လည်း သိသာစွာ လျော့ကျလာလေတော့သည်။ အပူချိန်လျော့ကျလာသဖြင့် ရေခိုးရေငွေ့တို့ ပိုမိုလျင်မြန်စွာ သိပ်သည်းလာကြပြီး မိုးအဖြစ် မကြာခဏ ရွာချစေသည်။

၎င်းမိုးရေတို့သည် ကမ္ဘာမြေသို့ ကျဆင်းလာကြပြီး မြေမျက်နှာပြင် အနိမ့်ပိုင်းများဆီသို့ စီးဆင်းရွေ့လျားတိုက်စားသွားကြရင်း မြောင်း၊ ချောင်း၊ မြစ်၊ ရေအိုင်၊ ရေကန်စသည်တို့ကို ဖြစ်ပေါ်လာစေ၍ အဆုံး၌ ပင်လယ်သမုဒ္ဒရာတို့ ဖြစ်လာပေတော့သည်။ ကမ္ဘာ့ပထမဦးဆုံး သမုဒ္ဒရာတို့သည် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀၀၀ ခန့်က စတင်ဖြစ် ပေါ်လာသည်ဟု ပညာရှင်ကြီးတို့ ခန့်မှန်းထားကြသည်။


ထိုသမုဒ္ဒရာထဲ၌ပင် ကမ္ဘာ့ပထမဆုံး သက်ရှိတို့ စတင် ရုပ်လုံးပေါ်လာခဲ့ကြသည်။ ဤသို့ဖြင့် ကမ္ဘာ့လေထုဖွဲ့စည်းမှုသည် တခြားဂြိုဟ်တို့၏ လေထုဖွဲ့စည်းမှုနှင့် သိသာစွာ ကွဲပြားခြားနားလာပေသည်။ ဤကမ္ဘာ့လေထု၊ ရေထုသည်ပင် ဤကမ္ဘာမြေ၌ သက်ရှိတို့ အသက်ရှင်နေထိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အရေးကြီးဆုံး အလွှာထုဝန်းကြီးများဖြစ် လာခဲ့ပေသည်။

ကျွန်တော်တို့သည် ကမ္ဘာ့ စဖီးယားကြီးများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံအမှီသဟဲပြုနေရသည်မှာ ထင်ရှားသိသာလှပေသည်။ အကယ်၍ ကမ္ဘာ့အလွှာထုဝန်းကြီးများ တစ်ခုနှစ်ခုသာ သင့်ဘေးဝန်းကျင်တွင်ရှိမနေခဲ့တော့သော် သင်အဘယ်မျှကြာကြာ အသက်ဆက်လက်ရှင်သန်နေနိုင်ဦးမည်နည်း။ အဖြေမှာ သိသာလှပေသည်။

သို့ဖြစ်ရာ ကျွန်တော်တို့ လူသားများသည် မိမိအမှီသဟဲပြုရာ ဤကမ္ဘာ့ စဖီးယားကြီးများဖြစ်သော ကမ္ဘာ့လေထု၊ ကမ္ဘာ့ရေထု၊ ကမ္ဘာ့မြေထုနှင့် ကမ္ဘာ့ဇီဝထုတို့ မပျက်သုဉ်း မဆုံးရှုံးအောင် အထူးပင် ထိန်းသိမ်းစောင့်ရှောက်ပေးသင့်သည် မဟုတ်ပါလော။သင်တောတောင်ရေမြေ သဘာဝတို့ကို ချစ်မြတ်နိုး တန်ဖိုးထားသူဖြစ်စေချင်ပါသည်။ ။

Ref: Internet:Spheres, Earth's Spheres

သင်သည် နေ့စဉ်နှင့်အမျှ ကမ္ဘာ့စဖီးယားကြီးများနှင့် ထိတွေ့ဆက်ဆံမှီတင်းသမှုပြုနေရသည်မှာ ထင်ရှားနေပေသည်. . .



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ကိုလှဖေသည် ငြိမ်နားထောင်နေရာမှ တစ်စုံတစ်ခုကို စဉ်းစားမိဟန်မေး၏။

"စောစောက ခင်ဗျား ပြောတဲ့အထဲမှာ ဦးထင်ကျော် ဆိုတာ ပါလာတယ်၊ အဲဒါဟာ မလေးနွယ်တို့ အဖေပဲ မဟုတ်လား"

"ဟုတ်တယ် ကိုလှဖေ၊ ဒါပေမယ့် မမနွယ်ကို ဒေါ်ကြီး ခက်ခက်က ပိုပိုင်တယ်၊ ဒေါ်ကြီးက အပျိုကြီးဖြစ်တော့ ပထမ. . . သူ့ထဘီစကို မေမေသက်သက်ကို ပေးဖို့မှန်းခဲ့တယ်၊ ဒီအစီအစဉ်ဟာလည်း ပျက်ခဲ့တယ်၊ အခုတူမဖြစ်တဲ့ မမနွယ်ကိုပေးဖို့ စီစဉ်ထားတယ်၊ မမနွယ်ကို . . . နွယ်လို့ နာမည်ပေးထားတာလည်း ဒေါ်ကြီးပဲ၊ မမနွယ် စီးနေတဲ့ ကားဖြူကိုလည်း မမနွယ်အတွက် ဒေါ်ကြီးက သီးသန့်ဝယ်ပေးထားတာ၊ ဦးလေးကိုချစ်တိုးဟာလည်း သာမန် ဒရိုင်ဘာ မဟုတ်ဘူး၊ မမနွယ်ကို စောင့်ရှောက်ဖို့ ဒေါ်ကြီး အထူးခန့်ထားတဲ့လူ၊ ဒီကြားထဲက ကျွန်တော်ဆိုတဲ့ ဂြိုဟ်ကောင်က ဝင်လာတယ်၊ အခုနေ တစ်လောကလုံးမှာ ဒေါ်ကြီး အတောင့်တဆုံးက ဘာလဲ. . သိလား"

"ကျွန်တော် ဘယ်လိုလုပ်သိမလဲ"

သူငယ်ချင်းနှစ်ဦးက စကားကောင်းနေသဖြင့် ပတ်ဝန်းကျင်ကို ခေတ္တမေ့နေကြ၏။

သို့ရာတွင် အဝေးဆီမှ 'ဖောက်' ဟူသော အသံကို ကြားလိုက်ရသည်။

ကြောင်၏ ဗီဇဉာဉ်မျိုးနှင့် နှစ်ဦးသားသည် မြေပြင်သို့ လိုမ့်ချလိုက်ကြ၏။

'ရွှီ'ခနဲ ကြားလိုက်ရပြီး စောစောက သက်ခိုင် မှီထိုင်နေသော သစ်ပင်ခြေရင်းမှ အသားများ ဖွာစဉ်ထွက်လာ၏။

ကိုလှဖေနှင့် သက်ခိုင်သည် ကိုယ်များကို လိမ့်ပြီး မြေကျင်းထဲ ရောက်ခဲ့ကြ၏။

ကိုလှဖေက သေနတ်ကို မောင်းတင်ပြီး ဝါးရွက်တို့ ကြွေနေသော သစ်ပင်များဆီ စူးစမ်းကြည့်၏။

သေနတ်သံ ထပ်မပေါ်လာတော့။

ကိုလှဖေက သက်ပြင်းချပြီး သက်ခိုင်ကို ကြည့်၏။

သက်ခိုင်က တစ်ချက်ရယ်လိုက်ပြီး ပြောသည်။

"ကံကောင်းလို့ ကျွန်တော့်ဒေါ်ကြီး ဖြစ်ချင်တာ တစ်ခု မဖြစ်တယ်"

"ခင်ဗျား ဘာပြောတာလဲ"

သက်ခိုင်သည် အသားများ ဖွာထွက်နေသော သစ်ပင်ကို ညွှန်ပြပြီး ဖြေလေ၏။

"ကျွန်တော့် ဒေါ်ကြီးဖြစ်စေချင်တာက အဲဒီသစ်ပင်ဟာ ကျွန်တော့်ခေါင်းဖြစ်ဖို့ပဲ"

လေးရှူးမည်သည် ယာယီအင်အား ဖြစ်သည်။ ရွက်ဝါကိုတော့ ခြွေနိုင်မည်။ သို့ရာတွင် ရွက်တစ်ဝါ ကြွေလေတိုင်း ရွက်တစ်နုသည် ရွှန်း၍ သစ်လာမည်။ မုတ်သုံသည် အင်ကြီးအားကြီးနှင့် ဝင်လာသောအခါ လေရူးလည်း ပျောက်သည်။ တစ်လောကလုံးလည်း စိမ်းစိုသည်။

သက်ခိုင်တို့အား ရန်ကုန်အစိုးရလက် ခွေးသေ သေရစ်ဟု မာနကြီးစွာ ပြောသွားကြသည့် မိုးမြင့်၊ ယုမောင်၊ ချိုကြီးတို့ ပါသော သူပုန်တပ်ပေါင်းစုံသည် မှော်ဘီမြို့ကိုပင် မကျော်နိုင်။ တိုက်ဆိုင်ရပုံမှာ သက်ခိုင်တို့တပ်သည် အင်းစိန်နှင့် ဘီအေအိုဒီမှ တာဝန်သိမ်းကာ မှော်ဘီစိုက်ပျိုးရေးစခန်းကို ဌာနချုပ်ဖွင့်၍ သူတို့အား ခုခံရခြင်းပင်ဖြစ်သည်။

အင်းစိန်တုန်းက တကွဲတပြား တိုက်ခဲ့ရသည်။ မှော်ဘီထွက်မှ သက်ခိုင်တို့၏ တပ်ရင်းမှ တပ်ခွဲ (၁)နှင့် တပ်ခွဲ (၄) တို့အားလုံး ပြည့်ပြည့်စုံစုံ အတူခုခံကြရသည်။ သက်ခိုင်တို့၏ တပ်ခွဲကို ပထမ ဗိုလ်သော်(ဂျာမနီပြန်)က အုပ်ချုပ်သည်။ ဗိုလ်သော် စစ်ဆေးရုံတက်ရသောအခါ ဗိုလ်ကြီးစောလွင်လာအုပ်ချုပ်သည်။

ဗိုလ်ကြီးစောလွင်သည် ဝင်းဂိတ်တပ်၌ ဒုတိယကမ္ဘာစစ်အတွင်းက ပါဝင်ခဲ့ဖူးသူဖြစ်၏။ ထိုစစ်တပ်များ တောခိုသော အချိန်က ဘုမသိ ဘမသိနှင့် ပါသွားခဲ့သည်။ ထိုစစ်တပ်များသည် နိုင်ငံတော်ကို သစ္စာဖောက်မှန်း သိသောအခါ ရိုးမတောင်ခြေတစ်လျှောက် ကုန်းကြောင်း လျှောက်ကာ ပြည်မှသည် ရန်ကုန်အရောက် ပြန်ပြေးလာခဲ့သူဖြစ်သည်။

သူ့ကို ရင်ဆိုင်နေသော သူပုန်တပ်တွင် သူ၏ ချစ်လှစွာသော ရဲဘော်ဟောင်းများဖြစ်သည့် ဗိုလ်သာဒိုး၊ ဗိုလ်သက်ထွန်းတို့ပါမှန်း သူသိသည်။ သူတို့အကြောင်းကို စကားစပ်မိ၍ ပြောတိုင်း ဗိုလ်ကြီးစောလွင်သည် မျက်ရည်ဝဲတတ်၏။ ယုမောင်၊ မိုးမြင့်၊ ချိုတို့လည်း ဟိုမှာဘက်၌ ရှိမှန်းသိသော သက်ခိုင်တို့ကလည်း ဗိုလ်ကြီးစောလွင်၏ နှလုံးသားကို ကိုယ်ချင်းစာ နားလည်သည်။ ထိုနည်းတူစွာ သက်ခိုင်တို့၏ လူကြီးများမှာလည်း ဟိုမှာဘက်မှ လွတ်လပ်ရေးအတွက် ကြိုးပမ်းဖော် ကြိုးပမ်းဖက်ရောင်းရင်းကြီးများအပေါ် သံယောဇဉ်မပြတ်ကြောင်း သက်ခိုင်တို့ ကောင်းကောင်းသိသည်။

သို့ရာတွင် သက်ခိုင်တို့ဘက်မှ ဤမျှ မေတ္တာကြီးလင့်ကစား သူတို့ဘက်မှာ ဘာကြောင့် အမုန်းသည်းရသည်ကို သက်ခိုင်တို့ နားမလည်။ သူတို့၏ စာအုပ်ကြီးများမှ အမုန်းတရားတို့သည် အဆိပ်ပမာ သူတို့၏ နှလုံးသားကို လွှမ်းထားလေပြီဟုသာ ထင်ရ၏။ ထင်ရ၏။

ဘုရားလမ်းစေတီကြီးအနီး ရှမ်းစုရွာ၏ 'ဝါးရုံပင်ခံတပ်များအောက်တွင်' သက်ခိုင်တို့တပ်က ရှေ့တန်းစစ်မျက်နှာဖွင့်၍ ခံကြသည်။ ဗိုလ်တင့်လွင်(ပျဉ်းမနား)က ဦးစီး၍ ဆရာကိုမျိုးခင်က အုပ်ချုပ်သည်။ တပ်ရင်းမှူးကိုယ်တိုင်လည်း တစ်ခါတစ်ရံ ညဉ့်လာအိပ်၍ တိုက်ပွဲကို ကိုယ်တိုင်ကွပ်ကဲတတ်သည်။ တိုက်ပွဲဖြစ်လျှင် တပ်ရင်းမှူးသည် သူ့ကာဘိုင်သေနတ်ကို သက်ခိုင်တို့အားပေးပြီး သူက ရိုင်ဖယ်ယူကာ ဝင်နွှဲတတ်သည်။ ရဲဘော်ကို ချစ်သော တပ်ရင်းမှူးသည် ရိုင်ဖယ်ကိုပါ ချစ်၏။

ရှေ့တန်းစစ်မျက်နှာတွင် ဆရာ ကိုမျိုးခင်နှင့်အတူ စစ်တိုက်ရသည်မှာ တစ်မျိုး ပျော်ဖို့ကောင်းသည်။

ဆရာ ကိုမျိုးခင်က ဆရာထူးလောက်မှ ကဗျာမဆန်။ သူ့အသည်းစွဲ လက်နက်ကားသုံးလက်မမော်တာဖြစ်သည်။

သူပုန်တို့ ချီတက်လာလျှင် သူက သူ့မော်တာနှင့် အလုပ်များ၏။

မော်တာပစ်နေစဉ် ပါးစပ်ကလည်း အလုပ်များ၏။

"လာလေရော့. . . လပျံတစ်လုံး၊ သွားလေရော့ အနားသား လပျံတစ်လုံး"

ဆရာကိုမျိုးခင်သည် သူ့မော်တာကျည်ဖူးများကို ဤသို့ လပျံဟု ကြံ့ကြံ့ဖန်ဖန် နာမည်ပေးထားသည်။

ပစ်ရင်းခတ်ရင်းကလည်း သတိမလစ်။ ဘေးဘီကို ကြည့်တတ်သည်။

တစ်နေရာတည်းက ပေတေပစ်ခတ်နေသူကို တွေ့လျှင် သူသာလျှင် တတ်နိုင်သော ရှည်လျားလှသည့် ဆဲခြင်းကိုပြု၏။

"တယ်. . . ငါ့ပစ္စည်းနဲ့ ချွတ်ပစ်လိုက်ရ. . . လည်ပင်းကို ခုနစ်ပတ်လောက် ပတ်မိပြီး ပိုနေတဲ့အစကို ကျော်ကျိုမှတ်ပြီး တထုတ်ထုတ် ကိုက်နေတော့မယ်"

ဆရာ့ပစ္စည်းသည် ဤမျှ မရှည်ကြောင်း သက်ခိုင်တို့ သိသည်။ ဆရာ့စေတနာကိုလည်း သိသောကြောင့် စိတ်မဆိုးနိုင်ဘဲ ရယ်ကြရ၏။

တိုက်ပွဲ နားသွားလျှင် ကော်ပိုရယ် ကိုသန်းထွတ်ကြီးသည် မင်းသားကျော်အေးဟန်နှင့် မဟုတ်ကဟုတ်က ခုနစ်သံချီ သီချင်းများကို ဆိုပြတတ်၏။

နမူနာများကား. . .။

"ခင်ရယ်. . . ဒီဟဝါမျိုးကို မုန်းလိုက်ပါတော့ကွယ်၊ ဒေါက်တာရယ်. . . ကျွန်တော့်ရဲ့ ဟဝါကြီးမှာ. . . ဟိုသင်းပြုလုပေါ့ကွယ်"

ရဲဘော် ကိုသန်းမြ၊ ကိုလှမောင်၊ ကိုမောင်အေး၊ ကိုတင်မောင်၊ ကော်ပိုရယ်ကိုစိုးမောင်၊ ကိုမျိုးညွန့်၊ ကိုသိန်းဖုံတို့က မနက်ဖြန် ရဲဘော်အားလုံးအတွက် အမဲသားဟင်း ချက်ကျွေးလျှင် စပါးလင် ဘယ်ကရှာရမည်ကို အကြီးအကျယ် ဆွေးနွေးကြ၏။ သူတို့ ဆွေးနွေးပွဲကို 'စပါးလင် အော်ပရေးရှင်း' ဟု ကြီးကြီးကျယ်ကျယ် နာမည်ပေးထား၏။ ပေးလည်းပေးထိုက်၏။ စပါးလင် အရှာကောင်းသဖြင့် တစ်မနက်တွင် မိုင်းဗုံးနင်းမိရာ ကံကြီးသဖြင့်သာ သေမကုန်သည်။ တပ်ရင်းမှူးက ဘီအီးများ ခေါ်လာကာ မိုင်းဗုံးရှင်းခိုင်းသည်အထိဖြစ်ခဲ့၏။

မုတ်သုံဝင်လာစ မေလ၊ စစ်မြေမှ သက်ခိုင် တစ်သက်မမေ့နိုင်သော အတွေ့အကြုံများတည်း။

၁၉၄၉ ခုနှစ် ဧပြီလ ၂၄ ရက် တနင်္ဂနွေနေ့မှ စကာ မေလ ၉ ရက် တနင်္လာနေ့အထိ သက်ခိုင်တို့တပ်သည် မှော်ဘီ၌ ခုခံနေရ၏။

မေလ ၉ ရက်နေ့တွင် သက်ခိုင်တို့တပ်ခွဲကို သေနတ်ကိုင်တပ်ရင်း အမှတ် (၁) မှ တပ်ခွဲ (၃)က အစားဖြည့်ရောက်လာသည်။

ကားကြီးများနှင့် သက်ခိုင်တို့ ပြန်လာကြစဉ် မှော်ဘီမြို့သူ မြို့သားတိုင်း ထွက်၍ နှုတ်ဆက်ကြ၏။

ထွန်ရေးမငင်နိုင်သေးသော ရေတွေ လျှံနေသည့် လယ်ကွင်းများကိုဝဲ/ယာ၌ ထားလျက် သက်ခိုင်တို့ ရန်ကုန်မြို့ဆီ ပြန်လာခဲ့ကြရ၏။

ထိုနေ့ည ၈ နာရီလောက်တွင် ရွှေတိဂုံစေတီခြေရင်းရှိ ဂေါ်ရာကုန်းသို့ ရောက်လာကြသည်။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**စီးပွားရေးတက္ကသိုလ်(ရန်ကုန်)**
**၁၉၆၉-၁၉၇၀ ခုနှစ် စတင်ဝင်ရောက်သူများ(မည်သည့်ခုနှစ်ဘွဲ့ရမဆို)**
**ဆဋ္ဌမအကြိမ် ကထိန်အလှူတော် မင်္ဂလာနှင့်မိတ်ဆုံစားပွဲ၊**
**ဆရာကန်တော့ပွဲ တက်ရောက်ရန်ဖိတ်ကြားခြင်း**

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)သို့ ၁၉၆၉နှင့်၁၉၇၀ခုနှစ်တွင် စတင်တက်ရောက်ခဲ့သော သူငယ်ချင်းများစုပေါင်း၍ ဆဋ္ဌမအကြိမ် ကထိန်အလှူတော်မင်္ဂလာကို ညောင်တုန်းမြို့၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မိတ်ဆုံစားပွဲကို ၂၆-၁၂-၂၀၁၅ရက်တွင်လည်းကောင်း၊ ၂၇-၁၂-၂၀၁၅ရက်တွင် ဒုတိယအကြိမ်ဆရာကန်တော့ပွဲကိုလည်းကောင်း ပြုလုပ်ရန်စီစဉ်ထားပါသည်။ ၂၅-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ဦးမြိုင်ရုံးခန်းတွင် အစည်းအဝေးပြုလုပ်မည်ဖြစ်ပါသည်။ သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်နိုင်ရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဒေါက်တာလေးကြည် ဖုန်း-၀၉-၅၅၀၆၉၁၉၊ ဦးခင်မောင်ဦး ဖုန်း-၀၉-၇၃၅၀၆၀၀၃၊ ဒေါ်နွယ်နွယ်ကြည် ဖုန်း-၀၉-၅၁၅၃၆၉၅၊ ဒေါ်ခင်လေးတင့် ဖုန်း-၀၉-၅၅၀၅၆၂၆၊ ဦးချစ်ဦး ဖုန်း-၀၉-၉၇၂၈၅၆၈၇၅၊ ဒေါ်နွဲ့နွဲ့ဝင်း ဖုန်း-၀၉-၅၄၇၃၁၇၊ ဦးဝင်းတည် ဖုန်း-၀၉-၈၇၀၂၄၁၁၊ ဦးမြိုင် ဖုန်း-၀၉-၅၁၈၄၉၄၉၊ ဦးကြည်စိုး ဖုန်း၀၉-၄၂၁၀၆၃၁၈၂၊ ဒေါ်စမ်းစမ်းလှိုင် ဖုန်း-၀၉-၅၁၅၂၇၆၅

၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် မြေနီကုန်း ဦးမြိုင်ရုံးခန်းသို့ ကထိန် အလှူတော်မင်္ဂလာ(ညောင်တုန်း)သို့ လိုက်ပါလိုသူများ အချိန်မီ ကြွရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။



**EASTERN SHINNING STAR Travels & Tours**

★ ရန်ကောက် - ပတ္တရား - အယုဒ္ဓယ (၅ ညအိပ်/ ၆ ရက်) အောက်တိုဘာ ၂၆ - ၃၁
★ စင်ကာပူ သီးသန့် (၃ ညအိပ် / ၄ ရက်) အောက်တိုဘာ ၃၀ - နိုဝင်ဘာ ၂
★ ဥရောပ (၆) နိုင်ငံ (၁၄ ညအိပ် / ၁၅ ရက်) ဒီဇင်ဘာ ၈ ရက် - ဒီဇင်ဘာ ၂၂
★ အင်္ဂလန် - စကော့တလန် (၈ ညအိပ် / ၉ ရက်)
★ ဗီယက်နမ် (ဟိုချီမင်း - ဟာလောင်းဒေး - ဟနွိုင်း) (၄ ညအိပ်/၅ ရက်)
★ မလေးရှား သီးသန့် (၃ ညအိပ် / ၄ ရက်) နိုဝင်ဘာ ၁၄ - နိုဝင်ဘာ ၁၇
★ စင်ကာပူ + အင်ဒိုနီးရှား (၄ ညအိပ် / ၅ ရက်)
★ စင်ကာပူ + မလေးရှား နိုင်ငံ (၄ ညအိပ် / ၅ ရက်)

ကျွန်ုပ်တို့ ESS ၏ ခရီးစဉ်များကို ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်၊
☎ - 09 7315 7452, 09 2528 52063, 09 26177 3371



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသိန်းဟန်(၁၂/ဥကမ(နိုင်)၀၀၇၇၉၉)၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံကူးလက်မှတ်အမှတ် (MA-897777) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၅၀၁၈၈၉၇၊ ၀၁ ၅၂၆၃၀၆



**အမျိုးသမီးယာဉ်မောင်း အလိုရှိသည်။**
**ဆက်သွယ်ရန်**
**၀၉၇၃၂၀၈၆၀၃**



**Royal Gandamar Travels & Tours**

ချောင်းသာ (၁)ညအိပ် SeaView: 99,000 Ks (Oct 27) GardenView: 85,000Ks
ချောင်းသာ (၂)ညအိပ် SeaView: 155,000Ks (Oct30) GardenView: 125,000Ks
(Flightဖြင့်) (၂)ညအိပ် SeaView 219,000Ks
(3*Hotel, (Buffet), (Sea-food), AirconExpress)
Ph: 01-397484, 09-333 53275, 09-3659 2255, 09-25089 2626



**ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါမည်။**

၃-၁၀-၂၀၁၅ ရက်နေ့ Taxi (Filder) အမျိုးအစားကားစီးရင်း အောက်ပါ ပစ္စည်းနှင့်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၁၀"၈"နှင့် ၄"၆" လယ်သာအညိုရောင် ပိုက်ဆံအိတ်၊ ပိုက်ဆံ ၅၀၀၀ တန် (၇) သိန်းကျော်၊ ၁၀၀၀ တန် (၃)သောင်းကျော်၊ ၅၀၀ တန်၊ ၂၀၀ တန်၊ ၅၀ တန် ရောရာအနည်းငယ်၊ US ဒေါ်လာ ၂၀ တန်၊ ၁၀ တန်၊ ၁ကျပ်တန် ပေါင်း (၄၀)၊ မလေး Ring ကျပ်၊ KBZ Cash Card တစ်ခု၊ ဦးမောင်ဖြူ၏ နိုင်ငံသားကတ်(၁၂/တမန(နိုင်)၀၅၃၉၅၆)၊ ဂျပန်ဗီဇာ No. 28751821,28751822, 28750993၊ ဖုန်း (Sony အမျိုးအစား၊ Oredoo sim card No.09970967476)၊ သော့ (၄)ချောင်းတွဲ တစ်ခု၊ သုံးချောင်းတွဲ (၁)ခု၊ ပါဝါမျက်မှန်(ရွှေရောင်)တစ်ခုတို့ ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနှင့် လိပ်စာသို့ အကြောင်းကြားပေးပါရန်။

အမှတ်-၃၅၃-၃၅၅၊ (၄) လွှာ၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့။ ဖုန်း-၀၉၄၅၀၀၁၃၀၉၄



**ကြည်နူးရွှင်သာ သီတင်းကျွတ်ချိန်ခါ**
ချယ်ရီဦးတွင် (20,000) ကျပ် နှင့်အထက် နာရီ(၁)လုံး ဝယ်ယူခြင်းဖြင့်
နောက်ထပ် နာရီ(၁)လုံးကို (15% Discount) ရယူလိုက်ပါ။
အောက်တိုဘာလ (၁) ရက်နေ့မှ နိုဝင်ဘာလ (၃၀) ရက်နေ့ထိသာ
CHERRY OO Website : http://www.cherryoo.com/ Facebook : https://www.facebook.com/cherryoowatchgallery

## နှစ်ထပ်လူနာဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာပြုလုပ်



**ကွမ်းလုံ အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့နယ် ကုသရေးဦးစီးဌာန နှစ်ထပ်လူနာဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီက ကွမ်းလုံမြို့ ပြည်သူ့ဆေးရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟော်ရှောက်ချန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် နေရာယူ၍ ပန္နက်များ စိုက်ထူပေးခဲ့ကြသည်။

အဆိုပါ နှစ်ထပ်လူနာဆောင်သည် အလျား ၁၃၄ ပေ၊ အနံ ၄၄ ပေ ရှိမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀၀၀ ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် အောက်တိုဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန (လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဝေါလ်ဗီရှင်မြန်မာ (ရန်ကုန်)တို့ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီ က တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ညွှန်ကြားရေးမှူး ရဲမှူးကြီး ဥမ္မာရင်မိက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဝေါလ်ဗီရှင်မြန်မာ ဇုန်နယ်မန်နေဂျာ ဦးစရီးလိုက ဝေါလ်ဗီရှင်မြန်မာနှင့် CRC လုပ်ငန်းစဉ်ဆိုင်ရာများအား ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအား ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ ရဲမှူးကြီးဥမ္မာရင်မိက ကလေးသူငယ်များအား စီးပွားရေးအရ လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် အင်ဒိုနီးရှားကျွန်းများပေါ်တွင် လုပ်အားခေါင်းပုံဖြတ်ခြင်းခံရသည့် မြန်မာရေလုပ်သားများအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဉာဏ်မြတ်မင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဝေါလ်ဗီရှင်မြန်မာ (ရန်ကုန်) မှ Program Coordinator ဦးမြင့်မောင်မောင်က မြန်မာနိုင်ငံလူကုန်ကူးမှုဖြစ်စဉ်များအားလည်းကောင်း၊ Project Officer ဒေါ်ဌေးဌေးမြင့်က လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံခဲ့ရသော ကလေးများဆိုင်ရာ သိသင့်သိထိုက်သည့်အချက်များကိုလည်းကောင်း၊ ILO အဖွဲ့စည်းမှ Project Officer စောဆာကပေါ်က အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများဆိုင်ရာအကြောင်းကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့သည်။ တက်ရောက်လာသူများမှ လူကုန်ကူးမှုဆိုင်ရာအကြောင်းအရာများအား စုဖွဲ့တင်ပြခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဟိုပန်မြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူး မွမ်းမံသင်တန်း (၁/၂၀၁၅) ဖွင့်လှစ်

**ဟိုပန် အောက်တိုဘာ ၁၄**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေ ဒီမိုကရေစီရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ကြမည့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ မွမ်းမံသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီက ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာမေးပွဲခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနား၌ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းရွှေထွန်းက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့် အစိုးရသစ်တစ်ရပ် ရွေးချယ်ပေးမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကြီးသည် လွတ်လပ်၍ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းစသည့်ဂုဏ်အင်္ဂါရပ်များနှင့် ညီညွတ်မှသာ နိုင်ငံတကာ၌ ပုံရိပ်ကောင်းတစ်ခုရရှိမည်ဖြစ်ပြီး နိုင်ငံတကာကလက်ခံသည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၏အသက်သည် ရွေးကောက်ပွဲကျင်းပသည့်နေ့ဖြစ်၍ မဲရုံအသီးသီး၌ တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများသည် မှားယွင်းမှုဟာကွက်၊ ပျော့ကွက်နည်းပါးပြီး ကိုယ်စီတာဝန်ဝတ္တရားများကို ကျေပွန်စွာဖြင့် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ထမ်းဆောင်နိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၆ ဦး တက်ရောက်ကာ သင်တန်းနည်းပြသုံးဦးက နှစ်ရက်ကြာ ရှင်းလင်းပို့ချမည်ဖြစ်သည်။ ဟိုပန်ခရိုင်တွင် မဲရုံ ၄၃ ရုံ၊ မက်မန်းခရိုင်တွင် မဲရုံ ၄၂ ရုံရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်သူအသိပညာပေးနယ်လှည့်စာဖတ်ဝိုင်းများ လိုက်လံဖွင့်လှစ်

**သထုံ အောက်တိုဘာ ၁၄**

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်းဖြင့် အထွေထွေဗဟုသုတများပြည့်ဝကာ ပညာရေးကဏ္ဍများ ပိုမိုတိုးတက်နိုင်စေရန်အတွက် နယ်လှည့်စာဖတ်ဝိုင်းများ ဖွင့်လှစ်ပေးခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြောခြင်းစသည့် ပြည်သူ့ဝန်ဆောင်မှုအသိပညာပေးလုပ်ငန်းများကို အောက်တိုဘာ ၁၂ ရက်က သထုံမြို့နယ် မြေနီကုန်းကျေးရွာနှင့် ကျောက်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက လိုက်လံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်နှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စရပ်များ၊ စာကြည့်တိုက်များ ရှင်သန်ရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားပြီး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များကို လှူဒါန်းပေးခဲ့ကြသည်။

**သထုံခရိုင်(ပြန်/ဆက်)**

လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း
(Human Resource Management Training)
MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
ငွေတန်အစီ သင့်ရဲ့လူ့စွမ်းအားအရင်းအမြစ်ကို စီမံခန့်ခွဲလိုပါသလား...
HR - နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းအတွက် ...
25-10-2015 စမည်။
Every Sun : 2 pm to 5 pm (2 Months) Limited Seats !
မကြာမီဝင်လာတော့မည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့်အပြိုင် မိမိတို့လုပ်ငန်းအသီးသီး၏ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်အောင် HR မန်နေဂျာတစ်ယောက် သိသင့်သိထိုက်သည့်အခြေခံ HR ပညာရပ်များကို SHRM ဘာသာရပ်တွင် World First ရရှိထားသော ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။



Lecturer
ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)
ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဉ်သင်ကြားပို့ချပေးသည်။
Campus 1 - 209 (B), Shwegonedine Road, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Contact : 01 548500, 09 32350785, 09 254114537, 09 259290273, 09 5010014. facebook : www.facebook.com/mlinstitue
website : www.lynnthaiknyunt.com www.facebook.com/ltnmyanmarland

# ရေပေးရေးလုပ်ငန်းစစ်ဆေး

**ကျိုက်မရော အောက်တိုဘာ ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ကျိုက်မရောမြို့နယ် အတ္တရံကျေးရွာအုပ်စု ပေါလောကျွန်းနှင့် ပေါလောကုန်းကျေးရွာ ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်တာဝန်ရှိသူများက အောက်တိုဘာလပထမပတ်တွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။

**(ကျေးလက်ဦးစီး)**

TDCM သီတာချမ်းမြေ
ဒေါက်တာဒေါ်သီတာလှမြင့်
ဘော်ဒါနှင့် စာသင်ဝိုင်း
ကြိုးစားအားထုတ်မည့်သူတိုင်း ရာနှုန်းပြည့်အောင်မြင်ရမည်။
❑ ထူးချွန်ထက်မြက်လိုသူတို့အတွက် (၁၀) တန်း (၅)လပြတ် စာသင်/စာကျက်ဝိုင်း
❑ နေ့စဉ် ၊ တန်းခွဲ (၁) (၁း၀၀)မှ (၉း၀၀)နာရီ ၊ တန်းခွဲ (၂) (၇း၀၀)မှ (၃း၀၀)နာရီ
❑ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ အဝေးသင်တက္ကသိုလ် (မြန်မာစာ ၊ သမိုင်း)
❑ ညှိလမ်းညွှန်ဝင်ခွင့်သင်တန်း ၊ ရွေးကောက်ပွဲကော်မရှင်၊ ရာထူးဝင်ခွင့်သီးသန့်သင်တန်းများ။
လိပ်စာ-အမှတ်(၃၆၅)၊ ပ-ထပ်၊ မဟာဗန္ဓုလလမ်း၊ ၃၈-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉ ၂၅၂၂၂၇၀၉၅၊ ၀၉ ၇၈၁၄၂၉၃၉၆

စာအုပ်စာပေ လူ့မိတ်ဆွေ

ကျော်ဇေယျာလေး(ကသာ)




ယခုစာအုပ်တွင် Android Application များကို အခြေခံမှစ၍ အလွယ်ကူဆုံး ဖန်တီးနိုင်စေရန် သက်ဆိုင်ရာ Operating System များ ထည့်သွင်းထားခြင်း၊ Sample Android Application တစ်ခုကို အလွယ်တကူ ဖန်တီးနိုင်မည့် Step များ၊ Vitual Phone ခေါ် Emulator Device တစ်ခုကိုလည်း အဆင့်ဆင့် ဖော်ပြထားခြင်း စသည်…စသည်တို့အပြင် စာရေးသူ၏သင်ကြားမှု အတွေ့အကြုံများကို အခြေခံပြီး C & C++, Java, C# and Objective-C အစရှိသော Programming Language များနှင့် Compare လုပ်ပြီး သင်ကြားပို့ချထားပါသည်။

Programming အတွေ့အကြုံမရှိသူများ Adroid Application များကို လေ့လာရာမှာ စိတ်ပါဝင်စားလာကြပြီး ဆက်လက်လေ့လာသင်ယူနိုင်စေရန် သင်ကြားပေးထားသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ရန်ကုန် - the bookhouse 09979606010 / 09979606020
မန္တလေး - ထွန်းဦး၊ နဂါး
ထွက်ပြီ

# ခါးနာရောဂါသက်သာစေနိုင်သည့်ဆေးနည်းတိုများ

ဓါ ကြည်လွင်မြင့်(မုဒြာ)

အဖြစ်များသောရောဂါအမျိုးမျိုးတွင် ခါးနာရောဂါလည်းပါဝင်သည်။ ခါးနာရောဂါဖြစ်ပွားမှုမှာ အသက်အရွယ်အမျိုးမျိုးကြုံရသည်။ အချိန်ပြည့်ရုံးထိုင်အလုပ်လုပ်ရသူ အသက် ၅၀ ခန့်မှ လူလတ်ပိုင်း အသက် ၃၀ ခန့် ကွန်ပျူတာနှင့်အထိုင်များသူ၊ ကျောင်းစာအုပ်များစွာ၊ ကျောပိုးအိတ်နှင့်လွယ်ပြီး နေ့စဉ်ကျောင်းတက်ရသည့် ကျောင်းသားလူငယ်လေးထိ အရွယ်မျိုးစုံတွေ့ရသည်။

အလုပ်ကြမ်းမလုပ်ဖူးဘဲ ရုတ်တရက်သေတ္တာမလိုက်ရာမှ ခါးနာသူ၊ ဆန်အိတ်မလိုက်ရာမှ ခါးနာသူ၊ ရေပုံးဆွဲရာမှ ခါးနာသူများလည်း တွေ့ရတတ်သည်။ ပစ္စည်းအလေးအပင်မလျှင် ဆောင့်ကြောင့်ထိုင်ပြီးမှ မယူရမည့်အစား ခါးကုန်းပြီး အားစိုက် မယူလိုက်သောအခါ ခါးရိုးဆစ်ဟသွားပြီး ခါးအရွတ်နာသွားခြင်းမှစ၍ ခါးနာရောဂါဖြစ်နိုင်သည်။ အခန့်မသင့်လျှင် ခါးဆစ်နှစ်ခုကြားတွင် အကြောညပ်ပြီး လုံးဝပြန်မထနိုင်တော့သည်ထိ ဖြစ်နိုင်သည်။

လေ့ကားအဆင်းအတက်များသူများတွင်လည်းခါးနာရောဂါဖြစ်သည်ကိုတွေ့ရသည်။ အချို့လှေကားထစ်များသည် စိပ်လွန်းခြင်း၊ မတ်စောက်ခြင်း၊ အကျော်အနင်းမမှန်ခြင်း၊ မြင့်လွန်းခြင်း၊ အလိမ်အကွေ့များခြင်းတို့ကြောင့် ခါးနာရောဂါဖြစ်နိုင်သည်။ လှေကားတက်ဆင်းခြင်းသည် နှလုံးကျန်းမာရေးအတွက်ကောင်းသည်ဟု ဆိုသော်လည်း ခါးနာရောဂါရှိသူများအတွက်မကောင်းပေ။ ထို့ကြောင့် ခေတ်မီအထပ်မြင့်တိုက်များတွင် အဆင်းအတက် ဓာတ်လှေကားများကို သုံးစွဲလာကြခြင်းဖြစ်သည်။

ခါးနာလျှင် ပူသောပရုတ်ဆီလိမ်းကြသည်။ အချို့မှာ အရပ်အနှိပ်သည်နှင့် လက်နှိပ်ခံကြသည်။ လက်နှိပ်အားပြင်းပြီး ခါးဆစ်မှအရွတ်နှင့် အကြောရောင်သွားသောကြောင့် ပိုဆိုးသွားသူများကို တွေ့ရဖူးသည်။ အချို့မှာ အနင်းခံကြသည်။ အနင်းခံရာမှ ခါးရိုးဆစ်ကျွံသွားပြီး ခွဲစိတ်ကုသရသည့်အဆင့်အထိ ရောက်သွားသူများလည်း ရှိသဖြင့် အထူးသတိထားဆင်ခြင်ကြဖို့ သတိပေးလိုသည်။

ရှေးလူကြီးများသုံးစွဲလေ့ရှိသည့် အနှိပ်သည်ဖုဟုခေါ်သော သစ်သားကို အဖုနှစ်ဖုအဖြစ် ထွင်းထုထားသော ခါးအောက်မှခံအိပ်သည့်ပစ္စည်းကို ဘုရားစောင်းတန်းများတွင် ရောင်းချနေသည်ကို ယနေ့ထက်တိုင် တွေ့နေ ရဆဲဖြစ်သည်။ အနှိပ်သည်ဖုကို ခါးအောက်မှခံအိပ်ပြီး အိပ်ပျော်သွားသောကြောင့် ခါးဆစ်ရောင်ပြီး နံနက်တွင် မထနိုင်ဖြစ်ရသူကို တွေ့ဖူးသဖြင့် အထူးသတိထားသုံးစွဲရမည့်ကိရိယာဖြစ်သည်။

အညာဒေသမှ ခါးနာရောဂါဖြစ်တာကြာပြီး လမ်းမလျှောက်နိုင်၊ ခြေတစ်ဖက်သိမ်သွားသူ အသက် (၆၀) ကျော် ဦးကြီးတစ်ဦး ကုသပေးဖူးသည်။ သူသည် ထန်းတက်ရာမှ ထန်းပင်ပေါ်မှကျသည်။ ဖြစ်စက သိပ်မနာ၊ နောက်မှ တဖြည်းဖြည်းနာလာပြီး ခြေတစ်ဖက်ပါသိမ်လာသည်။ သူ့ခါးဆစ်မှာ ခုံးနေပြီး ကျီးပေါင်းတက်နေသည်ကို တွေ့ရသည်။

ကျီးပေါင်းသည် သစ်ပင်အခေါက်ခွာလျှင် အပွေးတက်သကဲ့သို့ တဖြည်းဖြည်းတက်လာပြီးမှ အာရုံကြောကို ပိတ်မိကာ အောက်ပိုင်းသေသလိုဖြစ်သွားနိုင်သည်။ ဖြစ်စက သေချာစွာကုသလျှင် ခါးကျီးပေါင်းမတက်နိုင်ပါ။ ကျီးပေါင်းတက်ရောဂါဖြစ်လျှင် အကြောနားလည်သော ပညာရှင်များဖြင့် သေချာစွာကုသသင့်သည်။ အနင်းအနှိပ်ခံခြင်းကြောင့် ခါးရိုးဆစ်ကျီးပေါင်းနှင့် အကြောညပ်ပြီးအောက်ပိုင်းသေသည်အထိ ဖြစ်သွားရသူများ ရှိသည်။ ခါးရိုးဆစ်များကြားမှထွက်သော အာရုံကြောများသည် အလွန်သေးငယ်သော်လည်း လမ်းသွားခြင်းနှင့် အထိုင်အထပြုလုပ်ရာတွင် ထိုအာရုံကြောများက ကြွက်သားများကိုစေခိုင်းခြင်းဖြစ်သည်။ အာရုံကြော အလုပ်မလုပ်သောအခါ ကြွက်သားများပါကျသွားပြီး သိမ်သွားသည်။ ခန္ဓာကိုယ်အောက်ပိုင်းပိန်လှီပြီး မသန်မစွမ်းဘဝရောက်နိုင်သဖြင့် ခါးကျီးပေါင်းရောဂါကို ပေ့ါပေ့ါဆဆမနေသင့်ပေ။

ရောဂါတစ်ခုဖြစ်လာလျှင် ဖြစ်လျှင်ဖြစ်ချင်း ဖြစ်စအချိန်တွင် အရပ်သုံးဆေးမြီးတို(ဆေးနည်းတို)များဖြင့် ကုသလေ့ရှိသည်မှာ မြန်မာလူမျိုးတို့၏ရိုးရာဓလေ့ပင်ဖြစ်သည်။ ဆေးမြီးတိုနှင့်ကုသ၍ မပျောက်ကင်းမှသာ ဆရာနှင့်ပြ ကုသကြသည်။ ခေတ်မီလာသောအခါ အကြောအဆစ်ကုဆရာဝန်ကြီးများနှင့် ခါးရိုးဆစ်ကို အတိအကျပုံဖော်ပေးနိုင်သည့် ဓာတ်မှန်နည်းပညာများထွန်းကားလာပြီဖြစ်သည်။ ကျီးပေါင်းတက်သောအဆင့်၊ အာရုံကြောညပ်သောအဆင့်များတွင် (Traction)ခေါ် စက်သီးဖြင့် ခါးဆွဲကုသသည့်နည်းကို အသုံးပြုရသည်။ အဆစ်နှစ်ခုကြားညပ်နေသည့်အကြောကို ခါးဆွဲခြင်းဖြင့် ပြန်လွတ်ထွက်လာအောင် ကုသသောနည်းဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာတွင် ရှေးနှစ်ပေါင်းနှစ်ရာကျော်မှ ခါးနာရောဂါအတွက် ပျောက်ကင်းစေနိုင်သော ဆေးမြီးတို ဆေးနည်းတိုသုံးစွဲမှု၊ ပျောက်ကင်းမှု မှတ်တမ်းများ ရှိခဲ့သည်။ ထိုနည်းများသည် ဆရာမကူဘဲ မိမိအိမ်တွင် ကိုယ်တိုင်ကုနိုင်သောနည်းများဖြစ်သည်။ အနီးပတ်ဝန်းကျင်ရှိ သဘာဝပေါက်ရောက်ပင်များကို ဆေးဖက်ဝင်အပင်အဖြစ် သုံးစွဲထားသည်ကိုတွေ့ရသဖြင့် အလွန်လွယ်ကူသည်။ ဆေးနည်းတိုဟူ၍ အထင်မသေးသင့်။ ပထမအဆင့်တွင် အချိန်မီကုသပါက ပျောက်ကင်းနိုင်သောဆေးမြီးတို များစွာရှိသည်ကို ရှေးဆေးမြီးတိုကျမ်း၊ မှတ်တမ်းများအရ သိရှိရပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာတွင် ရှေးနှစ်ပေါင်းနှစ်ရာကျော်မှ ခါးနာရောဂါအတွက် ပျောက်ကင်းစေနိုင်သော ဆေးမြီးတို ဆေးနည်းတိုသုံးစွဲမှု၊ ပျောက်ကင်းမှုမှတ်တမ်းများ ရှိခဲ့သည်။ ထိုနည်းများသည် ဆရာမကူဘဲ မိမိအိမ်တွင် ကိုယ်တိုင်ကုနိုင်သော နည်းများဖြစ်သည်။

**ခါးနာရောဂါပျောက်ဆေးမြီးတိုများ–**

- သက်ရင်းကြီးရွက်(၇)ရွက်ကိုဖြန့်ပြီး ခါးနာသူ၏ အိပ်ရာပေါ်တွင်ခင်းပါ။ အပေါ်မှ အဝတ်ပါးတစ်ထည်ကို ထပ်၍ခင်းပါ။ နံနက်အိပ်ရာထလျှင် ခါးနာသက်သာသည်ကိုတွေ့ရသည်။
- ခါးနာသူ၏ခါးတွင် ရေစိုအဝတ်ကို ရေကုန်အောင်ညှစ်ပြီး ပတ်ထားပါ။ အိပ်ပြီး ခြေဖဝါးတွင် ဆားပွတ်ပေးပါ။ ရေဖတ်ဖြင့် တစ်လှည့်ပွတ်ပါ။ ခါးမှအဝတ်ခြောက်သွားပြီး ခါးနာသက်သာသွားပါလိမ့်မည်။
- ကိုယ်ရံကြီးရွက်ကို ခူးယူပြီး မီးကင်ပါ။ ပျော့ပြောင်းပြီး အေးသွားသောအခါ ခါးတွင်ပတ်ပြီး အဝတ်ဖြင့်ပတ်စည်းထားပါ။ နှစ်နာရီခန့်စည်းထားလျှင် ခါးနာသက်သာစေနိုင်သည်။ ခါးမှအပူများထွက်ပြီး ယားလာလျှင် သနပ်ခါးနှင့်ဆားကို ရောသွေးပြီး လိမ်းပါကသက်သာစေနိုင်သည်။
- သဘော်ာရွက်တစ်ရွက်ခူးပါ။ ပျော့သွားအောင် ရေနွေးဖြင့်စိမ်ပါ။ ခါးတွင်ကပ်ပါ။ အဝတ် (သို့မဟုတ်) ပတ်တီးဖြင့် ပတ်ထားပါ။ ပထမ အေးသည်၊ နောက်ပိုင်း ပူလာပါလိမ့်မည်။ ခံနိုင်သမျှ အောင့်ခံပါ။ ခါးနာသက်သာစေနိုင်သည်။
- မုန်ညင်းဆီစစ်စစ် ငါးကျပ်သားတွင် ချင်းတက်ကို ပါးပါးလှီးပြီး ခုနစ်လွှာထည့်ပါ။ မီးဖြင့် ဆူအောင် အပူပေးပြီး အအေးခံထားပါ။ ထိုချက်ထားသော မုန်ညင်းဆီကို ခါးတွင်လိမ်းပါ။ ခါးအလွန်နာလျှင် မီးအပူပေးပြီး ခပ်နွေးနွေးလိမ်းပြီးနောက် အဝတ်ဖြင့် ခါးကိုပတ်ထားပါ။ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်လိမ်းပေးပါက သက်သာနိုင်သည်။
- နှမ်းဆီကို အပူပေးပြီး ဆူလာပါက မိဿလင်ကို ထုထောင်းပြီးထည့်ပါ။ ထိုဆီကျက်ကို ခပ်နွေးနွေး ခါးတွင် လိမ်းပေးပြီး အဝတ်ပတ်ထားပါကလည်း ခါးနာသက်သာစေနိုင်သည်။
- အာလူးအစိမ်းကို ဘေးတိုက် ခပ်ပါးပါးလှီးပြီး ခါးရိုးဆစ်တစ်လျှောက် ခုနစ်ခုခန့်ကပ်ပါ။ ကွာမကျအောင် အဝတ်သို့မဟုတ် ပတ်တီးဖြင့် ခါးတွင် ပတ်ပြီးအိပ်လျှင် ခါးနာသက်သာစေနိုင်သည်။
- မိဿလင်ဥကို အခြောက်လှန်း၊ အမှုန့်ကြိတ်ပြီး အဝတ်ပါးဖြင့်ထုပ်ကာ ကြပ်ထုပ်ပြုလုပ်ပြီး ရေနွေးငွေ့ဖြင့် ပေါင်းခံကာ ခါးတွင် ကြပ်ထုပ်ထိုးပေးလျှင် လျင်မြန်စွာသက်သာစေနိုင်သည်။
- သက်ရင်းကြီးရွက်၊ မိဿလင်ဥ၊ ချင်းစိမ်း သုံးမျိုးကို ညက်အောင်ထုထောင်းပြီး ခါးတွင် အုံစည်းပေးလျှင် ဒဏ်ကြောင့်ဖြစ်သောခါးနာကို သက်သာစေနိုင်သည်။
- ဝံအူမြစ်၊ တောရှောက်မြစ်၊ ထင်းရှူးဆီ၊ နလင်ကျော်မြစ်တို့ကိုသွေး၍ လိမ်းပေးခြင်းဖြင့် ခါးကျီးပေါင်းတက်ခြင်းကို သက်သာစေနိုင်သည်။

KKH TAW WIN CENTRE

TAW WIN FAMILY CO., LTD

တော်ဝင်မိသားစုကုမ္ပဏီ
မှ ကြီးမှူးကျင်းပသည့်
စာပေမြင့်တင်လှူ့စွမ်းအင်
စာရေးစာဖတ်နှင့် တင်ဆက်မှုစွမ်းရည်ပြိုင်ပွဲ
၂၀၁၅-၂၀၁၆
ပထမဆု ကျပ် သိန်း ၅၀
ဒုတိယဆု ကျပ် သိန်း ၃၀
တတိယဆု ကျပ် ၁၅ သိန်း
အသက် (၁၇ )နှစ်မှ (၃၀) နှစ်အတွင်း မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီ။

ပြိုင်ပွဲဝင်လျှောက်လွှာများကို
တော်ဝင်စင်တာ Level-3 တွင်
ရယူနိုင်ပါပြီ။
လျှောက်လွှာများကို ၂၀၁၅ ခုနှစ်၊
နိုဝင်ဘာလ ၁၅ ရက်နေ့
နောက်ဆုံးထားပြီး တော်ဝင်စင်တာ Level-3
အမှတ် ၄၅၊ ပြည်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ်- ၀၁၈၆၀၀၁၁၁၊
လိုင်းခွဲ- ၅၃၀၀ သို့ပေးပို့ရပါမည်။
ပြိုင်ပွဲအဆင့်ဆင့်တွင်လည်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်မည်ဖြစ်သည်။

**UK's Top Computing Degree in Yangon**

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက်
လျှောက်လွှာခေါ်ယူခြင်း

**GUSTO INTERNATIONAL COLLEGE**

၁ ။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂ ။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။

၃ ။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။

၄ ။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။

၅ ။ 2015 October Intake အတွက် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီးလျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။

မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး။ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 789 888 222, 01 504632

**EAGLE GUEST HOUSE**

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာဿဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇
၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

ကြော်ငြာ




**အမည်ပြောင်း**

ဝိုင်းမော်မြို့၊ အထက(၂)၊ဒသမတန်း(E)မှ (ဘ)ဦးလီးဖုံ၏သား မောင်အိမ်ပေါင်းအား မောင်ကောင်းထက်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**ရောင်းရန်**

ရန်ကုန်မြို့တွင်း၌ လက်ရှိပြေးဆွဲနေသော BUSတစ်စီး ရောင်းမည်။ (CNG-12လုံး) ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၉၆၂၉၄၈၆၊ ၀၉၂၅၄၁၉၀၂၇၅


**မြေကွက်ရောင်းမည်**

တောင်ဒဂုံ (၅၄)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်းရှိ ပေ(၄၀×၆၀)၊ ပါမစ်မြေကွက်၊ အုတ်တိုင်ခြံစည်းရိုးကာပြီး၊ အရှုပ်အရှင်းကင်း၊ တကယ်ဝယ်မည့်သူမှရောင်းမည်။ ရောင်းဈေး သိန်း(၄၅၀)
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၀၁၃၀၉၄**

**အမှားပြင်ဆင်ဖတ်ရှုပါရန်**

၂၇-၈-၂၀၁၅ရက်ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၂၄)တွင် ကန်ထရိုက်တာ ဦးဇော်ဇော်(MINT-၀၃၁၈၉၇)သိစေရန် ကြော်ငြာတွင် အမှတ်(၂၇)၊ အောင်တံခွန်လမ်းသွယ်၊ (က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်အစား အမှတ်(၇၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် ဦးစံလင်း (TGKV-၀၃၇၄၁၅) အစား(TGKN-၀၃၁၈၉၇)ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြော်ငြာအပ်ပါသည်။

ဦးစံလင်း(TGKN-၀၃၁၈၉၇)
ဦးသက်ပိုင်ရှား[၁၂/သဃက(နိုင်)၁၆၇၉၁၆]
ဦးတင်ဝင်း(W/RGN-၀၀၀၆၉၁)




**ငှားရန်**

ရွှေအုန်းပင်အိမ်ရာ၊ ရန်ကင်းမြို့နယ်၊ 1MBR, 2BR, A/C၊ ပရိဘောဂ အပြည့်အစုံ၊ USD 800,
Ph: 09-979873379, 09-5006427







# ဝန်ထမ်းအမြန်အလိုရှိသည်

၁။ Silver Sea Paper Carton Box Production Company Limited တွင် တာဝန်ထမ်းဆောင်ရန်အတွက် ပြည်တွင်း၊ ပြည်ပနိုင်ငံများတွင် လုပ်ငန်းအတွေ့အကြုံရှိသူများအား ခန့်ထားလိုပါသဖြင့် အောက်ဖော်ပြပါ အချက်အလက်နှင့်ကိုက်ညီသူများ အမြန်လျှောက်ထားနိုင်ပါသည်။

၂။ (က) B.E/B.Tech(E.C) — Male

(ခ) B.E/B.Tech(Mechanical) — Male

(ဂ) M.B.A — Male/Female

(ဃ) ပြည်ပနိုင်ငံများတွင် Prodution Operator လုပ်ငန်းထမ်းဆောင်ခဲ့သူ (လုပ်သက် ၃နှစ်)နှင့် အထက်ရှိသူများ ဦးစားပေး ခန့်အပ်သွားမည်။ — Male

(င) စက်မှုဝန်ကြီးဌာန၊ စက်မှုသင်တန်းကျောင်းများ၊ သင်တန်းဆင်းလက်မှတ်ရ ဝန်ထမ်းများ (Mechanical Tool/Power) (Electrical Power/EC) — Male

(စ) ဖိုတန်နှင့်အထက်ယာဉ်ကြီးများကို မောင်းနှင်နိုင်သည့်ယာဉ်မောင်းများ — Male

၃။ ဝန်ထမ်းများအတွက် ဖယ်ရီအကြိုအပို့ရှိသည်။ (ရန်ကုန်မြို့တွင်း၊ လှိုင်သာယာ၊ မှော်ဘီ)၊ လူပျိုများအတွက် အဆောင်စားသောက်နေထိုင်ရေး စီစဉ်ပေးမည်။

၄။ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ လစာညှိနှိုင်းပေးမည်။

၅။ ရာထူးအဆင့်နှင့်ကိုက်ညီသော ဝန်ဆောင်မှုစရိတ်များ ထောက်ပံ့ပေးမည်။

၆။ လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ကြော်ငြာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။ လိပ်စာ- အမှတ်(၅၀၊ ၅၂)၊ ၂လမ်း၊ ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-613920, 01-613921, Email: silverseapack@gmail.com


## ကြော်ငြာ

**သီတဂူရွှေပြည်ဟိန်း ဓမ္မဒါနဆေးရုံ နိုဝင်ဘာလ၊ ၁၄-၁၅၊ (၅၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း ဓမ္မဒါနဆေးရုံ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံစုပါဝင်။ တာမွေလေး။ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အနှင်းဆီခန်းဆောင်ခွဲ (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။







**ဖခင် အမည်မှန်** မြစ်ကြီးနားမြို့၊ အထက(၁)ဒသမတန်း($H_1$)မှ မလဇွမ်တောမ်၏ ဖခင်အမည်မှန်မှာ ဦးလဇွမ်လ ဖြစ်ပါသည်။

**မိုးသောက်ပန်းအဆင့်မြင့်မူကြို**
(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)
"ဘယ်နေ့ပဲ တက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။
(1) Junction ဝေနအနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133

**ပျောက်ဆုံး**
ကျွန်တော် မောင်ဝင်းမင်းဦး CDC-၅၁၆၄၂၏ TF -၁၉၇၁၀-၀၇ certificate ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၄၁၆၁၄၇**

**ကိုကျော်စိုး**
**ရန်ကုန်မြို့တွင်း မြေကြီး အပိုရှိသည်။**
**စက်ရုံနှင့်မြေကွက်** မြေကြီးလိုအပ်သူများ
ဆက်သွယ်ပါရန်။
**ဖုန်း-၀၉-၂၀၁၀၀၀၁၆၊ ၀၉-၅၆၅၀၁၀၇၊**
**၀၉-၃၀၁၆၈၈၈၈**

**အများသိစေရန်ကြေညာချက်**
ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးမြင့်အောင်[၁၂/မဂတ(နိုင်)၀၆၇၉၆၃]နှင့် ဒေါ်ဖြူနှင်းဆွေ (MGDN-၀၇၅၆၁၉) [၁၂/မဂဒ(နိုင်)၀၇၅၆၁၅]တို့သည် ၂၀၁၁ခုနှစ်ကပင် တရားဝင်ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ (၃)နှစ်အရွယ်သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်ဖြူနှင်းဆွေသည် ၅-၁၀-၂၀၁၅ရက် မွန်းလွဲ(၁)နာရီခန့်တွင် ဦးမိုးမြင့်အောင်မရှိသည့်အချိန် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ရွှေ၊ ငွေ လက်ဝတ်လက်စားများအား ယူဆောင်ပြီး ထွက်သွားသည်မှာ ယနေ့တိုင် မည်သည့်အဆက်အသွယ်မျှ ရရှိခြင်းမရှိပါ။ တွေ့ရှိသူများအကြောင်းကြားပေးပါရန်နှင့် ဖြားယောင်းသွေးဆောင် လက်ခံထားသူများအား ဥပဒေနှင့်အညီအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးမိုးမြင့်အောင်[၁၂/မဂဒ(နိုင်)၀၆၇၉၆၃]၏လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဒေါ်မိုးမိုးအေး)** **(ဒေါ်စုလှိုင်ထွေး)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၂)** **အထက်တန်းရှေ့နေ(စဉ်-၂၈၃၈၂)**
**အမှတ်-၅၆၃၊ အခန်းအမှတ်(၂၀၃)၊ MAC Tower**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၃၁၅၅၉၁၀၈၊ ၀၉-၄၂၁၀၂၉၇၁၀**

ကြော်ငြာ


NM New Motion
NEW MOTION TRAVELS & TOURS

ဟောင်ကောင် - Oct 28,Nov 25,Dec 30
ဖန်ကောက် - Oct 27,Nov 26,Dec 28,29
ဝီယက်နမ် - Oct 28/29,Dec 27
ဒုဘိုင်း - Nov 26,Dec 28
ဖူးခက် - Dec 29
ချင်းမိုင် - Nov 25
စင်း~ဘာလီ - Dec 25
ဂျပန် - Oct 24,Dec 26
စင်ကာပူ- Oct 28,Dec 31
စင်း~မလေး - Dec 27,28
ကိုရီးယား - Nov 25,Dec 23
စပိန် - Dec 19
ဥရောပ - Dec 14
အင်္ဂလန် - Dec 17
အမေရိကား - Dec 11
ဩစတြေးလျ - Dec 19

Contact Us
01508124
01523253
0973148933
-44-55-66

အမှတ်(၁၅)၊ပထမထပ်၊ကျွန်းတောလမ်း၊စမ်းချောင်း။

Escape From Everyday Life

ဗုဒ္ဓဂယာခရီးစဉ်
ခရီးစဉ်တစ်လျှောက်လုံး တည်းခိုစားသောက်မှုအတွက် အဆင့်မြင့်ဟိုတယ်များတွင်သာ စီစဉ်ထားပါသည်။

၇ည ၈ရက်ခရီးစဉ်များ
အောက်တိုဘာ-၂၄
နိုဝင်ဘာ-၂၁
ဒီဇင်ဘာ-၅၊၂၆
ဖေဖော်ဝါရီ-၁၃၊၂၇
မတ်-၁၉
ဧပြီ-၁၁

၇ည ၇ရက်ခရီးစဉ်များ
နိုဝင်ဘာ-၁၁
ဒီဇင်ဘာ-၁၂
ဖေဖော်ဝါရီ-၁၃
မတ်-၉

Hotline
09260792886
0973117724



TOYOTA SUPER PROMOTION
You still have time while stocks last.

PRADO
Retail Price US$ 113,000
Special Offer US$ 99,000

COROLLA
Retail Price US$ 31,000
Comes with US$ 2,000 Fuel voucher OR Accessories package
Special Offer

LAND CRUISER
Retail Price US$ 178,700
Special Offer US$ 154,400

CAMRY
Retail Price US$ 97,900
Special Offer US$ 69,999

Visit any of our dealers today to find out more.
*Terms and conditions apply

TOYOTA Aye and Sons
Toyota Brand New Car Showroom & Service Station
Open: Mon - Sat 9 AM - 6 PM
Close: Sunday and Public Holidays
No. 87 (A), Kaba Aye Pagoda Road, Bahan Township, Shwegondine P.O 11201, Yangon
Tel: (01) 400 950, (01) 502 206 E-mail: ayensons@ttasmyanmar.com.mm

TOYOTA MINGALAR
Toyota Brand New Car Showroom
Open: Mon - Sun 9 AM - 6 PM
No. 6 Bayintnaung Road, Ward (2), Hlaing Township Yangon
Tel: (01) 514940, (01) 514941 E-mail: info@mgmtoyota.com

www.toyota-myanmar.com

Together, Tomorrow, Toyota
TOYOTA



အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D GROUP

W.S.D Pile

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile,လုပ်ငန်းများဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊မြေညီထပ်၊၄၄လမ်း၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်။
Ph:01-381964, 09-73131288, 09-73150482, 09-977909888, 09-250499988
Off: Ph- 09-250 288811, FAX: 01-381964, Email: wsdmyanmar@gmail.com

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ငွေငွေဦး(ဟသ်ာတ)အထက(၂)**

**အသက်(၆၅)နှစ်**

ချစ်ခင်ပွန်းနှင့်သားသမီးမြေးများအပေါ် တာဝန်ကျေလွန်းတဲ့ မိခင်ကြီး ခွဲခွာသွားခဲ့တာ ၁၅-၁၀-၂၀၁၅ရက်တွင် တစ်နှစ်တိတိပြည့်ခဲ့ပါပြီ. .

မိခင်ကြီးအား ကျန်ရစ်သူ ချစ်ခင်ပွန်းနှင့်သားသမီးများမှ နေ့စဉ်အသက်ရှူတိုင်းသတိရ လွမ်းဆွတ်လျက်ပါ။ မေမေ့အတွက်နေ့စဉ်၊ လစဉ်နှင့်ယနေ့တစ်နှစ်ပြည့်တွင် လှူဒါန်းပူဇော်

ပြုလုပ်ရသော ကောင်းမှုကုသိုလ်အစုစုတို့ကို မေမေရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ. . . မေမေရေ.

မေငွေးရေ. . . . အမျှ. . . . အမျှ. . . . . အမျှ

**ချစ်ခင်ပွန်း-ဦးခင်မောင်ဝင်း(ခ)ဦးဘာဘာကြီး**
**မိခင်ကဲ့သို့ပူပင်သောကတွေနဲ့အချစ်ခံခဲ့ရတဲ့ကိုဝင်းနှင့်**
**သားသမီးမြေးများ**
**ကွဲဆည်ကန်(မန္တလေးမြို့)**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဒေါ်ငွေငွေဦး(ဟသ်ာတ)အထက(၂)**

**အသက်(၆၅)နှစ်**

၁၅-၁၀-၂၀၁၅ရက်တွင် သမီးကြီး ခွဲခွာသွားခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ပါ။သမီးကြီးအား ရည်စူး၍ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေလိုက်ပါတယ်။ မြင့်မြတ်ရာ ဘုံဘဝမှ သာဓု အနုမောဒနာခေါ်ဆိုနိုင်ပါစေလို့ ညီအစ်ကိုမောင်နှမ ဆွေမျိုးများက ဆုတောင်းလိုက်ပါတယ် မမငွေးရေ. .

**သတိရလွမ်းဆွတ်လျက်**
**ဖေဖေဦးစိန်ငွေး-မေမေဒေါ်သန်းဦး**
**ဦးအောင်လင်း-ဒေါ်အေးအေးသန်း**
**ဦးရဲငွေး(ခ)ဂျင်မီ-ဒေါ်သီတာဝင်းလွင်**
**ဦးမြတ်စိုး-ဒေါ်စန္ဒာငွေး**
**ဦးမြင့်ဦး(ခ)ဂျပန်-ဒေါ်နီလာငွေး**
**ကွဲဆည်ကန်(မန္တလေးမြို့)**

## နှစ်နှစ်ပြည့်အလွမ်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**


**ဒေါ်တင်အေးကြည်သန်း(K.T)**

**ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**(၁၉၆၄-၂၀၁၃)**

မိသားစုများနှင့် ၁၅-၁၀-၂၀၁၃ရက်က ဆောလျင်စွာ ထွက်ခွာသွားသော အေးအတွက်မောင်နှင့်သမီး၊ နှစ်ဖက်မိဘမောင်နှမများက နေ့စဉ်၊ လစဉ်၊ အခါအားလျော်စွာပြုခဲ့သမျှသော ကုသိုလ်အစုစုအတွက် မြတ်သောဘုံဘဝမှ ခံစားခံစားနိုင်ပါစေ အမျှ အမျှ အမျှ **"အေး"**ရေ

**လွမ်းဆွေးတမ်းတနှမြောစွာဖြင့်**
**မောင်(ကိုပေါက်)ဦးသန်းနိုင်**
**သမီးဆုနန္ဒီ**
**မေမေနှင့်နှစ်ဖက်မောင်နှမများ**



## လူပျောက်ကြော်ငြာ

ဒေါ်ရွှေ(ခ)ဒေါ်ခင်ရွှေ အသက်(၇၅)နှစ် (ဘ)ဦးကြီးမောင် အမှတ်(၁၇)၊ ရာဇာဓိရာဇ်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ကျန်းမာရေးမကောင်းသူသည် ၆-၁၀-၂၀၁၅ရက်နေ့ နံနက် ၈နာရီတွင် နေအိမ်မှ ထွက်သွားရာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန် - ကိုဘုန်းမြင့်**
**ဖုန်း - ၀၉-၂၆၀၇၁၅၂၅၉**

**အမည်ပြောင်း**

ဆီလီကွန်ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်း(B) တွင်ပညာသင်ကြားနေသော အဖဦးသူရထွန်း၏သား မောင်ဇေခန့်ဘုန်းအား မောင်လင်းခန့်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းခန့်ထွန်း**

## သင့်သွေးဖြင့်အသက်ကယ်ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

**ဒေါ်ကျင်စိန်(သနပ်ပင်)**

**အသက်(၁၀၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုနန္ဒာ(၄)လမ်း၊ အမှတ်(၅၅)နေ (ဦးစံခင်မား-ဒေါ်ကြင်မြိုင်)တို့၏ သမီး၊ (ဦးရွှေရီ-ဒေါ်ကြင်မြိုင်)တို့၏ ချွေးမ၊ (ဦးစိုးမောင်)၏ဇနီး၊ AUNG KYUNTHAR CO.,LTD လုပ်ငန်းစု၏ မိခင်ကြီး၊ ဦးစုလင်း-ဒေါ်ကျင်စိုး၊ ဦးမြင့်စိန်-ဒေါ်နုနု၊ ဒေါ်အေး၊ ဦးစိုးကြင်-ဒေါ်ခင်မမ၊ ဒေါ်ကြည်ကြည်အေး၊ ဦးအောင်သင်း-ဒေါ်စန်းစန်းအေး၊ Dr.မျိုးသန့်-Dr.ထွေးထွေးစန်းတို့၏ ချစ်လှစွာသော မိခင်၊ မြေး(၁၂)ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့)၊ မွန်းလွဲ ၁း၄၇နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့)၊ နံနက် ၁၀နာရီတွင် သင်္ဃန်းကျွန်းနေအိမ်မှ ရေဝေးဖူးကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၅ရက် (စနေ့နေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဆိုင်ခန်းငှားမည်

ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ မြေညီထပ်ပေ(၂၀×၆၀)ထပ်ခိုးပါ။ အခန်းပြင်ဆင်ပြီး ပိုင်ရှင်ကိုယ်တိုင်ငှားမည်။

**ဖုန်း-၀၉-၅၄၁၅၀၅၉**

## အထူးကျေးဇူးတင်ရှိခြင်း

၉-၁၀-၂၀၁၅ရက်(သောကြာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားသောမိသားစုများ၏ ချစ်လှစွာသောဖခင်ကြီး ဦးစောထွန်းကျော်လာ မကွယ်လွန်မီအထူးကြပ်မတ်ကုသပေးခဲ့သော 'ကွယ်ကဘော'ဆေးခန်းမှ ဆရာဝန်များ၊ဆရာမများနှင့် ဝန်ထမ်းများ၊ ကွယ်လွန်ပြီးနောက် ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းများဖြင့်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ပေးလျက် အလှူငွေအားဖြင့်သော်လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုသော်လည်းကောင်း မေတ္တာဖြင့်ပန်းခြင်းများပေးပို့သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာများ၊ တပည့်သားမြေးများအားလုံး၊ အသင်းတော်အသီးသီးမှ မေတ္တာပြလျက်လာရောက်ဝတ်ပြုပေးသူများအားလုံး၊ ဒေသနာဝေငှပေးသော ဆရာကြီး၊ ဆရာမကြီးများအားလုံး၊ ဈာပနအခမ်းအနားတွင်လာရောက် မေတ္တာပြုလျက် ရပ်ဝေးရပ်နီးမှ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းအပေါင်းအသင်းများအား လည်းကောင်း၊ ကွယ်လွန်သည့် နေ့မှစ၍ အစစအရာရာဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသောသူများ၊ လမ်းသူလမ်းသားများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**မေတ္တာဖြင့်ကျန်ရစ်သူမိသားစု**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ သီရိမြိုင်(၂)လမ်း၊ အိမ်အမှတ်(၅၂/C-၁) မြေညီထပ်နေ ဦးသက်အောင်[၁၂/လမန(နိုင်)၁၅၇၆၇၆]၊ ဒေါ်ညိုညိုသိန်း[၁၂/မဂတ(နိုင်)၀၃၃၉၉၃]တို့၏သမီးဖြစ်သူ မဆုဆုစန္ဒီအောင်(ခ)ဆုဆုသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိမိ၏ သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

**ဦးသက်အောင်-ဒေါ်ညိုညိုသိန်း**

## ဝန်ထမ်းအလိုရှိသည်

၁။ ကျွမ်းကျင်ဝန်ထမ်း (ရေ/မီး) ကျား(၁)ဦး

လျှောက်ထားလိုသူများသည် CV Form နှင့်တကွ ပင်လုံထိပ်ထားစံအိမ်အမှတ်(၇၂)၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့် ကမာရွတ်မြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**Ph-09-252893464, 09-33390356**

UNITED NATIONS DEVELOPMENT PROGRAMME

**Vacancy Announcement – 041/UNDP HR/2015**

Empowered lives
Resilient nations

**Title:** **(Local Security Assistant),UNDSS** Grade: **GS6**

**Duty Station:** Yangon, Under the overall guidance and supervision of the Chief Security Adviser (CSA), Security Adviser (SA) or the Field Security Coordination Officer (FSCO), the Local Security Assistant assists in the implementation of security operations and all matters relating to the management of safety and security for UN personnel in the country or in the region of assignment.

**Qualifications and experience:** Secondary education. University Degree desirable, but it is not a requirement. 6 years experiences in security, preferably in the military or police context or related field of work. Prior experience with the UN system or an international NGO is desirable. Fluency in English and Myanmar Languages Knowledge of HF and VHF radio operation; Experience in diplomatic security, protection and intelligence considered an asset; Knowledge of host country safety codes. Solid computers skills (MS Word, Excel, Access and PowerPoint); Possession of a valid driver's license. Ability to travel .Physically fit.

**Dead line: 8 November 2015 To apply online;**
**https://jobs.undp.org/cj_view_job.cfm?cur_job_id=60564**

## LOGO တံဆိပ်အမည်အမှတ်အသားများကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း၊ အမှတ်(၉)တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်ထားသည့် ဂျေအိုင်အင်(န်)ဒတ်စရိစ်မြန်မာကုမ္ပဏီလီမိတက်၊ ဂျိုင်းယန့်(စ်)အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် ပီတိကုမ္ပဏီလီမိတက်တို့က အောက်ပါ Logo တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ပါမှတ်ပုံတင်အမှတ်များဖြင့် မူပိုင်အဖြစ်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

(၄/၁၁၈၈၅) (၄/၁၁၈၈၆) (၄/၁၁၈၈၇)

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော **"JI"** အမှတ်တံဆိပ်ဖြင့် Mechanical & Electrical Engineering Oil & Gas ဖြန့်ဖြူးရောင်းချခြင်း၊ Foundation Piling လုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများ၊ Heavy Equipment စက်ကြီးများငှားရမ်းခြင်းလုပ်ငန်းများတွင်လည်းကောင်း၊ **"DELIGHT"** အမှတ်တံဆိပ်ဖြင့် လေမှုတ်စက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်များတင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများတွင်လည်းကောင်း၊ ဒီဇိုင်းပုံစံအရွယ်အစားအမျိုးမျိုးဖြင့် ကပ်နှိပ်၍ဖြစ်စေ၊ အသားတံဆိပ်ရိုက်နှိပ်၍ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိပါသည်။ ၎င်း Logo အမည်အမှတ်တံဆိပ်နှင့် ဒီဇိုင်းများကို ဆင်တူယိုးမှားသော်လည်းကောင်း၊ ပုံစံတူထင်ယောင်ထင်မှားသော်လည်းကောင်း၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုအပပြုလုပ်၍အသုံးပြုခြင်း လုံးဝမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။ တုပသုံးစွဲသူများကို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မင်း(B.A.,D.A,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၁၈)**
**အမှတ်-၆၂၊ ပထမထပ်၊ အခန်း(၃)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၅၆၅၃၂**

## ကန့်ကွက်နိုင်ပါသည်

"ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆၂)၊ မဟာဗန္ဓုလလမ်းနှင့် တာဝတိံသာလမ်းထောင့်ရှိ ဆော်လမွန် မြန်မာကုမ္ပဏီပိုင် အဆောက်အအုံဖြစ်သည့် မဟာဗန္ဓုလအိမ်ရာ Complex (၄)ခန်းတွဲ (၈)ထပ်တိုက်၊ တိုက်(A)အခန်းအမှတ်(၅၀၃)၏ ပဉ္စမထပ်၊ အကျယ်အဝန်း (၁၅၂၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်များအားလုံး"

အထက်ပါတိုက်ခန်းကို အိုးအိမ်ဦးစီးဌာနတွင် ဦးကျော်လင်း (L.O.P Co.,Ltd. M.D)[၁၂/ပဇတ(နိုင်)၀၀၁၄၇၉]အမည်ပေါက်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမျိုးဝင်း [၁၂/ပဘတ(နိုင်)၀၂၄၇၈၈]နှင့် ဦးစံဝင်း[၁၂/ပဘတ(နိုင်)၀၂၄၈၀၀]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးမြင့်သန်း(LL.B)** | **ဒေါ်သဇင်အေး(LL.B)** | **ဒေါ်သက်ထားဆွိ(LL.B)** | **ဒေါ်သီရိလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| (စဉ်-၆၉၆၃) | (စဉ်-၈၃၃၂) | (စဉ်-၄၂၈၉၉) | (စဉ်-၃၉၅၉၀) |

**ဇလပ်ပွင့်အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ**

**ရုံးချုပ်-အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်း။ ဖုန်း-၀၉-၉၇၇၉၀၁၅၀၁၊ ၀၉ ၉၇၇၉၀၁၅၀၂**
**ရုံးခွဲ(၁)-အမှတ်(၈၉၈)၊ ပင်လုံလမ်းမ၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။ ဖုန်း-၀၉-၉၇၇၉၀၁၅၀၃**

Hot Line No-0930500100



သတင်း ဆောင်းပါး - မင်းသစ်
ဓာတ်ပုံ - နေလင်း(သတင်းစဉ်)

မြိတ်မြို့တစ်ဖက်ကမ်း ကျွန်းစုပေါ်ရှိ တန် ၁၀၀၀ အအေးခန်းစက်ရုံမှ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

# မူလဘူတရေလုပ်ငန်းအပြင် ပြည်ပခရီးသွားများကိုပါဆွဲဆောင်ရာ မြိတ်ဒေသ

**ရန်ကုန် အောက်တိုဘာ ၁၄**

မြိတ်မြို့နှင့် ကျွန်းစုမြို့နယ်အကြားရှိ ရှိနေသည့် မြစ်ရေပြင်ပေါ်၌ ရာဂဏန်းကျော်ရှိသော ကင်းမွန်စက်လှေများ၊ ငါး၊ ပုစွန်၊ ကဏန်းဖမ်းစက်လှေကြီးများပေါ်တွင် ညအမှောင်ကို ဖောက်ထွင်းကာ ထွန်းညှိထားသည့် မီးရောင်များက မြစ်ရေပြင်ပေါ် ဖြာဆင်းလျက်ရှိသည်။

အဆိုပါစက်လှေများသည် မြန်မာ့ပင်လယ်ပြင်မှ ထွက်ရှိသည့် ငါး၊ ပုစွန်၊ ကဏန်းများကို ပြည်တွင်းစားသုံးမှုသာမက ပြည်ပဝင်ငွေအတွက်ကိုပါ ရှာဖွေပေးလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် လွှတ်တော် Channel တို့မှ နံနက် ၈ နာရီခွဲမှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အွန်လိုင်းမှတစ်ဆင့် ဆေးဝါးရောင်းချမှု ဆေးဆိုင်များနှင့် ဆေးဝါးဖော်စပ်သူများ ကန့်ကွက်

စာမျက်နှာ » ၄

## အာဆင်နယ်ကို အနိုင်ရတာလောက် ကောင်းမွန်သော ခံစားချက်မရှိလို့ဆိုတဲ့ ဆမ်အလာဒိုက်စ်

စာမျက်နှာ » ၁၃

# ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒို ဥရောပရွှေဖိနပ်ဆု လေးကြိမ်မြောက်ဆွတ်ခူး

**နိုင်လင်းကြည်**

**စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် သွင်းဂိုး ၄၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့မှုနှင့်အတူ ဥရောပ၏ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့ခြင်းကြောင့် ဥရောပရွှေဖိနပ်ဆုကို လေးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။**

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် အဆိုပါဥရောပရွှေဖိနပ်ဆုအား ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် မန်စီးတီးတိုက်စစ်မှူး အဂူရိုတို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက တိုက်စစ်မှူး မက်ဆီမှာ သွင်းဂိုး ၄၃ ဂိုးနှင့် တိုက်စစ်မှူး အဂူရိုမှာ သွင်းဂိုး ၂၆ ဂိုးတို့သာလျှင် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းအတွက် လာလီဂါပွဲပေါင်း ၃၅ ပွဲတွင် သွင်းဂိုး ၄၈ ဂိုးသွင်းယူနိုင်ခဲ့ကာ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ တတိယအကြိမ်မြောက်ရရှိခဲ့သည့် ဥရောပရွှေဖိနပ်ဆုလည်း ဖြစ်သည်။ စီရိုနယ်လ်ဒိုသည် မန်ယူအသင်းတွင်ကစားခဲ့သည့် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီကလည်း ဥရောပရွှေဖိနပ်ဆုကို တစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။

လက်ရှိတွင် ဥရောပရွှေဖိနပ်ဆုအား လေးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားမှာ စီရိုနယ်လ်ဒိုတစ်ဦးတည်းသာရှိသေးသည်။ သုံးကြိမ်ဆွတ်ခူးထားခဲ့သည့် ကစားသမားမှာ ဘာစီလိုနာအသင်းမှ တိုက်စစ်မှူး လီယွန်နယ်မက်ဆီဖြစ်ပြီး နှစ်ကြိမ်ဆွတ်ခူးထားခဲ့သည့်ကစားသမားများမှာ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဂတ်မူလာ၊ ဒိုင်နမို ဘူချာရက်တိုက်စစ်မှူး ဂျော့စကူးနှင့် ပေါ်တိုတိုက်စစ်မှူး ဖာနန်ဒိုဂိုမက်တို့ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့








themirror.npt@gmail.com
www.facebook.com/themirrordaily

# ၆-၁၀-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၄)နှင့် ၁၀-၁၀-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ(ဂ)ပါ ဒေါ်မီမီမြင့်ဖူး[၁၂/မရက(နိုင်)၁၂၆၃၂၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးဝင်းစိန်(စဉ်-၁၃၃၅)၊ ဒေါ်အိမွန်ခိုင်(စဉ်-၉၃၅၃)တို့၏ အများသိစေရန် ကြေညာချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းကြေညာချက်

ဦးလှမြင့်ဖူး[၁၂/ရကန(နိုင်)၁၂၅၇၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ထည့်သွင်းကြေညာခဲ့သည့် ၉-၇-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ(ဆ)ပါ ကြေညာချက်၊ ၂-၈-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(၂၉)ပါကြေညာချက်၊ ၄-၈-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၃၀)ပါ ကြေညာချက်၊ ၂၅-၈-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ပါ ကြေညာချက်၊ ၂၅-၈-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၃)ပါ ကြေညာချက်တို့ကို ထပ်မံစွဲမြဲအတည်ပြု၍ ရှင်းလင်းကြေညာအပ်ပါသည်။

ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးလျှောက်ထားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာစိစစ်ရေးအဖွဲ့၏ ၁၆-၉-၂၀၁၃ရက်စွဲပါစာအမှတ်-၂၀၀/၂-၁၄၃/ရေး-၃(၉၃၆)အကြောင်းကြားစာဖြင့် ဦးလှမြင့်ဖူးနှင့်ဒေါ်မီမီမြင့်ဖူးတို့ထံ အမှတ်(၉)နှင့် (၉/က)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ် မြေကွက်ကြီးမှာ ၁၉၈၇ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့်အကျုံးမဝင်ကြောင်း အကြောင်းကြားခဲ့သဖြင့် ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့က အဆိုပါပြည်ထဲရေးဝန်ကြီးဌာန၏စာအပေါ်အခြေပြု၍ နှစ်ဦးပူးတွဲ ပိုင်ဆိုင်ကြောင်း မြေပုံမြေရာဇဝင်ကူးယူခြင်း၊ နှစ်ဦးပူးတွဲပိုင်ဆိုင်ကြောင်းစာချုပ်မှတ်ပုံတင်အမှတ်-၂၉၄၃/၂၀၁၄နှင့် နှစ်ဦးပူးတွဲပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ်-၇၃၀၄/၂၀၁၄တို့ကို ချုပ်ဆိုမှတ်ပုံတင်ခြင်း၊ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဦးအမည်ပေါက်ပြောင်းလဲခြင်းတို့ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။

၁။ နှစ်ဦးပူးတွဲအမည်ပေါက် ပိုင်ဆိုင်သည့်မြေကွက်အား ဒေါ်မီမီမြင့်ဖူးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **တစ်ဖက်သတ်** မြေကွက်ခွဲမြေတိုင်းလျှောက်ထားခဲ့ခြင်း။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ အမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းထုတ်ယူရရှိသည့်နေ့က **ထုတ်ယူရရှိပြီး ချက်ချင်းပင် အဆိုပါနှစ်ဦးပူးတွဲအမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၂၉၄၃/၂၀၁၄ စာချုပ်မူရင်းတို့ကို နှစ်ဦးမျက်နှာစုံညီ မြဝတီဘဏ်ရုံးချုပ်၊ Bank Locker တွင် ထားရှိအပ်နှံခဲ့ခြင်း။**

၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနက အမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းအား ဒေါ်မီမီမြင့်ဖူးသို့ မိတ္တူမှန်ထုတ်ပေးခဲ့ခြင်းရှိ/မရှိ ဦးလှမြင့်ဖူးကိုယ်တိုင် ၁၇-၈-၂၀၁၅ရက်တွင် လက်ထောက်ဌာနမှူးထံတွေ့ဆုံ၍လည်းကောင်း၊ ဒေါ်မီမီမြင့်ဖူး၏သတင်းစာကြေညာချက်ပါရှိသည့် ၆-၁၀-၂၀၁၅ရက်တွင် ဌာနခွဲမှူးထံတွေ့ဆုံ၍လည်းကောင်း စုံစမ်းမေးမြန်းခဲ့ရာတွင် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်မီမီမြင့်ဖူးအား **အမည်ပေါက်လွှဲပြောင်းခြင်း မှတ်တမ်းမိတ္တူမှန် ထုတ်ပေးခဲ့ခြင်းမရှိကြောင်း သိရှိခဲ့ရခြင်း။**

၄။ ထိုကဲ့သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနက **နှစ်ဦးပူးတွဲ အမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းထုတ်ယူသည့်နေ့က ဌာနရှေ့မှောက်တွင် မူရင်းတစ်စောင်သာ ရရှိခဲ့ခြင်းဖြစ်၍ မိတ္တူမှန်မရှိခဲ့ခြင်း၊** ထိုကဲ့သို့ နှစ်ဦးအမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၂၉၄၃/၂၀၁၄စာချုပ်မူရင်းတို့ မြဝတီဘဏ်ရုံးချုပ် Bank Locker တွင် အပ်နှံထားရှိသဖြင့် **မြေပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့် တိုက်ဆိုင်စစ်ဆေးမှုမရှိပါဘဲလျက်** ဒေါ်မီမီမြင့်ဖူးက တစ်ဖက်သတ်မြေကွက်ခွဲ မြေတိုင်းလျှောက်ထားရယူခဲ့ခြင်း။

၅။ နှစ်ဦးပူးတွဲအမည်ပေါက်ပြီးမှ ဒေါ်မီမီမြင့်ဖူးက တစ်ဖက်သတ်မြေကွက်ခွဲမြေတိုင်းလျှောက်ထားခဲ့ခြင်းအပေါ် ဌာနက နှစ်ဦးပူးတွဲအမည်ပေါက်ပြီးနောက် မျက်နှာစုံညီကွင်းဆင်းတိုင်းတာခဲ့ခြင်း၊ ပူးတွဲပိုင်ရှင်ဦးလှမြင့်ဖူးအား ကန့်ကွက်ရန်ရှိ/မရှိ သဘောထားမှတ်ချက် လက်မှတ်တောင်းခံရယူခဲ့ခြင်း၊ အသိပေးခဲ့ခြင်းမရှိပါဘဲလျက် ဒေါ်မီမီမြင့်ဖူးတစ်ဦးတည်းသဘောဖြင့် တစ်ဖက်သတ်မြေကွက်ခွဲစိတ်ခဲ့ခြင်း၊

၆။ တရားမအထူးအယူခံမှုအမှတ်-၅၃/၂၀၀၃ကို ၁၉-၁၂-၂၀၀၃ရက်တွင် စီရင်ချက်ချမှတ်ခဲ့ပြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်-၉ နှင့် အမှတ်-၉/ကဟုခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့် သက်ဆိုင်သည့် နှစ်ဖက်သဘောတူ ကတိစာချုပ်ကို ဦးလှမြင့်ဖူးနှင့်ဒေါ်မီမီမြင့်ဖူးတို့ ၂၉-၁၀-၂၀၀၄ရက်တွင် ချုပ်ဆိုခဲ့ခြင်းဖြစ်၍ တရားမအထူးအယူခံမှုအမှတ်-၅၃/၂၀၀၃အား စီရင်ချက်ချမှတ်ခဲ့ပြီး (၁၀လနှင့် ၁၀ရက်)ကြာမြင့်ပြီးနောက် ၂၉-၁၀-၂၀၀၄ရက်တွင်မှ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဖက်သဘောတူ ကတိစာချုပ်ကို ချုပ်ဆိုခဲ့ခြင်း၊

၇။ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ချုပ်ဆိုခဲ့သည့် ၂၉-၁၀-၂၀၀၄ရက် နှစ်ဖက်သဘောတူကတိစာချုပ်တွင် စာချုပ်၏ရည်ရွယ်ချက် အနှစ်သာရအဖြစ်

**အပိုဒ်(၅)။** ။အထက်ပါ **ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၉)နှင့် အမှတ်(၉/က)ဟုခေါ်တွင်သော မြေကွက်နှစ်ကွက်နှင့် ၎င်းမြေကွက်နှစ်ကွက်ပေါ်ရှိ အဆောက်အအုံနှစ်ခုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် ညီတူညီမျှ ထက်ဝက်စီအကျိုးခံစားခွင့်ရှိကြကြောင်း နှစ်ဖက်စလုံးမှ ထုတ်ဖော်ဝန်ခံကြပါသည်။**

**အပိုဒ်(၆)။** ။နှစ်ဖက်သဘောတူညီချက်အရ ဆရာစံလမ်း၊ **အမှတ်(၉)နှင့် (၉/က)မြေကွက်တို့ကို အကျယ်အဝန်းတိုင်းတာရာတွင် အမှတ်(၉/က)မှာ အကျယ်အဝန်းလျော့နည်းနေ၍ အမှတ်(၉)မြေကွက် အကျယ်အဝန်းမှာ ထက်ဝက်စီအကျယ်အဝန်းထက် (၃၇၀၉)စတုရန်းပေ ပိုမိုနေကြောင်း** တွေ့ရှိရပါသည်။

**အပိုဒ်(၉)။** ။အကယ်၍ ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် ဆရာစံလမ်း၊ အမှတ်(၉)နှင့် အမှတ်(၉/က)ဟုခေါ်တွင်သော မြေကွက်နှစ်ကွက်လုံးကိုပေါင်း၍ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းရောင်းချရန်ဆန္ဒတူညီပါက နှစ်ဖက်သဘောတူလက်ခံသည့် အရောင်းတန်ဖိုးဖြင့် လွှဲပြောင်းရောင်းချရန်နှင့် **ရရှိသည့်ငွေများကို နှစ်ဖက်ညီတူညီမျှထက်ဝက်စီရယူခံစားကြရန် နှစ်ဖက်စလုံးမှ ထုတ်ဖော်ဝန်ခံပါသည်။**

**အပိုဒ်(၁၀)။** ။အကယ်၍ ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် ဆရာစံလမ်း၊ အမှတ်(၉)နှင့် အမှတ်(၉/က)ဟုခေါ်တွင်သော မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ မြေငှားဂရန်စာချုပ်ရရှိရေးနှင့် **ပထမတစ်ဖက်နှင့် (ပထမအပိုဒ်) ဒုတိယတစ်ဖက်တို့၏ အမည်ဖြင့် တရားဝင်အမည်ပေါက် ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်အဝဝကို ထက်ဝက်စီကျခံရန် သဘောတူကြပါသည်။**

ဟု ဖော်ပြချုပ်ဆိုခဲ့ကြခြင်းဖြစ်၍ ၂၉-၁၀-၂၀၀၄ရက် နှစ်ဖက်သဘောတူကတိစာချုပ်၏ **အနှစ်သာရအမှန်မှာ** အဆိုပါ အမှတ်(၉)နှင့် (၉/က) ဟုခေါ်တွင်သော မြေကွက်နှစ်ကွက်နှင့် ၎င်းမြေကွက်နှစ်ကွက်ပေါ်ရှိ အဆောက်အအုံနှစ်ခုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ **ညီတူညီမျှ ထက်ဝက်စီအကျိုးခံစားခွင့်ရှိခြင်း**ပင်ဖြစ်ကြောင်း အခိုင်အမာပေါ်ပေါက်လျက်ရှိခြင်း။

၈။ ဒေါ်မီမီမြင့်ဖူးက **ပူးတွဲအမည်ပေါက်ပိုင်ရှင် ဦးလှမြင့်ဖူးအား အသိမပေး၊ မူရင်းများတိုက်ဆိုင်စစ်ဆေးရမှုမရှိဘဲ တစ်ဖက်သတ်မြေကွက် ခွဲစိတ်လျှောက်ထားခဲ့ပြီး အဆိုပါမြေကွက်အား နှစ်ဦးပူးတွဲအမည်ပေါက်ပြီးနောက် မျက်နှာစုံညီ ကွင်းဆင်းတိုင်းတာမှုမရှိပါဘဲလျက်** ဒေါ်မီမီမြင့်ဖူးက (၀. ၃၂၃)ဧကဟုလည်းကောင်း၊ ဦးလှမြင့်ဖူးက(၀. ၁၃၁)ဧကဟုလည်းကောင်း **ညီတူညီမျှ ထက်ဝက်စီမဟုတ်သော ခွဲစိတ်မှုဖြင့် ဒေါ်မီမီမြင့်ဖူးက ခွဲစိတ်ခဲ့ခြင်းကပင်လျှင်** အဆိုပါ အမှတ်-၉/၉(က)၊ ဆရာစံလမ်းဟုခေါ်တွင်သော မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့်စပ်လျဉ်း၍ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ချုပ်ဆိုထားသော **၂၉-၁၀-၂၀၀၄ရက် နှစ်ဖက်သဘောတူကတိစာချုပ်ပါ စည်းကမ်းချက်များကို မလိုက်နာဘဲ ပဋိညာဉ် ဖောက်ဖျက်ခဲ့သူမှာ ဒေါ်မီမီမြင့်ဖူးသာဖြစ်ခြင်း။**

၉။ ယင်း ၂၉-၁၀-၂၀၀၄ရက် စာချုပ်ချုပ်ဆိုပြီးနောက် (၁၀)နှစ်နီးပါးကြာမြင့်ပြီးမှ ပြည်ထဲရေးဝန်ကြီးဌာန၏ အကြောင်းကြားစာအပေါ်အခြေပြု၍ ဦးလှမြင့်ဖူးနှင့်ဒေါ်မီမီမြင့်ဖူးတို့က နှစ်ဦးပူးတွဲအမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၂၉၄၃/၂၀၁၄နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာအမှတ်-၇၃၀၄/၂၀၁၄ကို ၉-၆-၂၀၁၄ရက်တွင် ချုပ်ဆိုမှတ်ပုံတင်ခဲ့ပြီးမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ၁၈-၉-၂၀၁၄ရက်တွင် ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဦးပူးတွဲအမည်ပေါက်ရရှိခဲ့ခြင်း၊

၁၀။ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဦးပူးတွဲအမည်ပေါက်ရရှိခဲ့ပြီးနောက် ဒေါ်မီမီမြင့်ဖူးက ဦးလှမြင့်ဖူးအား အသိမပေးဘဲ ဦးလှမြင့်ဖူး ရပိုင်ခွင့်ရှိသည့် (၃၇၀၉)စတုရန်းပေပါရှိသည့် အမှတ်(၉)အပိုင်းကို မြေကွက်ခွဲမြေတိုင်းလျှောက်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ၁၄-၁၁-၂၀၁၄ရက်ထုတ် မြို့တော်သတင်းစာ၊ ၁၇-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ၁၉-၁၁-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာများတွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါရှိသည့်အခါတွင်မှ ဦးလှမြင့်ဖူးက သိရှိခဲ့ရသဖြင့် **၂၁-၁၁-၂၀၁၄ရက်တွင် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးထံ အထောက်အထားစာရွက်စာတမ်းများ ပြည့်ပြည့်စုံစုံတင်ပြ၍ ကန့်ကွက်ခဲ့သည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ဌာနမှူးရုံးခန်းတွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၆-၁၂-၂၀၁၄ရက် အစည်းအဝေးတွင် ဦးလှမြင့်ဖူးက မိမိရပိုင်ခွင့်ရှိသည့် (၃၇၀၉)စတုရန်းပေပါရှိနေသော အမှတ်(၉)တည်ရာအပိုင်းကို ဒေါ်မီမီမြင့်ဖူး၏တစ်ဖက်သတ်သဘောဖြင့် ဦးလှမြင့်ဖူးသဘောမတူဘဲ ခွဲစိတ်ခွင့်မပြုပါရန်** စာရွက်စာတမ်းအထောက်အထားများ ခိုင်ခိုင်မာမာတင်ပြ၍ ဌာနမှူးနှင့်တာဝန်ရှိသူများရှေ့မှောက်တွင် ထပ်မံတင်ပြပြောဆို ကန့်ကွက်ခဲ့ခြင်း။

၁၁။ ထိုသို့ ဦးလှမြင့်ဖူးက အကြိမ်ကြိမ်ကန့်ကွက်နေသည့်ကြားမှ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနက ဒေါ်မီမီမြင့်ဖူး၏ တစ်ဖက်သတ်မြေကွက်ခွဲစိတ်မှုကို ထက်ဝက် မဟုတ်သော ခွဲစိတ်မှုဖြင့် ဦးလှမြင့်ဖူး ရခွင့်ရှိသည့် မြေ(၃၇၀၉)စတုရန်းပေပါဝင်သည့် အမှတ်(၉)အပိုင်းကို ခွဲစိတ်ပြီးဖြစ်ကြောင်း** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၂၉-၄-၂၀၁၅ ရက်စွဲပါစာအမှတ်-ရကစ/မြို့ပြ-မြေစီမံ-၂၀၁၅(၇၅၇၉)အရ သိရှိခဲ့ရခြင်း၊

တို့အတွက် ဦးလှမြင့်ဖူးက **ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၁၆(က)(၂)အရ အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ပေးပါရန် တရားမအထွေထွေ လျှောက်ထားလွှာအမှတ်-၈၂/၂၀၁၅ဖြင့် လျှောက်ထားခဲ့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၁၇-၉-၂၀၁၅ရက်တွင် ကနဦးအမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။**

သို့ပါ၍ ဦးလှမြင့်ဖူးအနေဖြင့် မိမိရပိုင်ခွင့်ရှိသည့် မြေ(၃၇၀၉)စတုရန်းပေပိုမိုပါရှိသော မြေအပါအဝင် **တစ်ဖက်သတ်ခွဲစိတ်ခြင်းခံရမှုအတွက် ဥပဒေရေးရာအခွင့်အရေးများ ထိခိုက်နစ်နာဆုံးရှုံးရပါသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ကိုခံယူရန်** လျှောက်ထားဆောင်ရွက်လျက်ရှိပါကြောင်း အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးလှမြင့်ဖူး[၁၂/ရကန(နိုင်)၀၂၅၇၂၁]၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်လှလှလွင်(စဉ်-၅၇၇၃)** | **ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)** | **ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)** |
| **ဒေါ်လွင်မာ(စဉ်-၈၉၀၉)** | **ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)** | **ဒေါ်ဆုမွန်ထက်(စဉ်-၄၁၆၀၁)** |
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်-၅၅၊ (ဒုတိယထပ်)၊ အခန်း(၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

